## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် အမျိုးသားလွှတ်တော်တတိယပုံမှန်အစည်းအဝေး

## (၁၂) ရက်မြောက်နေ့ အစည်းအဝေးမှတ်တမ်း

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၉ ရက် )

[ သောကြာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်း မော် ၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ် သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော်တ တိယပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၇)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၂)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၈.၄၈) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ် ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့ အရ အစည်းအဝေးအထမြောက် ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က) နဲ့ (ဂ) တို့အရ အစည်း အဝေး စတင်ကျင်းပကြောင်း ကြေညာပါ တယ်။ (သြဘာသံများ)

# အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြ ခြင်း

**အချိန်။ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်း ဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးရဲ့ (၁၂) ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော်ကိုယ်စားလှယ်

တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြား ရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။ အချိန်ကို ငဲ့ညှာတဲ့အနေနဲ့ ခွင့်ပန်ကြားချက်အားလုံးပြီး တဲ့အခါမှာ လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။

**ဥက္ကဋ္ဌ**။ ။ ဦးမနားနိုင်း တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမနားနိုင်း ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမနားနိုင်း ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဟာရှိန်းဘွေ ကိုယ်စား ခွင့်ပန်ကြားခြင်း ဖြစ်ပါတယ်။ ဦးဟာရှိန်းဘွေ ဟာ မိမိကိုယ်တိုင် ဆောင်ရွက်ရန် ကိစ္စရှိနေပါသဖြင့် ယနေ့ ၉-၃-၂၀၁၂ ရက်အား ခွင့် ၁ ရက် ထပ်မံသတ်မှတ် ပေးနိုင်ပါရန် လေးစားစွာ တင်ပြတောင်းခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဦးစောမြဝင်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးစောမြဝင်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမြဝင်း ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆလိုင်း ခွဲယန် ၏ကိုယ်စား ခွင့်ပ န်ကြားခြင်း ဖြစ်ပါတယ်။ ဦးဆလိုင်းခွဲယန် သည် အအေးမိဖျားနေပါသဖြင့် ၉-၃-၂၀၁၂ ရက်နေ့ကို ခွင့် ၁ ရက် သတ်မှတ်ပေးနိုင်ပါရန် ယင်း၏ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဦးထွန်းမြင့် စစ်ကိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးထွန်းမြင့် ၊စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)** ။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး

မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင့်၏ ကိုယ်စား ခွင့်ပန်ကြားမှာ ဖြစ်ပါတယ်။ ဦးဝင်းတင့်ဟာ မိသားစုကိစ္စဆောင်ရွက်ရန်ရှိပါ၍ ယနေ့ ၉-၃-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ချစ်လွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၁) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးအောင်ချစ်လွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင် ဟာ အစာအိမ်ဝေဒနာ မပျောက်သေးပါသဖြင့် ၉-၃-၂၀၁၂ ရက်နေ့ တစ်ရက်ကို ခွင့် ၁ ရက်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် ဦးသိန်းလှိုင် ၏ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအောင်ချစ်လွင် က လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ဦးမောင်စိန် တနင်္သာရီတိုင်းဒေသကြီး က တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမောင်စိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မှ အ မျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်စိန် ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှစိုး ၏ကိုယ်စား ခွင့်ပန်ကြားခြင်း ဖြစ်ပါတယ်။ ဦးလှစိုး သည် ကိုယ်တိုင် ဆောင်ရွက်ရမည့် ကိစ္စရှိပါသဖြင့် ၉-၃-၂၀၁၂ ရက်နေ့ ၁ ရက်အား ခွင့်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ဦးအောင်ချိုဦး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁) ။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း သည် နေမကောင်းဖြစ်နေပါ၍ အဆောင်မှာ အနားယူရမှာ ဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ၉-၃-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် ဦးစောမော်ထွန်း ကိုယ်စား ကျွန်တော် ပဲခူးတိုင်းဒေသကြီး မဲဆ နွနယ် အမှတ်(၁၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချိုဦး က ခွင့်ပန်ကြားအပ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ဦးထွန်းဇော်(ခ) ကိုပေါက် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးထွန်းဇော်(ခ) ကိုပေါက်၊ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) ။** ။လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဖိုးဇော် ဟာ ကိုယ်တိုင် ဆောင်ရွက်ရမည့်ကိစ္စများရှိနေပါသဖြင့် ၉-၃-၂၀၁၂ ရက်နေ့အား ခွင့်(၁)ရက်အဖြစ် သတ်မှတ် ပေးနိုင်ပါရန် ယင်း၏ ကိုယ်စား ကျွန်တော် ဦးထွန်းဇော် မှ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ဦးခင်မောင်လေး တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မြင့် သည် နေမကောင်းပါသဖြင့် ဒီနေ့ (၁)ရက်အား ခွင့်အ ဖြစ် သတ်မှတ်ပေးနိုင်ပါရန် ယင်း၏ကိုယ်စား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါက် တာခင်မောင်လေး က ပန်ကြားအပ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ဦးတင်မောင်ဝင်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးတင်မောင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင် ဟာ ဒူးဆစ်နာရောဂါ မပျောက်သေးပါသဖြင့် ၉-၃-၂၀၁၂ ရက်နေ့ ၁ ရက်ကိုခွင့်အဖြစ်သတ်မှတ်ပေးပါရန်ယင်း၏ကိုယ်စား မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ကျွန်တော် ဦးတင်မောင်ဝင်း မှ လေးစားစွာ ခွင့်ပန်ကြား အပ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ဦးအေး တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးအေး၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမှတ်ကြီး သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ၉-၃-၂၀၁၂ ရက်နေ့ ၁ ရက်အား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်း၏ကိုယ်စား မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေး မှ ခွင့် ပန်ကြား အပ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ဦးငွေမောင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးငွေမောင်၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ငွေ သည် အစာအိမ်ရောဂါဖြင့် ဆေးရုံတက် နေရပါသဖြင့် ၉-၃-၂၀၁၂ ရက်နေ့ ၁ ရက်အား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်း၏

ကိုယ်စား မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးငွေးမောင် မှ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ဦးစိုင်းဝင်းမောင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးစိုင်းဝင်းမောင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း သည် မိမိကိုယ်ရေးကိုယ်တာ ဆောင်ရွက် ရန်ကိစ္စများ ရှိပါသဖြင့် ယနေ့ ၉-၃-၂၀၁၂ ရက်နေ့ကို ခွင့် ၁ ရက်အဖြစ် သတ်မှတ်ပေးပါရန် ယင်း၏ ကိုယ်စား ကျွန်တော် ဦးစိုင်းဝင်းမောင် မှ လေးစားစွာ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ဒေါက်တာစိုင်းဆိုင်ကျော်ဆမ် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝီလ်ဆင်မိုး သည် ကိုယ်တိုင် ဆောင်ရွက်ရန်ကိစ္စများ မပြီးပြတ်သေးပါသဖြင့် ယနေ့ ၉-၃-၂၀၁၂ ရက်နေ့အား ခွင့် (၁)ရက်အဖြစ် သတ်မှတ်ပေးနိုင် ပါရန် ယင်း၏ ကိုယ်စား ကျွန်တော် ဦးစိုင်းဆိုင်ကျော်ဆမ် မှ လေးစားစွာ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ဦးစိုင်းသန့်ဇင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်

မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း ထွန်း သည် အရေးကြီး ကိစ္စတစ်ခုအတွက် ခရီးထွ က်သွားရပါသဖြင့် ယနေ့ကျင်းပတဲ့ အစည်းအဝေးကို မတက်ရောက် နိုင်ခြင်းအတွက် ခွင့် ၁ ရက် သတ်မှတ်ပေးပါရန် ဦးနေဝင်းထွန်း ၏ကိုယ်စား ခွင့်ပန်ကြားအပ် ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ဦးဉာဏ်လင်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဟန်လင်း ဟာ မကျန်းမာပါသဖြင့် ယနေ့ ၉-၃-၂၀၁၂ ရက်နေ့ ၁ ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်း၏ကိုယ်စား ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဉာဏ်လင်း က လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ခွင့်ပန်ကြား ချက်များကို လွှတ်တော်ရဲ့ သဘောဆန္ဒရယူပါမယ်။ ခွင့်ပန်ကြား ချက်များကို ခွင့်ပြုဖို့ လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှ တ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၇)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦး၊ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၅)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၂၅)ဦး ဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ် တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အ ခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက မေးမြန်းသည့် မေးခွန်းများသည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာန၊ ပြည်ထောင်စု ဝန်ကြီး တစ်ဦးတည်း က ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## မြန်မာ့စီးပွားရေးဘဏ်ခွဲများ၌ ကွန်ပျူတာစနစ်အသုံးပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးခင်မောင်ရီ က မြန်မာ့စီးပွားရေးဘဏ်ခွဲများ၌ ကွန်ပျူတာစနစ်အသုံးပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးခင်မောင်ရီ ၊ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို လေးစားစွာ ကျွန်တော် ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကို ဒီနေ့မေးမြန်းခွင့်ပြုထားတဲ့ မေးခွန်းကတော့ ဘဏ်လုပ်ငန်းနဲ့ ပတ်သက်ပြီး မြန်မာ့စီးပွားရေးဘဏ်များရဲ့ လုပ်ငန်းတွေ သွက်လက်လျင်မြန် ထိရောက်ရေးနဲ့ပတ်သက်ပြီး မေးမြန်းမယ့် မေးခွန်းဖြစ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းကို မမေးခင်မှာဘဲ ကျွန်တော့်အနေနဲ့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကို ကျေးဇူးတင်စကားပြောကြားခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၆-၁၀-၂၀၁၁ ရက်နေ့က ကျင်းပတဲ့ အမျိုးသားလွှတ်တော် ၃၂ ရက်မြောက်နေ့အစည်းအဝေးမှာ ကျွန်တော်က နယ်များမှာ ငွေစက္ကူအကြွေများ ရှားပါးပြီးတော့ အခက်အခဲအကြပ်အတည်းတွေ့ရတာကို တင်ပြမေးမြန်းခဲ့တဲ့အခါမှာ ဒုတိယဝန်ကြီးကနေပြီးတော့ အမြန်ဆုံး ဆောင်ရွက်ပေးမည်လို့ ဖြေကြားခဲ့ပါတယ်။ (၃)ပတ်အတွင်းမှာ ၂၀၁၁ ခုနှစ် အောက်တိုဘာလကုန်မှာပဲ ဝန်ထမ်းများရဲ့ လစာမှာ ၅၀၀၊ ၂၀၀၊ ၁၀၀၊ ၅၀ စသည်ဖြင့် ငွေစက္ကူအကြွေတွေ ထည့်သွင်းပေးခဲ့ပါတယ်။ အလားတူ နိုဝင်ဘာ၊ ဒီဇင်ဘာ (၂)လ ဆက်တိုက်ပေးခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့နယ်တွေမှာ ငွေစက္ကူအကြွေ လှည့်ပတ်သုံးစွဲမှု အဆင်ပြေခဲ့တဲ့အတွက်ကြောင့် ဒီကိစ္စနဲ့ပတ်သက်ပြီးလုပ်ငန်းကို မြန်မြ န်ဆန်ဆန် ဆောင်ရွက်ပေးခဲ့တဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် ကျေးဇူးတင်စကားကို ပြည်သူများရဲ့ကိုယ်စား ပြောကြားပါရစေ။ ဒီမေးခွန်းဟာလည်း ပြည်သူ့အတွက်လည်း ဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်ရဲ့ အကျိုး၊ မြန်မာ့စီးပွားရေးဘဏ်ရဲ့ ဂုဏ်သိက္ခာပိုင်းနဲ့ဆိုင်တဲ့မေးခွန်းကို တင်ပြသွားမှာဖြစ်ပါတယ်။

ကျွန်တော့်မေးခွန်းမှာ မြန်မာ့စီးပွားရေးဘဏ်ရဲ့ ငွေကြေးလုပ်ငန်းများ ယခုထက် သွက်လက်လျင်မြန်ပြီး ငွေသွင်း၊ ငွေထုတ်ပြုသူများ စိတ်ချမ်းမြေ့လျက် ဝန်ထမ်းများအပေါ်၌လည်း လုပ်ငန်းပိနေခြင်းမှ လျော့ ပါးသွားစေရန်လို့ ကျွန်တော် အစပျိုးထားပါတယ် ခင်ဗျား။ Customer ဘက်ရော၊ ဝန်ထမ်းများဘက်ရော နှစ် ဖက် ကျွန်တော် မျှမျှတတ သုံးသပ်ပြီး တင်ပြမေးမြန်းခြင်း ဖြစ်ပါတယ်။ ဒီကနေ့မှာ ပုဂ္ဂလိ ကဘဏ်လုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်နေတယ်ဆိုတာ အားလုံးသိပါတယ်။ အဲဒါဘာကြောင့်လဲဆိုတော့ ဝန်ဆောင်မှု လျင်မြန်သွက်လက်ချောမွေ့တဲ့အတွက်ကြောင့် ပြည်သူများက စိတ်ချမ်းမြေ့စွာနဲ့ အားပေးကြတဲ့ အတွက်ကြောင့် ယခုလို နှစ်ကာလတိုအတွင်း တိုးတက်ဖွံ့ဖြိုးလာခြင်းဖြစ်တယ်ဆိုတာ ကို သိသာပါတယ်။ ကျွန်တော်တို့ သူတို့ဘဏ်တွေရဲ့ ထူးခြားချက်ကတော့ (၂)ရပ်ရှိပါတယ်။ (၁)က နွေးထွေးပျူငှာတဲ့ ဆက်ဆံရေးနှင့် (၂)က သွက်လက်လျင်မြန်တဲ့ Computer စနစ်သုံး Computerize Banking system ဖြစ်ပါတယ်။ အဲဒီနှစ်ခုကြောင့် ဖြစ်တယ်ဆိုတာ ကို ငြင်လို့မရဘူး ဖြစ်ပါတယ်။ ကမ္ဘောဇဘဏ်ဆိုရင် ယနေ့ ကျွန်တော်တို့ ဘဏ်ခွဲပေါင်း မြို့ (၄၇)မြို့မှာ ရှိနေ ပြီးတော့ အဲဒီ (၄၇)ခု သာမက သူနဲ့ချိတ်ဆက်ထားတဲ့ ဘဏ်(၈)ခု လောက်ကို Online Banking နဲ့ ဆက်သွယ်လို့ရနေပြီဆိုတာလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။ အဲဒီလိုပဲ အလားတူ နာမည်ကြီးဘဏ်များဟာ အခု နိုင်ငံခြားထိအောင်ပြည်ပထိအောင် ဘဏ်လုပ်ငန်းကိုချဲ့ဆန့်နေပြီဆိုတာလည်း ကျွန်တော်တို့ အားလုံးသိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာ့စီးပွားရေးဘဏ် မှာလည်း အဓိက အားသာချက်ရှိပါတယ်။ ဒါကတော့ နိုင်ငံတော်အစိုးရ တစ်နည်းအားဖြင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက တာဝန်ယူ တာဝန်ခံထားရတဲ့အတွက်ကြောင့် အလွန်တစ်ရာ စိတ်ချလုံခြုံခြင်းဟာ ဒါသူရဲ့ အားသာချက် ဖြစ်ပါတယ်။ မြို့နယ်တိုင်း၊ ခရိုင်တိုင်းမှာ ဘဏ်ခွဲ တွေ ရှိပါတယ်။ အဲဒီမှာ ရှိတဲ့ နံပါတ်(၁)ကတော့ ဝန်ထမ်းအဖွဲ့အစည်းအားလုံးရဲ့လစာတွေ၊ အငြိမ်းစား ဝန်ထမ်းရဲ့ပင်စင်လစာတွေ၊ ဝန်ထမ်းဌာန ခွင့်ပြုရန်ပုံငွေတွေနဲ့ ပတ်သက်လို့ ဒီမှာ L C ဖွင့်ထားတာတွေ၊ နောက်ဌာနဆိုင်ရာ အခွန်အခပေးသွင်းတာတွေ၊ ဒဏ်ကြေးစသည်ဖြင့် လေလံခ အဲဒါတွေ ပေးသွင်းတာတွေအားလုံးကို ငွေသွင်းငွေထုတ်လုပ်ရန် တစ်ခုတည်းသောဘဏ်သည် မြန်မာ့စီးပွားရေးဘဏ် ဖြစ်ပါတယ်။ အလားတူပဲ ကျွန်တော်တို့ ပုဂ္ဂလိကဘဏ် မရှိတဲ့ မြို့နယ်တွေကျတဲ့ အခါ ကျတော့ ဌာနဆိုင်ရာလုပ်ငန်းသာမက မိဘပြ ည်သူများရဲ့ ငွေသွင်း ငွေထုတ်လုပ်ငန်းတွေ အားလုံးနဲ့ လူမှုစီးပွားရေးဆိုင်ရာ လုပ်ငန်းတွေအားလုံးမှာ သူဟာ တာဝန်ယူရတာ ဖြစ်ပါတယ်။ ဒါကြောင့်

Customer များပါတယ်။ လုပ်ငန်းပမာဏ ကြီးမားပါတယ်။ ကိုင်တွယ်ရတဲ့ ငွေပမာဏ ကြီးမားပြီး တာဝန်ကြီးတယ်ဆိုတာ ကျွန်တော်တို့ နားလည်ပါတယ်။ အလားတူပဲ ဌာနက တာဝန်ကြီးတဲ့အတွက်ကြောင့် ဌာနစိတ်၊ ဌာနစုစည်းမှုဖြင့် ဖွဲ့စည်းထားပြီးတော့ ဝန်ထမ်းများလည်း လုံလောက်အောင်ခန့်ထားပြီး လည်ပတ်နေရတာ ကျွန်တော်တွေ့ပါတယ်။ ဒါပေမဲ့ ကျင့်သုံးနေတဲ့ စနစ်ကတော့ ၂၀ ရာစုနှစ် ခေတ်ဦး လောက်က သုံး ထားတဲ့ အတိုင်းပဲ အစစအရာရာ စက္ကူနဲ့ လုပ်ရတဲ့ Paper Work သက်သက်နဲ့၊ လူ့လုပ်အားနဲ့ လုပ်ရတဲ့ manual Work တွေ များနေတဲ့ အတွက်ကြောင့်လည်း အချိန်ကြန့်ကြာပါတယ်။ ဝန်ထမ်းတွေလည်း တာဝန်ကြီးပါတယ်။ Customer တွေလည်း အချိန်ကာလကြာရှည်စွာ စောင့်နေရတဲ့ ကိစ္စမျိုးတွေ စားပွဲတစ်ခုက တစ်ခုလွှဲပြောင်းပေးတဲ့စနစ်နဲ့ ကျင့်သုံးနေတဲ့စနစ် ဖြစ်ပါတယ်။ ဥပမာအားဖြင့် ကျွန်တော် တင်ပြရလို့ရှိရင် ဝန်ထမ်းလစာထုတ်ရက်၊ ပင်စင်ထုတ်ရက် အလားတူ အစိုးရဌာနတွေက လေလံပစ်တာတို့ လိုင်စင်ကိစ္စလုပ်တဲ့ရက်တွေဆိုရင် ဘဏ်မှာ လူအရမ်း များပါတယ်။လူက ထောင်နဲ့ ချီပြီး များပါတယ်။ ခရိုင်ဘဏ်ကြီးတွေ ဆိုရင် အဲဒီလိုများတယ်ဆိုရင် ပိုပြီးပင်ပန်းပါတယ်။ ဝန်ထမ်းတွေဟာ ထမင်းမစားရတာ ကျွန်တော်တို့ မျက်မြင်ဖြစ်ပါတယ်။ Customer တွေလည်း နေစရာမရှိတဲ့အတွက်ကြောင့် ခြံထဲမှာ ဟိုနားထိုင်၊ ဒီနားထိုင်နဲ့နာရီနဲ့ ချီပြီး စောင့်ရပါတယ်။ ကျွန်တော်တို့ အဲဒါဘာကြောင် ့လဲဆိုတဲ့အခါကျတော့ လုပ်ငန်း ရဲ့စနစ်ကို ဒီအတိုင်းသွားနေ ရင်တော့ ဒီလိုပဲ ကြာနေမယ်ဆိုတာ အဖြေပေါ်ပ ါတယ်။ ဥပမာတစ်ခုပေးရရင် ပုဂ္ဂလိက ဘဏ် တစ်ခုမှာ (၂)မိနစ်လောက်နဲ့ ပြီးတဲ့လက်မှတ်နမူနာစစ်ဆေးတဲ့ Specimen Signature စစ်တဲ့လုပ်ငန်း Computer နဲ့စစ်တာ ဖြစ်ပါတယ်။သူက Printer နဲ့ Power နဲ့ Scaner နဲ့ဖတ်ပြီးတော့ နဂိုပေးထားတဲ့ Specimen နဲ့ တိုက်စစ်လိုက်ရင် တစ်ထပ်တည်း သွားကျ ပါတယ်။ အဲဒါကို ကျွမ်းကျင်ဝန်ထမ်းတစ်ယောက်နည်းဟာ AM ဘေးမှာထိုင်ပြီး လက်ထောက် မန်နေဂျာဘေးမှာထိုင်ပြီး Computer ခလုတ်နှိပ်ရုံနဲ့ စစ်လို့ရတဲ့ လက်မှတ်နမူနာ စစ်ဆေးခြင်း ကို မြန်မာ့စီးပွားရေးဘဏ်မှာ ပထမကောင်တာ သွားရတယ်။ နောက် Cheque လက်မှတ် သို့မဟုတ် ငွေစုစာအုပ်ထဲက ငွေထုတ်မယ့် ပုံစံသွား ပြရတယ်။ အဲဒီကနေပြီး မှတ်ပြီးတဲ့ နောက် ဒုတိယစားပွဲကို လွှတ် တယ်။ အဲဒီစားပွဲမှာ သူက Initial တို့ပြီးတော့ လက်ထောက် မန်နေဂျာဆီ ပို့တယ်။ လက်ထောက်မန်နေဂျာ ကနေပြီးတော့ လက်မှတ်နမူနာ သွားစစ်ပါဆိုတဲ့အခါမှာ အဲဒီ ဝန်ထမ်းနောက် လိုက်သွားရတယ်။ လက်မှတ်နမူနာဆိုတာလည်း ဘဏ်မှာအပ်ကာစ ဖွင့်ထားတဲ့

အကွက်(၄)ကွက်မှာ ဖြည့်ထားတာ ဖြစ်တဲ့အတွက်ကြောင့် ဒီလောက်လောက် အထပ်သားတွေနဲ့ တွဲပြီးချုပ်ထားတဲ့ စာအုပ်ပေါင်းဟာ ရာနဲ့ချီပါတယ်။ ခရိုင်ဘဏ်ကြီးတွေမှာဆိုရင် ရာနဲ့ချီ ပါတယ်။ ဥပမာ ကျွန်တော်နာမည် ခင်မောင်ရီ ဆိုရင် ကျွန်တော်ဟာ Y- 1170 ဆိုတော့ Y မှာတောင် တစ်ထောင်ကျော်ရှိတယ်။ အက္ခရာ ၂၆ လုံးဆို အများကြီး ရှိနိုင်ပါတယ်။ အဲဒီ စာအုပ်ပုံကြီးထဲက သူက တစ်ခုပြီးတစ်ခု လှန်လှော့ရှာရတယ်။ တော်တော်ကြာကြာပါတယ်။ ရှာပြီးတော့ သူက တစ်ယောက်တည်းလည်း ပြန်မပို့ရဲဘူး။ လူ ၄၊ ၅၊ ၁၀ ယောက်နေမှ တစ်ခါ ပွေ့ပိုက်ပြီးတော့ လက်ထောက်မန်နေဂျာဆီသွားပို့။ လက်ထောက်မန်နေဂျာက တစ်ဦးချင်းခေါ် မျက်နှာကြည့် မှတ်ပုံတင်ကဒ်ပြားတောင်းလက်မှ တ်ထိုး၊ သူ့ရှေ့မှာ တစ်ခါပြန် ထိုးတော့မှ မှင်နီ လေးနဲ့ ဝိုင်းပြီး Initial တို့မှ ကျွန်တော်တို့ ဒါဟာ ငွေထုတ်လို့ရတဲ့ ကောင်တာကို သွားပြီး အဲဒီက တံကင်ကို ယူရပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်စားပွဲ(၄)ခုကိုသွားပြီးတော့ အနည်းဆုံးနာရီဝက် ကနေ မိနစ် (၄၀)ကြာသွားပြီး ဖြစ် ပါတယ်။ ဒါ ကျွန်တော်တို့ လက်တွေ့ကိစ္စတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် ပုဂ္ဂလိကဘဏ်မှာ ကျွမ်းကျင်ဝန်ထမ်းတစ်ယောက်နဲ့ Computer တစ်လုံးတည်းနဲ့ လုပ်နေတဲ့လုပ်ငန်း၊ အဲဒီမှာ ထူးခြားတာတော့ တာဝန်ရှိတဲ့အရာထမ်းပေါ့။ ကြီးကြပ်တဲ့ ပုဂ္ဂိုလ်ဟာ သူ့စားပွဲမှာသူထိုင်မနေဘူး။ လှည့်ပြီး သူက ဘယ်နားမှာ ဘာကြန့်ကြာနေတာဆိုတာ သွား ကြည့် ပြီးတော့ ချက်ချင်း အဲဒီမှာ အဲဒီစားပွဲမှာတင် Initial တို့ပေးတဲ့စနစ်ကိုတောင် သုံးနေတာ ကျွန်တော်တို့ တွေ့ရပါတယ်။ မြဝတီမှာလည်း တွေ့ထားတာ ရှိပါတယ်။ ဒါကြောင် ့ အဲဒီလို လုပ်နိုင်တဲ့ကိစ္စဟာ ကျွန်တော်တို့ မြန်မာ့ စီးပွားရေးဘဏ်မှာရော မဖြစ်နိုင်ဘူးလား။ မဖြစ်သင့် ဘူးလား ဆိုတဲ့မေးခွန်း မေးဖို့ သင့်လာပါတယ်။ ဘာလို့လဲဆိုတော့ မြို့နယ်မှာ မဖြစ်နိုင်ဘူးလား ဆိုရင်ထားပါ။ မြို့နယ်မှာ ခက်ခဲတယ်ဆိုရင် Customer အများကြီး လုပ်ကိုင်တွယ်ရတဲ့ ငွေပမာဏအများကြီး ကိုင်တွယ်ရတဲ့ ခရိုင်ဘဏ်ခွဲ ကြီးတွေမှာ မဖြစ်နိုင်ဘူးလား။ မစရင်တော့ ဘယ်တော့မှဖြစ်မှာ မဟုတ်ပါဘူး။ စတင်သင့်ပြီလို့ အခြေအနေအရ ခေတ်ကာလအခြေအနေ လည်း တောင်းဆိုပြီလို့ ကျွန်တော် ထင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလို ကျွန်တော်မေးရခြင်း ဖြစ်ပါတယ်။ ဒါတို့ အစိုးရဘဏ်ပဲ အစိုးရလုပ်ငန်းအားလုံးကတော့ ဘယ်မှမ သွားဘူး။ ဒီမှာပဲ လာမှာပဲဆိုပြီးတော့ နေရင်တော့ ရတော့ရပါတယ်။ Customerတွေကလည်း စိတ်မချမ်းသာစွာ နဲ့ပဲ ခန္တီစ မနိုင်သဖြင့် သည်း ခံခြင်းနဲ့ပဲ ဒီလိုပဲ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲနဲ့ပဲ ကြန့် ကြာနေတာ ဖြစ်ပါတယ်။ ဝန်ထမ်းလည်း ကြာတော့ အလုပ် တွေပိလာတဲ့အခါကျတော့ မျက်နှာထားဟာ

ပြုံးပြဖို့နေနေသာသာ သူ့မျက်နှာ သူတောင် မပြင်နိုင်တော့ဘူး။ မျက်နှာထားဆိုးလာတယ်။ အပြောအဆို မချေမငံ ဖြစ်လာတယ်။ လူလူချင်း တူတူတန်တန် မဆက်ဆံတတ်ဘူးဆိုတဲ့အခါ ကျတော့ နော က်ဆုံးကျတော့ ဝန်ထမ်းဆိုးဘဝကို ရောက်မှန်းမသိ ရောက်သွားတာ အဖတ်တင် ပါတယ်။ ဒါကြောင့် Service ပေးတဲ့ လု ပ်ငန်း မှန်ရင် Security လို့ခေါ်တဲ့ လုံခြုံစိတ်ချရမှုကို ကြည့်ရတာမှန်ပေမယ့် အဲဒီဘက်ကို သိပ်ဇောင်းပေးရင်တော့ Service ရဲ့ Quality ကျပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ဒီခေတ်မှာ တော့ ဘဏ်လုပ်ငန်းဆိုတာလည်းပဲ Service ထဲမှာ Human Factor ဆိုတဲ့ လူနဲ့ပတ်သက်တဲ့အချက်ကိုလည်း ထည့်သွင်းစဥ်းစားရတဲ့ ခေတ်ရောက်လာပြီလို့လည်း ကျွန်တော် မြင်ပါတယ်။ ဒုတိယတစ်ခုကတော့ ငွေစက္ကူ ကိစ္စပေါ့။ ငွေကို ဘဏ်တွေမှာ သွက်လက်အောင် Counting Machine ပေးထားပါတယ်။ ငွေရေတဲ့ စက်တွေ ပေးထားပါတယ်။ ကျွန်တော်တို့ ငွေထုတ်ရင် စက်နဲ့ပဲ ရေပေးပါတယ်။ စက်နဲ့ရေ ပြီးတော့ Counter မှာ ပုံလိုက်ရင် ကိုယ့်ပိုက်ဆံကို ကိုယ် စေ့ /မစေ့ စစ်နိုင်ပါတယ်။ စစ်ဖို့တော့ သိပ်ကြာကြာတော့ အချိန်မရပါဘူး။ ဘာလို့လဲဆိုတော့ နေရာလည်း သိပ်မရှိဘူး။ ဒါပေမဲ့ အဲဒီစက္ကူရဲ့ အရည်အသွေးကို စောဒက တက်ဖွယ်မရှိဘူး။ ပေးတာယူရတယ်။ စုတ်တာ ပါရင်ပါမယ်။ တိတ်ကပ် တာ ပါရ င်ပါမယ်။ ဟောင်းတာပါမယ်။ ဒါပေမဲ့ ကျွန်တော်တို့က ပြန်ငွေပေးရင်တော့ တစ်ရွက်ချင်း ပွတ်သပ်ရေ ပြီးတဲ့နောက် ဆွဲထုတ်ပါတယ်။ ဖတပ်၊ ဖတပ် နဲ့။ ဒီဟာလည်းပေးပါ။ ဒီဟာလည်းပေးပါ။ ဒီဟာလည်းပေးပါ။ ဒါလည်းပေးပါဆိုပြီးတော့ ရာစီးတစ်စီးဆို ငါးရွက် ၊ ခြောက်ရွက် ပြန်ထုတ်ပေးတယ်။ အဲဒီတော့ ကိုယ့်ပိုက်ဆံကိုယ် သွားပေးတဲ့ ဝန်ထမ်းက ပြဿ နာမရှိပါဘူး။ ပုဂ္ဂလိကပေါ့။ ပြဿ နာမရှိပါဘူး။ ပိုက်ဆံနဲ့ အိတ်ပါသွားတာဆိုတော့၊ သို့သော် စာရေးဝန်ထမ်း အငယ်တန်းလောက်ကို လွှတ်လိုက်တဲ့ ဌာနဆိုင်ရာငွေသွားသွင်းတဲ့ စာရေးကျတော့ သူ့ဆီမှာ ပိုက်ဆံအပိုမပါဘူး။ တစ်ထောင်တ န် ခြောက်ရွက်၊ ခုနစ်ရွက်လဲပေးဖို့မပါဘူး။ ဒါဖြင့်တစ်ခေါက်ပြန်သွားရမယ်။ ဟသ်ာတတက္ကသိုလ်ဆိုတာ ကျွန်တော်တို့ (၃)မိုင်လောက် ဝေးပါတယ်။ အဲဒီလိုကိစ္စလေးတွေကျတော့ ကျွန်တော်တို့ကြားသွား တွေ့မိလဲဆိုရင် အစိုးရက ထုတ်ထားတဲ့ပိုက်ဆံကို မြန်မာ့စီးပွားရေးဘဏ်ကမှ ပြန်လက်မခံ ရင် ဘယ်ကလက်ခံမှာလဲဆိုတဲ့ အဖြေရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော် စီးပွားရေးသမားကျတော့လည်း အထုပ်လိုက်ပဲ၊ အုပ်လိုက်ပဲ၊ ရာစီးပေါင်းများစွာကိုကော်မရှင်ပေးပြီး လဲရင်လဲ။ ပြေပြေလည်လည် လဲပေးတာလည်းတွေ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒါတွေနဲ့ပတ်သက်လို့လည်း ဒါ စဥ်းစားဖို့

သင့်တယ်လို့ ကျွန်တော်မြင် ပါတယ်။ ဒါတော့ ထားလိုက်ပါတော့။ ဒါကြောင့် ကျွန်တော့်မေးခွန်း ကတော့ တိုတိုပါပဲ။ မြန်မာ့စီးပွားရေးဘဏ်ရဲ့ ငွေကြေး လုပ်ငန်း ယခုထက်ပိုမို သွက်လက် လျင်မြန်ပြီး၊ ငွေထုတ်သူများ ကို စိတ်ချမ်းမြေ့စေလျက် ဝန်ထမ်းများအပေါ်၌လည်း ဝ နှိပ်ပိနေခြင်း လျော့ပါးသွားစေရန် ကွန်ပျူ တာစနစ်ကိုကျင့်သုံးရန် အစီအစဉ် ရှိ /မရှိ။ အနိမ့်ဆုံးခရိုင်ဘဏ် များ၌ ဦးစားပေးဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ။ ရှိပါက မည်သည့်ဘဏ္ဍာနှစ်မှ စတင်နိုင်မည်။ မရှိသေးပါက မည်သည့်အခက်အခဲကြောင့်ဖြစ်သည်ကို သိရှိလိုပါ ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ကျေးရွာ၊ ရပ်ကွက်များအတွင်းတွင် လိုင်စင်မဲ့ အပေါင်ဆိုင်၊ ငွေတိုးချေးငှားသူ များအား မည်သည့် ဥပဒေပုဒ်မဖြင့် အရေးယူသင့်ကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးလှဆွေ က ကျေးရွာ၊ရပ်ကွက်များအတွင်းတွင် လိုင်စင်မဲ့အပေါင်ဆိုင်၊ ငွေတိုးချေးငှားသူများ အား မည်သည့် ဥပဒေပုဒ်မဖြင့် အရေးယူသင့်ကြောင်း နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးလှဆွေ ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)** ။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မေးခွန်းကတော့ ကျေးရွာ၊ ရပ်ကွက်များအတွင်းတွင် လိုင်စင်မဲ့ အပေါင်ဆိုင် ငွေတိုးချေးငှားသူများအား မည်သည့်ဥပဒေ ပုဒ်မဖြင့် အရေးယူသင့်သည်ကို ဖြေကြားပေး ပါရန်ဟူ၍ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီမေးခွန်းနဲ့ပတ်သက်လို့ အချို့ဝန်ကြီးဌာနက ကျွန်တော့်သူငယ်ချင်းတွေက ပြောပါတယ်။ မင်းတို့ကိုယ်စားလှယ်တွေက သိရက်သားနဲ့ ဘာလို့မေးတာလဲဆိုပြီးတော့ ပြောတာလေးတွေ ရှိပါတယ်။ ရှိတဲ့အခါကျ ကျွန်တော်က ပြောပါတယ်။ ငါတို့သိရုံနဲ့တင် မ ဖြစ်ဘူး။ ပြည်သူလူထု လည်း သိစေချင်လို့ မေးရတာလေးတွေရှိတယ်လို့ ကျွန်တော်တို့က ပြန်ဖြေခဲ့ပါတယ်။ ဆိုလိုတာ

ကတော့ ဒါဟာ ဘယ်လိုအရေးယူရမလဲဆိုတာ ဥပဒေတွေ ရှိသော်လည်းပဲ ရပ်ကွက်ထဲမှာ ဒါတွေဟာ သိပ်ကို များပြားစွာ ဖြစ်ပေါ်နေတဲ့အတွက် လူထုလုပ်တာဟာလည်း ဆင်ခြင်လိုက်နာဖို့ ကောင်းတယ်ဆိုတာကို သိစေချင်လို့ ကျွန်တော့်အနေနဲ့ မေးမြန်းခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်ဝန်းရှိ ရပ်ကွက် /ကျေးရွာများတွင် လိုင်စင်မရှိဘဲနဲ့ ငွေတိုးချေးစားသူ အများအပြားရှိနေ ပါတယ်။ သူတို့ရဲ့လုပ်ရပ်ဟာ နိုင်ငံတော်သမ္မတရဲ့ ဆင်းရဲမှု လျှော့ချရေးအစီအစဉ်နဲ့ ဆန့်ကျင်ကွဲပြားလျက် ရှိနေပါတယ်။ ငွေတိုးချေးသူတို့ဟာ စာချုပ်စာတမ်း တွေပြုလုပ်ပြီးတော့ နေအိမ်တွေ၊ လယ်တွေ၊ ယာတွေစတဲ့ ပစ္စည်းတွေနဲ့ ရွှေ၊ ငွေ၊ အဖိုးတန် အသုံးအဆောင် စက်ဘီး၊ ဆိုင်ကယ်၊ ဒန်အိုး၊ ဒန်ခွက် က စပြီးတော့ အပေါင်ခံပြီးတော့ ၁၀၀ လျှင် တစ်လ ၁၀ တိုးယူပြီးတော့ ချေးငှားနေတာကို တွေ့ရှိရပါတယ်။(၆)လပြည့်တဲ့အခါမှာ အတိုးအရင်း ပေါင်းပြီးတော့ ထပ်မံအတိုးသတ်မှတ်တဲ့စနစ်ကြောင့် ငွေချေးသူဟာ အပေါင်ပစ္စည်းကို မရွေး နိုင်အောင် ဖြစ်နေရပါတယ်။ ဥပမာ ငွေ (၁၀၀၀၀၀) ချေးသူဟာ တစ်လကို (၁၀၀၀၀) အတိုး ပေးရပြီးတော့ (၆)လကြာတဲ့အခါမှာ အတိုးအရင်းပေါင်းဟာ(၁၆၀၀၀၀) ဖြစ်သွားပါတယ်။ ၎င်းကို (၁၀)တိုး ထပ်ပြီးတော့ သတ်မှတ်တဲ့အခါမှာ တစ်လလျှ င် သူက အရင်းက (၁၆၀၀၀၀) ဖြစ်သွားတဲ့အတွက်ကြောင့်မို့လို့ အတိုးဟာလည်း (၁၆၀၀၀)ဖြစ်သွားပါတော့တယ်။(၆)လကြာတဲ့ အခါမှာ အတိုးသက်သက် (၉၆၀၀၀) ဖြစ်သွားပြီးတော့ အရင်း (၁၆၀၀၀၀)နဲ့ ပေါင်းလိုက်တဲ့အခါ မှာ တစ်နှစ်ကြာတဲ့အခါမှာ ငွေ (၁၀၀၀၀၀) ချေးထားသူက အတိုးအရင်းပေါင်း (၂၀၅၆၀၀၀) ပေးရပါတော့တယ်။ မပေးနိုင်ပါက ၎င်းတို့ ချုပ်ဆိုချည်နှောင်ထားတဲ့ စာချုပ်များကို ပြ သပြီး ရဲစခန်း၊ တရားရုံးမှာ အမှုဖွင့် ့ပြီးတော့ ရဲများကလည်း ပုဒ်မ ၄၂၀ လိမ်လည်မှုခေါင်းစဉ် တပ်ပြီးတော့ ဖမ်းပေးနေတာကို တွေ့ရှိရပါတယ်။ နိုင်ငံတော်၏ဘဏ်တိုးနှုန်း နဲ့ အဆမတန် ကွာဟနေတဲ့ အဆိုပါလိုင်စင်မဲ့ ငွေတိုးချေးစားသူတို့အား ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူ ပြုစေရန် မည်ကဲ့သို့ ပညာပေးမည်။ တားဆီးမည်။ အရေးယူဆောင်ရွက်မည်ကိုဖြေကြားပေးစေလို ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**တစ်လုံးတစ်ခဲတည်းသော ပင်စင်ခံစားခဲ့သူများအား လစာနှုန်းထားအသစ်အတိုင်း ခံစားခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင်က တစ်လုံးတစ်ခဲတည်းသော ပင်စင်ခံစားခဲ့သူများ လစာနှုန်းထားအသစ်အတိုင်း ခံစားခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးနိန်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိန်ခင်းပေါင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်အတွင်းရှိ ပင်စင်စားများရဲ့ တိုးမြှ င့်ပင်စင်လစာ ခံစားခွင့်ပြုရာမှာ တစ်လုံးတစ်ခဲတည်း ပင်စင်လဲလှယ်ငွေထုတ်ယူခဲ့ပြီး အသက် (၆၀)ပြည့်ပြီး အသက်ရှင်လျက်ရှိနေသူများအား လက်ရှိလစာနှုန်းထားအတိုင်း ပြန်လည်ခံစားခွင့်ပြုနိုင်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ ကျွန်တော့်အနေနဲ့ ပင်စင်လဲလှယ်ခြင်းဆိုတဲ့ စကားလုံးလေး ရှင်းပြပါရစေ။ အရပ်စကားနဲ့ဆိုရင် နိုင်ငံတော်အစိုးရဆီကို ပင်စ င်ရောင်းစားတယ်လို့ သဘောပေါက်ပါတယ်။ အခု ကျွန်တော် ရုံးသုံးဘာသာစကားအနေနဲ့ဆိုရင် ပင်စင်လဲလှယ်တယ်လို့ အဓိပ္ပါယ် ပေါက်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ်သာမက တစ်နိုင်ငံလုံး လွှမ်းခြုံလျက် တစ်နို င်ငံလုံး အချို့ သောအငြိမ်းစားတပ်မတော်သားနဲ့ အငြိမ်းစားဝန်ထမ်းများဟာ ယခုအချိန်အခါမှာ လက်ရှိပင်စင် လစာများ တိုးမြှင့် ခွင့်ပြုပေးရာမှာ အသက်(၆၀)နှစ်အထိသာ သတ်မှတ်၍ တစ်လုံးတစ်ခဲတည်း ပင်စင်လဲလှယ်စေ၍ ငွေထုတ်ယူခံစားပေးခဲ့ပါတယ်။ ဒီလိုခွင့် ပြုရာမှာ ယင်းတို့ရဲ့ တစ်လုံးတစ်ခဲတည်း ပင်စင်လဲလှယ်ထုတ်ယူပေးခဲ့သည့် ပင်စင်လစာများကို ခုနှိမ်ပြီးမှသာ တိုးမြှင့်ပင်စင်လစာ ထုတ်ယူခွင် ့ပြုထားကြောင်းကို သိရှိရပါတယ်။ အဆိုပါ တစ်လုံး တစ်ခဲတည်း ပင်စင်လဲလှယ်ခြင်း ခွင့်ပြုရာမှာ ပင်စင်စားရဲ့ အသက်(၆၀)ပြည့်တဲ့အထိသာ အကျုံးဝင်စေပြီး၊ ပင်စင်စား အသက်(၆၀)ကျော်တဲ့နေ့မှစ၍

ယနေ့အထိတိုင် အသက် ရှင်လျက်ရှိနေသော ပင်စင်စားပြည်သူများရဲ့ ပင်စင်လစာကို ဆက်လက်၍ အပြည့်ခံစားသင့်ပါတယ်လို့ ထင်မြင်ယူဆ သုံးသပ်အပ်ပါတယ်။ ဤသို့ဖြင့် ပင်စင်လဲလှယ်ခွင့်ရရှိသော ပင်စင်စားသူများအား အသက်(၆ဂ)အထိသာ တစ်လုံးတစ်ခဲတည်း ထုတ်ယူခံစားစေခဲ့ပါတယ်။ ၎င်းတို့မှာ တိုးမြှင် ့ပင်စင်ထုတ်ယူခွင့်ပြုခဲ့ရာ တစ်လုံးတစ်ခဲတည်း ပင်စင်လဲလှယ်၍ ငွေထုတ်ပေးခြင်းဖြစ်ပါကြောင်း ယင်းပင်စင်လစာငွေ ထုတ်ယူရာမှာ ခုနှိမ်ခြင်းမပြုဘဲ လစာနှုန်းအပြည့်ဖြင့် တိုးမြှင့်ပင်စင် ခံစားခွင့်ပြုနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပင်စင်စား ပြည်သူများရဲ့ကိုယ်စား ကျွ န်တော်က ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## ကျီခါးမြို့နယ်ခွဲ၊ ရိဒ်ခေါဒါ ရ်မြို့နယ်ခွဲနှင့် ရေဇွာမြို့နယ်ခွဲတို့တွင် မြန်မာ့စီးပွားရေး ဘဏ်ခွဲများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးခမ်ဆွင်းမုန်က ကျီခါးမြို့နယ်ခွဲ၊ ရိဒ်ခေါဒါ ရ်မြို့နယ်ခွဲနှင့် ရေဇွာမြို့န ယ်ခွဲတို့တွင် မြန်မာ့စီးပွားရေး ဘဏ်ခွဲများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးခမ်ဆွင်းမုန် ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြ ည်ထောင်စုဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမှာကတော့ ကျီခါးမြို့ နယ်ခွဲ၊ ရိဒ်ခေါဒါရ်မြို့နယ်ခွဲ နဲ့ ရေဇွာမြို့ နယ်ခွဲတွင် မြန်မာ့စီးပွားရေးဘဏ်ခွဲများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျာ၊ ချင်းပြည်နယ်အတွင်းရှိနေတဲ့ မြို့နယ်ခွဲသုံးခုဖြစ်သော ကျီခါး၊ ရိဒ်ခေါဒါရ်နှင် ့ ရေဇွာမြို့နယ်ခွဲများတွင် မြန်မာ့ စီးပွားရေးဘဏ်ခွဲများ ဖွင့်လှစ်ထားခြင်းမရှိသေးသည့်အတွက် တာဝန်ထမ်းဆောင်လျက်ရှိသော အစိုးရဝန်ထမ်းများ ပင်စင်စားများ ပြည်သူလူထုများမှာ အခက်အခဲများကြုံတွေ့နေရပါတယ်။ ကျီခါးမြို့နယ်ခွဲမှာ တွန်းဇံမြို့နယ်နှင့် (၆၅)မိုင်၊ ရိဒ်ခေါဒါရ်မြို့နယ်ခွဲမှာ တီးတိန်မြို့နယ်နှင့် (၃၂)မိုင် ကွာဝေးပြီး ရေဇွာမြို့နယ်ခွဲမှာ မတူပီမြို့ နယ်နဲ့ (၆၈)မိုင် ကွာ ဝေးတဲ့

နေရာမှာရှိတဲ့အတွက် မြန်မာ့စီးပွားရေး ဘဏ်နဲ့ ဆက်သွယ်တဲ့နေရာမှာ အလွန်အခက်အခဲ ရှိပါတယ်။ ပွင့်လင်းရာသီတွေမှာ သွားလာရေးအတွက်အခက်အခဲ မရှိသော်လည်း မိုးရာသီ တွေမှာ များစွာ အခက်အခဲရှိနေပါတယ်။ ရိဒ်ခေါဒါရ်မြို့ နယ်ခွဲမှလွဲပြီး ကျန်မြို့နယ်ခွဲများတွင် ပုံမှန်ပြေးဆွဲတဲ့ မော်တော်ယာဥ်များလည်းမရှိဘဲ ငွေသွင်းငွေထုတ်ရာတွင် ညအိပ်ပြီးသွားရတဲ့ အတွက် ခရီးစရိတ် မှာ မိမိလစာမှ ကျခံပြီး သွားရောက်ထုတ်ယူရပါတယ်။ ဝန်ထမ်းများအတွက် စုပေါင်းဆောင်ရွက်ရသော်လည်း ပင်စင်စားများမှာ တစ်ဦး ချင်း ဆောင်ရွက်ရသည့်အတွက် ပိုမိုပြီးအခက်အခဲ ကြုံတွေ့နေရပါတယ်။ သို့ဖြစ်ပါ၍ ချင်းပြည် နယ်၊ ကျီခါးမြို့ နယ်ခွဲ၊ ရိဒ်ခေါဒါရ် မြို့နယ်ခွဲနဲ့ ရေဇွာမြို့နယ်ခွဲများမှာရှိတဲ့ အစိုးရဝန်ထမ်းများ၊ ပင်စင်စားများနှင့်ပြည်သူ လူထုများ၏ လိုလားတောင့်တလျက်ရှိသော မြန်မာ့စီးပွားရေးဘဏ်ခွဲများကို ဖွင့်လှစ်ပေးရန် အစီအစဥ် ရှိ/မရှိ ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၁။**

**ဦးလှထွန်း (ပြည်ထောင်စုဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)။** ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ရှေးဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်၊ ငွေရေးကြေးရေး ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၄)ဦးက တစ်ဆက်တစ်စပ်တည်း မေးသွားတာနဲ့ ပတ်သက် ပြီးတော့ ကျွန်တော် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း က တစ်ခုချင်း ဆက်လက်ပြီးတော့ ပြန်လည် ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ ရဲ့ မြန်မာ့စီးပွားရေးဘဏ်၏ ငွေကြေးဆိုင်ရာ လုပ်ငန်း များ ယခုထက်ပိုမိုသွက်လက်လျင်မြန်ပြီး၊ ငွေသွင်းငွေထုတ်ပြုလုပ်သူများ စိတ်ချမ်းမြေ့လျက်

ဝန်ထမ်းများအပေါ် လုပ်ငန်းပိနေခြင်းမှ လျော့ပါးသွားစေရန် ဘဏ်ခွဲများမှ ကွန်ပျူတာစနစ် အသုံးပြုရန် အစီအစဉ် ရှိ /မရှိ၊ အနိမ့်ဆုံး ခရိုင်ဘဏ်ခွဲများတွင် ဦးစား ပေးပြုပြင်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်မှ စတင်ပြီး မရှိသေးပါက မည်သည့် အခက်အခဲကြောင့်ဖြစ်ကြောင်း သိလိုကြောင်း မေးခွန်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ကြီးရဲ့ မေးခွန်းနဲ့အတူ အကြံပြုဆွေးနွေးသွားတာတွေလည်း ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။ ကိုယ်ချင်းစာပြီးတော့မှ ရှင်းလင်းပြီးတော့မှ ဘဏ်များအပေါ်မှာ သုံးသပ်သွားတာတွေလည်း သိရတဲ့အတွက် ကျွန်တော့်အနေနဲ့ ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ကျွ န်တော်တို့ရဲ့ မြန်မာ့စီးပွားရေးဘဏ်အနေအထားကလည်း ခုန ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အတိုင်းပဲ အဓိကလုပ်ငန်းပမာဏဆိုတဲ့ စကားတစ်လုံးပါပါတယ်။ အဲဒီတော့ လုပ်ငန်းပမာဏဟာ များပြား ပါတယ်။ နိုင်ငံရဲ့ လုပ်ငန်းတွေအားလုံးလိုလို အထူးသဖြင့် ငွေကြေးလုပ်ငန်းတွေ အားလုံးလိုလို ကို ဆောင်ရွက်ပေးနေတဲ့ မြန် မာ့စီးပွားရေးဘဏ်ဟာ ပုဂ္ဂလိက ဘဏ်တွေနဲ့ နှိုင်းယှဉ်မယ်ဆိုရင် လုပ်ငန်းပမာဏ များပြားပ ါတယ်။ အထူးသဖြင့် ပုဂ္ဂလိကဘဏ်တွေမှာဆိုတာ အပ်ငွေလုပ်ငန်း၊ ချေးငွေလုပ်ငန်း၊ ငွေလွှဲလုပ်ငန်းလောက်ပဲ အဓိကထားလုပ်တာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဘဏ်များဟာ အပ်ငွေလုပ်ငန်း၊ ချေးငွေလုပ်ငန်း၊ ငွေစုလုပ်ငန်း၊ ဌာနဆိုင်ရာအသီးသီးရဲ့ လုပ်ငန်းတွေအပြင် ပင်စင်စားတွေ နောက်တစ်ခါ ဝန်ထမ်းလစာတွေ အခြားကြားပေါက်အနေနဲ့ ကျွန်တော်တို့ လေလံတင်တဲ့ကိစ္စတွေ၊ လျှပ်စစ် တယ်လီဖုန်း စသည်အားဖြင့် လုပ်ငန်းပမာဏတွေ များပြားပါတယ်။ အဲဒီတော့ ဒီများပြား တဲ့အပေါ်မှာ ကျွန်တော်တို့ရဲ့ အသွင် ကူးပြောင်းရေး ကာလမှာ ပို ပြီးတော့မှ ခုနပြောတဲ့ ပုဂ္ဂလိက ဘဏ်တွေနဲ့ ပိုပြီး တော့ ဆောင်ရွက်နိုင်အောင် တစိုက်မတ်မတ် ကျွန်တော်တို့ ကြိုးစားပြီးတော့ ဆောင်ရွက်နေတဲ့အကြောင်း ရှေးဦးစွာ ပဏာမ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ လက်ရှိမှာလည်းဆောင်ရွက်နေတဲ့ အနေအထားကို ကျွန်တော် ဆက်လက်ရှင်းလင်းတင်ပြရမယ်ဆိုရင် မြန်မာ့စီးပွားရေးဘဏ်ဟာ ရုံးချုပ်ကြီး နေပြည်တော်မှာ ရှိပါတယ်။ ဌာနကြီး(၆)ခုနဲ့ ကွပ်ကဲထားပါတယ်။ ပြည်နယ်နှင့် တိုင်းရုံးက (၁၄)ရုံး ရှိပါတယ်။ ပြည်သူလူထုနဲ့ ထိတွေ့ပြီး ဝန်ဆောင်ရတဲ့ ခရိုင်ဘဏ်ခွဲက (၇၄)ဘဏ်ရှိ ပါတယ်။ မြို့နယ်အဆင့်ဘဏ်ခွဲက (၂၀၃)ဘဏ် ရှိပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ဘဏ်ခွဲငွေတိုက်အနေနဲ့(၁၉)ဘဏ်နဲ့ ငွေစုဘဏ်ခွဲ ရုံး(၁၀)ရုံး၊ စုစုပေါင်း (၃၂၆)ဖြစ်တဲ့အတွက် ငွေကြေးဝန်ဆောင်မှုတွေဟာ Branches တွေ၊ ဘဏ်ခွဲတွေ အများကြီးနဲ့ လုပ်ကိုင်ဆောင်ရွက်

နေတာ ဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်ရဲ့ ဘဏ်ခွဲတွေမှာ လုပ်ငန်းတွေ လွယ်ကူအောင် ကွန်ပျူတာတွေကို ရရှိတဲ့ ငွေလုံးငွေရင်းရန်ပုံငွေနဲ့ ကျွန်တော်တို့ စနစ်တကျ တစ်ဆင့်ပြီးတစ်ဆင့် တပ်ဆင်ပြီးတော့ ဆောင်ရွက်ပေးနေပါတယ်။

အထူးသဖြင့် ခရိုင်ဘဏ်ခွဲများတွေမှာToken တွေကို မသုံးတော့ဘဲနဲ့ ကောင်တာကနေ ကွန်ပျူတာနဲ့ တိုက်ရိုက်ငွေထုတ်ပေးသည့်စနစ်(Over the Counter System)ကို ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ ၂ ရက်နေ့မှ စတင်ပြီးတော့မှ သုံးနေပါတယ်။ Server တစ်လုံးထဲမှာ Data တွေ ထည့်ပြီးတော့မှ ကွန်ပျူတာတွေလိုအပ်သလောက် ချိတ်ဆက် အသုံးပြုရတဲ့ Local Area Network (LAN) စနစ်ကိုလည်း ကျွန်တော်တို့ ဘဏ်ခွဲ (၁၆) ဘဏ်မှာ ကောင်တာ ကွန်ပျူတာစက်များနဲ့ အရာရှိတွေကိုယ်တိုင် ကောင်တာမှာထိုင်ပြီးတော့မှ လျင်လျင်မြန်မြန်နဲ့ ဆောင်ရွက်ပေးနေပါတယ်။

အဓိကကတော့ ရန်ကုန်တိုင်းဒေသကြီးမှာ (၉)ခု၊ မန္တလေးတိုင်းဒေသကြီးမှာ (၂)ခု၊ ရှမ်းပြည်နယ်မှာ(၃)ခုနဲ့ နေပြည်တော် တိုင်းစစ်ဌာနချုပ်မှာ(၂)ခု Token မပါဘဲ ကောင်တာ ကွန်ပျူတာစနစ်နဲ့ တိုက်ရိုက်ငွေထုတ်ပေးတဲ့စနစ် Over the counter system ကို Software ကို အသုံးပြုပြီးတော့မှ ခရိုင်အဆင့်ဘဏ်ခွဲ(၅၃)ဘဏ်နဲ့ မြို့နယ်ဘဏ်ခွဲ(၅)ခုတို့မှာ ကွန်ပျူတာ (၂)လုံး Network Cable ချိတ်ဆက်ပြီးတော့မှ နေ့စဉ်စာရင်းတွေ၊ လစဉ်စာရင်းတွေ၊ ငွေစုဘဏ်အတိုးတွက်ချက်ခြင်းတွေ စာရင်းပိုင်းဆိုင်ရာလုပ်ငန်းတွေကို ကွန်ပျူတာသုံးပြီးတော့ လွယ်လင့်တကူ လျင်မြန်စွာဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရန်ကုန်မြို့မှာရှိတဲ့ ဘဏ်ခွဲ (၁)၊ ခွဲ (၂)၊ ခွဲ (၅)၊ ငွေစုဘဏ်ခွဲ (၃)၊ နေပြည်တော်ဘဏ်၊ မန္တလေးမြို့ရှိ ဘဏ်ခွဲ (၁)၊ ဘဏ်ခွဲ (၂) တွေကိုလည်းပဲ ADSL လိုင်း IP Star များနှင့် ချိတ်ဆက်ပြီးတော့မှ ကျွန်တော်တို့ လက်ရှိ Smart Card လို့ခေါ်တဲ့ ဘဏ်တစ်ဘဏ်နှင့် တစ်ဘဏ် စာရင်းဖွင့်ထားပြီးတော့မှ ဒီဘ ဏ်တွေမှာ ငွေသွင်းငွေထုတ်ကို Online Account တွေနဲ့ ၂၀၁၀ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့ မှစပြီးတော့မှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီတော့ ပြောလိုတာက ကျွန်တော်တို့ ဒီဘဏ်ခွဲတွေများပြားတာအပြင် ကျွန်တော်တို့ ရဲ့ ဒီဒေသအသီးသီးမှာ အဓိကကျတဲ့ လျှပ်စစ်မီးရရှိဖို့လည်း လိုပါတယ်။ တချို့နေရာတွေမှာတော့ ကျွန်တော်တို့ မီးစက်တွေ ထားရှိပြီးတော့ အသုံးပြုပါတယ်။ Over the Counter System ဖြစ်ဖို့အတွက် ရုံးချိန်အတွင်းမှာ လျှပ်စစ်မီးလင်းဖို့အတွက် လျှပ်စစ်မီးတွေကို အတတ်နိုင်ဆုံး ကျွန်တော်တို့

မီးစက်တွေသုံးပြီးတော့ ဆောင်ရွက်နေပါတယ်။ ကျန် တဲ့ခရိုင်(၅၈)ဘဏ်ကိုတော့ တစ်ပြိုင်တည်း တပ်ဆင်ဖို့အတွက် ကုန်ကျစရိတ်တွေ များနေသေးသည့်အတွက် ကြောင့် နိုင်ငံတော်ရဲ့ ရန်ပုံငွေ ရရှိတဲ့အပေါ်မှာ မူ တည်ပြီးမှ တစ်ခုပြီးတစ်ခု ပြောင်းလဲတပ်ဆင်သွားဖို့ စီစဥ်ထားပါတယ်။ အထူးသဖြင့် ခုနပြောတဲ့ ပုဂ္ဂလိကဘဏ်ကတော့ နည်းပါတယ်။ ဘဏ်ခွဲအရေအတွက်လည်း နည်းတယ်။ သူရဲ့ Facility လည်း ပြည့်စုံတယ်။ လုပ်ငန်းပမာဏကလည်းကျဥ်းတဲ့အတွက်ကြောင့် တချို့နေရာတွေမှာ ကျွန်တော်တို့ထက် အားသာ တာရှိသလို တချို့နေရာတွေမှာ ကျွ န်တော်တို့က လုပ်ငန်းပမာဏတွေများပြီးတော့မှ ဆက်သွယ်မှုတွေ မူတည်ပြီးတော့မှ ကျွန်တော်တို့ ဆောင်ရွက် ရတာဖြစ်တဲ့အတွက်ကြောင့် ခုနပြောတဲ့ System ပြောင်းတဲ့နေရာမှာ တစ်ခါတည်းတစ်ပြိုင်တည်း မဖြစ်နိုင်ဘဲ Step by Step ကျွန်တော်တို့ ပြောင်း လဲဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီး ရဲ့ အကြံပြုဆွေးနွေးချက်အပေါ်မှာ ကျွန်တော်တို့ ကျေးဇူးလည်းတင်တယ်။ လုပ်ငန်းဆောင်ရွက်တဲ့ အနေအထားလည်း ဆက်လက်ပြီးတော့ ဆောင်ရွက်နေတာ ဖြစ်တဲ့အတွက်ကြောင့် မကြာခင်မှာကျွန်တော်တို့ရဲ့ မြန်မာ့စီးပွားရေးဘဏ်ဟာ ကွန်ပျူတာစနစ်ကိုသုံးပြီးတော့မှ နိုင်ငံတစ်ဝန်းမှာ လုပ်ငန်းတွေပမာဏတွေ လျင်မြန်စွာ ဆောင်ရွက် ပေးနိုင်မည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းကို ဆက်လက် ပြီတော့ ဖြေကြားပါမယ်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ ကျေးရွာ/ရပ်ကွက် များအတွင်း လိုင်စင်မဲ့အပေါင်ဆိုင်၊ ငွေတိုးချေးငှားသူများအား မည်သည့် ဥပဒေပုဒ်မဖြင့် အရေးယူသင့်သည်ကို ဖြေကြားပေးဖို့ကိစ္စဖြစ်ပါတယ်။ ပေါင်နှံခြင်း၊ အပေါင်ခံခြင်းနဲ့ ငွေချေးငှား ခြင်းတို့ဟာ ပြည်သူများအကြားမှာ အခါအားလျော်စွာ ရှိနေကြတဲ့ကိစ္စ တွေဖြစ်ပါတယ်။ တစ်ဖက် နှင့်တစ်ဖက် ငွေကြေးနှင့်ပတ်သက်ပြီး အငြင်းအခုံဖြစ်ကြတဲ့အခါမှာ ပြစ်မှု ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်း၊ အမှုဖွင့်တိုင်ကြားခြင်းများ ရှိ လာကြပါတယ်။ တရားလိုဘက်က လိမ်လည်ရယူခြင်း၊ ယုံကြည်အပ်နှံမှုဖောက်ဖျက်ခြင်းများနဲ့ အကျုံးဝင်အောင် ဖော်ပြစွပ်စွဲတဲ့နည်းတူ စွပ်စွဲသူဖက်ကလည်း အတိုးဖြင့် ငွေချေးယူခြင်းဖြစ်ကြောင်း ခုခံလေ့ရှိတဲ့ အတွက်ကြောင့် အပေါင်ခံခြင်း၊ ငွေတိုး ချေးယူခြင်းတို့အား ဥပဒေအရ ခွင့်ပြုထားခြင်း ရှိ/မရှိကို အကြောင်းပြုပြီးတော့ မကြာခဏ မေးမြန်းလာတဲ့ မေးခွန်းဖြစ်ပါတယ်။ ဆင်းရဲနွမ်းပါးသူများ အနေနဲ့ မိမိတို့ရဲ့ ပစ္စည်းပစ္စယကို ပေါင်နှံပြီး ငွေချေးယူနိုင် သူရဲ့ အပေါင်ဆိုင်လုပ်ငန်းများကို

စနစ်တကျဆောင်ရွက်နိုင်ရန် နို င်ငံတော်မှာ ပြဋ္ဌာန်းဥပဒေ များရှိပြီး ဖြစ်ပါတယ်။ အပေါင်ဆိုင် လုပ်ငန်းဆောင်ရွက်လိုသူအား ဥပဒေနဲ့အညီ လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ရယူပြီးမှသာ အပေါင်ဆိုင်လုပ်ငန်းကို စည်းကမ်းချက်များနဲ့အညီ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းအပေါင်ဆိုင်ကိုလိုင်စင်မရှိဘဲ ဖွင့်လှစ်ပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေပုဒ်မ ၂၈ အရ လည်းကောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အပေါင်ဆိုင်ကို ခွင့်ပြုချက်မရှိဘဲ ဖွင့်လှစ်ပါက မန္တလေးမြို့တော်စည်ပင်သာယာ ရေး ဥပဒေ ပုဒ်မ ၂၆ အရလည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အပေါင်ဆိုင်ကို ခွင့်ပြုချက်မရဘဲ ဖွင့်လှစ်ပါက နေပြည်တော်စည်ပင်သာရေး ဥပဒေပုဒ်မ ၂၆ အရ လည်းကောင်း အသီးသီးအရေးယူနိုင်မှာဖြစ်ပါတယ်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး နယ်နိမိတ်များမှအပ မြန်မာနိုင်ငံတစ်ဝန်း လုံးမှာရှိတဲ့ မြို့နယ်အသီးသီးရဲ့ နယ်နိမိတ်များတွင် အပေါင်ဆိုင်ကို ခွင့်ပြုချက်မရှိ ဘဲ ဖွင့်လှစ်ပါက စည်ပင်သာယာရေးအဖွဲ့ ဥပဒေ ပုဒ်မ ၇၃ အရ အရေးယူနိုင်မှာဖြစ်ပါတယ်။ လိုင်စင်မဲ့ငွေတိုးချေးစားသူတွေကို အရေးယူခြင်းနဲ့ပတ်သက်ပြီး The Money Lenders Act 1945 ပုဒ်မ ၅ နဲ့ ပုဒ်မ ၆တို့မှာ ငွေချေးသည့်လုပ်ငန်းနဲ့ပတ်သက်၍ ခွင့်ပြုချက်ရယူရန်နှင့် မှတ်ပုံတင်ပြုလုပ်ရန် ပြဋ္ဌာန်းထားရာ ခွင့်ပြုချက်မှတ်ပုံတင်မရှိဘဲ ငွေတိုးချေးစားသူများအား ယင်းဥပဒေပုဒ်မ ၁၇ အရ တရားစွဲအရေးယူ နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် မကြာသေးခင်က ကျွန်တော်တို့ ထုတ်ပြန်ခဲ့တဲ့ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေပုဒ်မ ၂(က)အရ အသေးစားချေးငွေထုတ်ပေးခြင်းလုပ်ငန်းသည် အသေးစားငွေရေးကြေးရေး လုပ်ငန်းဆိုသည့် စကားရပ်၏ အဓိပ္ပာယ်ဖော်ပြချက်တွင်ပါဝင်ပါတယ်။ ယင်းဥပဒေ ပုဒ်မ ၅၄ အရ လုပ်ကိုင်ခွင့် လိုင်စင်မရှိဘဲ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်း လုပ်ကိုင်ခွင့် မရှိကြောင်း တားမြစ်ထားပြီး ယင်းတားမြစ်ချက်ကို လိုက်နာရန်ပျက်ကွက်ပါက ပုဒ်မ ၅၇ အရ အရေးယူနိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အခု ကိုယ်စားလှယ်တော်ကြီး၏ မေးခွန်းနဲ့ပတ်သက်ပြီး အ ထက်ပါအတိုင်း လိုင်စင် သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်သည့် အပေါင်ဆိုင်လုပ်ငန်းများကို နေပြည်တော်စည်ပင်သာယာရေး ဥပဒေအရဖြစ်စေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေအရဖြစ်စေ၊ မန္တလေးမြို့တော်စည်ပင်သာယာ ရေးဥပဒေအရဖြစ်စေ စည်ပင်သာယာရေးအဖွဲ့များ၏ ဥပဒေအရဖြစ်စေ အရေး ယူနိုင်မှာဖြစ်ပါတယ်။ လိုင်စင်မဲ့ငွေတိုး

ချေးစားခြင်းလုပ်ငန်း လုပ်ကိုင်သူများကို The Money Lenders Act 1945 အရလည်းကောင်း အသေးစားငွေချေးကြေးရေးလုပ်ငန်း ဥပဒေအရလည်းကောင်း အရေးယူ နိုင်မှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။

ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) ဦးနိန်းခင်းပေါင် ၏ အသက် (၆၀) ပြည့်ပြီး ပင်စင်စားများ၏ တိုးမြှင့် ပင်စင်ခံစားခွင့်ပြုရာ တစ်လုံးတစ်ခဲတည်းပ င်စင် ခံစားပြီးသူများအား လက်ရှိလစာနှုန်းထားအတိုင်း ပြန်လည်ခံစားခွင့်ပြု ရန် အစီစဉ်ရှိမရှိ သိလိုပါ ကြောင်း မေးမြန်းတဲ့ တတိယမေး ခွန်းကို ကျွန်တော်ကပဲ ဆက်လက်ဖြေကြားပါ့မယ်။ ပထမဦးစွာ တစ်လုံးတစ်ခဲတည်း ပင်စင်လဲလှယ်ပေးရတဲ့ ရည်ရွယ်ချက်ပြဋ္ဌာန်းချက် လဲလှယ်ထုတ်ပေးပုံ နည်းလမ်းများကို ကိုယ်စားလှယ်တော်ကြီးများအားလုံးကို သိရှိနိုင်ရန် ရှင်းလင်းပြောကြားသွားပါ့မယ်။ နိုင်ငံ့ဝန်ထမ်းများအငြိမ်းစားယူသည့်အခါ ငွေလုံးငွေရင်းအဖြစ်ပင်စင်ဆုငွေ (Pension Gratuity) ကို တစ်ကြိမ်တည်း အပြီးအပြတ်ထုတ်ပေးပြီး နေ့စဉ် လစဉ် စားနိုင်သောက်နိုင်ဖို့အတွက် ပင်စင်လစာကို လစဉ်ထုတ်ပေးခဲ့တာဖြစ်ပါတယ်။ သို့ရာတွင် ပင် စင်စားတစ်ဦးဟာ တစ်လုံးတစ်ခဲတည်း ငွေလိုချင်သည့်ကိစ္စ ပေါ်လာတဲ့အခါမှာ ပင်စင်စားရဲ့အခက်အခဲကို နိုင်ငံတော်က ဖြေရှင်းပေးတဲ့ အနေနဲ့ လစဉ်ထုတ်ယူရမယ့် ပင်စင်လစာထဲက တစ်စိတ်တစ်ပိုင်းကို လစဉ်ထု တ်ယူခြင်းအစား တစ်လုံးတစ်ခဲတည်းပင်စင်အဖြစ် ပြောင်းလဲထုတ်ပေးလိုက်ခြင်းသာ ဖြစ်ပါတယ်။ ပင်စင်စားအတွက် ရေရှည် စားသောက်နေထိုင်ရေးလည်း မထိခိုက်အောင် ပင်စင်လစာ၏ အစိတ်အပိုင်း တစ်ခုကိုသာ လဲလှယ်ခွင့်ပြုပေးခြင်းဖြစ်ပါတယ်။ တစ်လုံး တစ်ခဲတည်း ပင်စင်လဲလှယ်ခွင့်အား ၁၈၇၁ ခုနှစ် ပင်စင်အက်ဥပဒေ အခန်း ၂ ပုဒ်မ ၁၀ နှင့် မြန်မာပြည် မှ ထပ်ဆင့်ပြီးတော့ ထုတ်ထားတဲ့ မြို့ပြဝန်ထမ်းစည်းမျဉ်း Burma Supplement to The Civil Service Re gulations နောက်ဆက်တွဲ(ဃ)ပါ ပြဋ္ဌာန်းချက် များအရ တစ်လုံးတစ်ခဲ တည်းပင်စင်ကို မိသားစုပင်စင်မှအပ အခြားပင်စင်အမျိုးအစားအားလုံး ပင်စင်စား အသက်(၈၀)အထိ လဲလှယ်ပေး ခဲ့ပါတယ်။ အထူးနှစ်ပြည့် ပင်စင်ခံစားသူ၊ နာမကျန်းပင်စင်ကို ဆေးအဆင့် (ခ)ဖြင့် ခံစားသူများအ တွက်ကတော့ ပင်စင်သက်တမ်း (၁၀)နှစ် ပြည့်ပြီးမှ လဲလှယ်ခွင့်ရှိပါတယ်။ တစ်လုံးတစ်ခဲတည်း ပင်စင်လဲလှယ်ရေးနည်းဥပဒေ ၈ (၃) အရ တစ်လုံးတည်းလဲလှယ်ရမယ့် ပင်စင်လစာအစိတ်အပိုင်းသည် လဲလှယ်ခွင့်ပြုသည့်နေ့မှစ၍ ရပ်ဆိုင်းကြောင်း ပြဋ္ဌာန်းထားပါတယ်။ လစဉ်ထုတ်ယူရမည့်လစာကို တစ်လုံးတည်း ပင်စင်နဲ့ အပြီးအပြတ် လဲယူခံစား

လိုက်တာ ဖြစ်ပါတယ်။ ထို့ကြောင့် တိုးမြှင့်ပင်စင်ခံစား ခွင့်ပြုတဲ့အခါမှာ တစ်လုံးတည်းပင်စင် လဲလှယ်ပြီး ငွေအစိတ်အပိုင်းသည် အပြီးအပြတ် ရပ်ဆိုင်းသွားပြီးဖြစ်တဲ့အတွက် လက်ကျန် ပင်စင်အပေါ်တွင်သာ ဥပဒေအရ ခံစားခွင့် ရရှိခြင်းဖြစ်ပါတယ်။ ဥပမာအနေနဲ့ပြောရရင် မူရင်း ပင်စင်လစာရဲ့ တစ်ဝက် (၅၀)ရာခိုင်နှုန်းကို လဲလှယ်ထားသူဟာ ကျန်ရှိသည့် (၅၀) ရာခိုင်နှုန်း နှင့် ညီမျှသော မူရင်းပင်စင်လစာ အပေါ်မှာပဲ တိုးမြှင့်ပင်စင် လစာငွေကို ခံစားခွင့်ရှိတော့မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဥပဒေကြောင်းအ ရ၊ နည်းဥပဒေအရ ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ မေးမြန်းချက်ပါ တစ်လုံးတည်း ပင်စင် ခံစားခဲ့ပြီးသူများအား လစာနှုန်းအပြည့်ဖြင့် တိုးမြှင့်ပင်စင်ခံစားခွင့်ပြုရန်မှာ အထက်တွင် ဖော်ပြရှင်းလင်းခဲ့တဲ့ တစ်လုံးတစ်ခဲတည်းပင်စင် လဲလှယ်ရေး နည်းဥပဒေ ၈(၃)အရ တည်ဆဲဥပဒေ များနှင့် ညီညွတ်နေတဲ့အတွက်ကြောင့် ဆောင်ရွက်ရန် မဖြစ်နိုင်သေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။

ဆက်လက်ပြီး မေးခွန်းနံပါတ် (၄)ဖြစ်တဲ့ ချင်းပြည်န ယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန် မေးမြန်းတဲ့ ချင်းပြည်နယ်အတွင်း ကျီခါး၊ ရိဒ်ခေါဒါရ်၊ ရေဇွာမြို့နယ်တို့တွင် စီးပွားရေးဘဏ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ /မရှိ မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော်ကပဲ ဆက်လက်ပြီးရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်အတွင်း အစိုးရဌာနများ ၊ အဖွဲ့အစည်းများ ပြည်သူလူထု များရဲ့ ငွေကြေးဝန်ဆောင်မှုလုပ်ငန်း တွေကို ဆောင်ရွက်ပေးနိုင်ဖို့ မြန်မာ့စီးပွားရေးဘဏ်ကို အထက်မေးခွန်း(၁)မှာ ပြောထားခဲ့တဲ့အတိုင်း တစ်နိုင်ငံလုံးမှာ ဖြန့်ကျက်ပြီး လုပ်ငန်းများ အဆင်ပြေအောင် ဆောင်ရွက်ပေးလျက် ရှိပါတယ်။ မြန်မာ့စီးပွားရေးဘဏ်ဟာနိုင်ငံတော်ရဲ့ ပြည်တွင်းမှာလုပ်ငန်းကို အဓိကထားဆောင်ရွက်ပြီး ရုံးချုပ်တိုင်းဒေသကြီး ပြည်နယ်ရုံးစိုက်ရာ မြို့ကြီးများ ခရိုင်အဆင့်မြို့ကြီးများ၊ ဒေသဖွံ့ဖြိုးမှုနဲ့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်တဲ့ မြို့နယ်များမှာ မြို့နယ်ဘဏ်ခွဲများနဲ့ ဘဏ်ငွေတိုက်ခွဲများကို ဖွင့်လှစ် ပေးလျက်ရှိပါတယ်။ မြန်မာ့ စီးပွားရေးဘဏ်အနေနဲ့ မိမိမှာရှိတဲ့ ဝန်ထမ်းအင်အားအခြေအနေ ၊ နယ်မြေဒေသ အခြေအနေ ဖြစ်တဲ့ ဒေသရှိလူဦးရေ၊ ဒေသရှိအစိုးရဌာနအဖွဲ့အစည်းများ တည်ရှိမှုအခြေအနေ၊ အခြေခံ အဆောက်အအုံများအခြေအနေ နယ်မြေဒေသလုံခြုံမှု ၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု စီးပွားရေးအလားအလာ စတဲ့ အခြေအနေအရပ်ရပ်ကို အသေးစိတ်တွက်ချက်ပြီး သင့်တော်ရာ ဒေသတွေမှာ ဘဏ်ရဲ့အမြတ်အစွန်း ရရှိရေးကို အဓိကမထားဘဲ နိုင်ငံတော်အနေနဲ့ ဘဏ်ခွဲများကို

ဖွင့်လှစ်ပေးလျက် ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ ချင်းပြည်နယ် အတွင်းရှိ ကျီခါး၊ ရိဒ်ခေါဒါရ်၊ ရေဇွာမြို့ နယ်တို့မှာ စီးပွားရေးဘဏ်ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်လို့ ဒီမြို့နယ် တွေဟာ အစိုးရဘဏ်တိုက်ခွဲများ ထားရှိ ပေးပြီးဖြစ်ပါတယ်။ ပင်စင်စားဦးရေမှာလည်း အလွန် နည်းလျက်ရှိပါတယ်။ လက်ရှိအခြေအနေမှာလည်း အ စိုးရ ငွေတိုက်ခွဲများမှာ လက်ကျန် ငွေ အခြေအနေပေါ် မူတည်ပြီး နီးစပ်ရာမြို့နယ် ဘဏ်ခွဲတို့မှ ဘဏ္ဍာငွေများကို သယ်ယူဖြည့်တင်း ပေးလျက်ရှိတာကြောင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ လစာငွေကို ထုတ်ယူရာမှာ အဆင်ပြေလျက် ရှိကြောင်း သိရပါတယ်။ ပင်စင်စားအနေနဲ့ ပင်စင် လစာထုတ်ယူရန် အခက်အခဲရှိတာနဲ့ ပတ်သက်လို့တော့ ပင်စင်စားဦး ရေကို ပြန်ကြည့်တဲ့ အခါမှာ ကျီခါးမှာ (၆၀)၊ ရိဒ်ခေါဒါရ်မှာ (၂၀)ဦးခန့်နှင့် ရေဇွာတွင် (၁၀၀) ဦးခန့်သာရှိတယ် ဆိုပြီးတော့ တွေ့ရှိရပါတယ်။ များပြားတဲ့အနေအထား မရှိသေးကြောင်းသိရပါတယ်။ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ကျီခါး၊ ရိ ဒ်ခေါဒါရ် နှင့်ရေဇွာတို့ဟာ မြို့နယ်ခွဲများသာ ဖြစ်သည့်အတွက် အစိုးရငွေတိုက်ခွဲတွေ ကို ကျွန်တော်တို့ လက်ရှိ ဖွင့်လှစ်ပေးထားပါတယ်။ ယင်းမြို့နယ်ခွဲများအနေဖြင့် ဖွံ့ဖြိုးတိုးတ က်လာပြီး မြို့နယ်အဆင့်တစ်ခု အင်္ဂါရပ်နဲ့ညီညွတ်တဲ့ အခြေအနေတွေ၊ သတ်မှတ်ချက်တွေ ပြည့်စုံလာတဲ့အခါမှာ ၎င်းမြို့နယ်ခွဲများမှာ မြန်မာ့စီးပွားရေး ဘဏ်ခွဲများကို ဆက်လက် ဖွင့်လှစ်ပေး သွားမှာဖြစ်တဲ့အကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက မေးမြန်း တဲ့ မေးခွန်းများ ဟာ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်း က ဖြေကြား ရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ရှေးခေတ် မွန်လူမျိုးတို့၏ လက်ရာတစ်ခုဖြစ်သော ဓမ္မစေတီခေါင်းလောင်း ဆယ်ယူရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးနိုင်ထွန်းအုံ က

ရှေးခေတ်မွန်လူမျိုးတို့၏လက်ရာတစ်ခုဖြစ်သော ဓမ္မစေတီခေါင်းလောင်း ဆယ်ယူရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။ ကျွန်တော်ကတော့ မွန်ပြည်နယ် ၊ သံဖြူဇရပ်မြို့နယ် အမှတ် (၅)မဲဆန္ဒနယ်မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ။ အောက်ပါ ဖော်ပြတဲ့ မေးခွန်းများနဲ့ပတ်သက်သော စာပိုဒ်များကို ဖတ်ကြားခွင့်ပြုပါရန် တောင်းခံအပ်ပါ တယ်။ ယခု ကျွန်တော်မေးတဲ့ မေးခွန်းကတော့ ရှေးခေတ်မြန်မာ တိုင်းရင်းသား မွန်လူမျိုးတို့၏ လက်ရာ တစ်ခုဖြစ်တဲ့ ဓမ္မစေတီခေါင်းလောင်း ဆယ်ယူရန်ကိစ္စပဲဖြစ်ပါတယ်။ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ တိမ်မြုပ်ပျောက်ကွယ်နေသည့် သမိုင်းအမွေအနှစ်များကို ရှာဖွေ ဖော်ထုတ်နေကြ သလို ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း ရှာဖွေဖော်ထုတ်နေကြ ပါတယ်။ ဒီလိုရှာဖွေ ဖော်ထုတ် မှသာ နိုင်ငံ၏ဂုဏ်၊ လူမျိုးတစ်မျိုးစီ၏ ယဉ်ကျေးမှုအမွေအနှစ်ဂုဏ်ကို ဖော်ဆောင်နိုင်မည် ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ မွန်လူမျိုး တို့၏ ရှေးအကျဆုံးနှင့် အလေးဆုံးဖြစ်သော ဓမ္မစေတီခေါင်းလောင်းကို ဆယ်ယူသင့်ပြီလို့ ကျွန်တော်ထင်မြင် ယူဆမိပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ခင်မောင်လေးရေးတဲ့ ၁၉၉၉ ခုနှစ် ဇွန်လမှာ ထုတ်ဝေတဲ့ တိမ်မြုပ်ပျောက်ကွယ် နေသော မြန်မာတိုင်းရင်းသား မွန်တို့၏ မြို့ပြနိုင်ငံများ စာအုပ်ထဲမှာ ဓမ္မစေတီခေါင်းလောင်းနဲ့ ပတ်သက်တဲ့ အကြောင်းအရာတချို့ ကို အောက်ပါအတိုင်း ဖော်ပြလို ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဓမ္မစေတီခေါင်းလောင်းသည် ရွှေတိဂုံစေတီသို့ လှူဒါန်း ခဲ့သည့် ခေါင်းလောင်းကြီးများအနက် ပထမဦးဆုံးခေါင်းလောင်းဖြစ်ပါတယ်။ စောက် ၁၂ တောင်ရှိ၍ ကြေးပိဿာချိန် (၁၈၀၀၀၀) ရှိပါတယ်။ ယင်းကို တန်ဖွဲ့ပါက (၂၉၀) တန် ရှိပါသည်။ ထို့ကြောင့် ဓမ္မစေတီခေါင်းလောင်းသည် စာကိုလိုကောခေါင်းလောင်းထက် မင်းကွန်းခေါင်းလောင်း တစ်ခုစာပို၍ ကြီးမားနေသည်ကို အံ့သြဖွယ်ရာတွေ့ရှိရပါတယ်။ ဒီအတိုင်းဆိုလျှင် ဓမ္မစေတီခေါင်းလောင်းကို ကမ္ဘာ့အကြီးဆုံး ခေါင်းလောင်းအဖြစ် သတ်မှတ်ရမည်ဖြစ်ပါတယ်။ ထို့အပြင် စာကိုလိုကော ခေါင်းလောင်းသည် ၁၈ ရာစုတွင် သွန်းလုပ်ခဲ့သော ခေါင်းလောင်းကြီး ဖြစ်ပြီး ဓမ္မစေတီခေါင်းလောင်းမှာ အေဒီ

၁၅ ရာစုက သွန်းလုပ်သော ခေါင်းလောင်းဖြစ်သဖြင့် နှစ် (၃၀၀) ပိုစောနေသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ဓမ္မစေတီခေါင်းလောင်းသည် ကမ္ဘာ့ အကြီးဆုံး ခေါင်းလောင်းဖြစ်သည် သာမက ကမ္ဘာအကြီးဆုံးခေါင်းလောင်းများအနက် ရှေးအကျဆုံးသော ခေါင်းလော င်းလည်း ဖြစ်ပါတယ်။ ဤမျှရှေးကျ၍ ဤမျှကြီးကျယ်သော ခေါင်းလောင်းကြီးကို သွန်းလုပ်ခဲ့သည့် မြန်မာတိုင်းရင်းသား မွန်တို့၏ ကြေးသွန်းအတတ်ပညာမှာ ဂုဏ်ယူဖွယ်ရာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့သော် ဓ မ္မစေတီခေါင်းလောင်းကား အကြောင်းမလှခဲ့ပေ။ ခရစ်သက္ကရာဇ် ၁၆၀၈ ခုနှစ်တွင် ပေါ်တူဂီလူမျိုး ဖိလစ်ဒိုဘရစ်တို က ဓမ္မစေတီခေါင်းလောင်းကို အမြောက်သွန်းလုပ်ရန် ဖော င်ဖြင့် သန်လျင်သို့ သယ်ဆောင်ခဲ့ပါ တယ်။ ဒေါပုံမြစ်အကူးတွင် ဖောင်နစ်ပြီး ခေါင်းလောင်းကြီး ရေထဲနစ်သွားသည်မှာ ယနေ့ထက်တို င် ဖြစ်ပါသည်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မကြာမီက တိုင်းတာတွေ့ရှိချက်အရ ရေမျက်နှာပြင်အောက်ရှိ ခေါင်းလောင်း၏ ပုစွန် တုပ်ကွေးပုံသဏ္ဌာန်ကို ရှာဖွေတွေ့ ရှိရသည်ဟု ဆိုပါသည်။ ခေါင်းလောင်းနစ်မြု ပ်နေသည့် နေရာကို တွေ့ရှိနေပြီဖြစ်ရာ ခေတ်မီစက်ကိရိယာဖြင့် ဆယ်ယူပါက အခက်အခဲရှိမည် မဟုတ်ပါ။ ထို့ကြောင့် မွန်တိုင်းရင်းသားတို့၏လက်ရာဖြစ်သော ကမ္ဘာ့အကြီးဆုံး ဓမ္မစေတီ ခေါင်းလောင်းကို ကမ္ဘာ့အလယ် ထည်ထည်ဝါဝါပြသနိုင်ရန် ခေါင်းလောင်းဆယ်ယူရေးကိစ္စကို နိုင်ငံတော်အနေဖြင့် သော်လည်းကောင်း မွန်အမျိုးသား တစ်ရပ်လုံးအနေဖြင့်သော်လည်းကောင်း ထည့်သွင်းစဥ်းစားသင့်လှပေသည်ဟု ရေးသားဖော်ပြထားပါသည်။ ထို့ကြောင့်ဓမ္မစေတီခေါင်းလောင်းကို ဆယ်ယူရန် အစီအစဥ် ရှိ/မရှိ ဆယ်ယူရန် အစီအစဥ်ရှိပါက မည်သည့် အချိန်တွင် ဆယ်ယူပေးနိုင်သည်ကို ဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်သူများ လေ့လာမှတ်သားစရာ ဗဟုသုတ ရရှိနိုင်မည့် ပြတိုက်အမျိုးမျိုး ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး က ပြ ည်သူများ လေ့လာမှတ်သားစရာ ဗဟုသုတ ရရှိနိုင်မည့် ပြတိုက်အမျိုးမျိုး ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဝန်ကြီးများ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်တော်များ အားလုံးကို ကျွန်တော်ဒီနေရာကနေ မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းကို မေးရတဲ့ ရည်ရွယ်ချက်က(၂)ပိုင်း ရှိပါတယ်။ ကျွန်တော်တို့ အမျိုးသားရေး(၁)ပိုင်း Tourism(၁)ပိုင်း (၂)ပိုင်းကို ဦးတည်ပြီးတော့ မေးမြန်းရခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံ မှာ လုပ်သားပြည်သူများ အသိပညာဗဟု သုတတိုးပွားစေရန်အလို့ငှာ နိုင်ငံရာဇဝင်သမိုင်းယဉ်ကျေးမှုအစဉ်အလာများ မပပျောက်စေ ဖို့ ရည်ရွယ်ပြီးတော့ ပြတိုက်များ ထားရှိပြီးဖြစ်ပါတယ်။ သို့သော်လည်းပဲ ယ ခုရှိတဲ့ပြတိုက်ဟာ ဗိုလ်ချုပ်ပြတိုက်၊ အမျိုးသား ပြတိုက်၊ စစ်သမိုင်းပြတိုက်၊ သဘာဝသမိုင်းပြတိုက် ၊ စိုက်ပျိုးရေး ပြတိုက်ဆိုပြီးတော့ အင်မတန် မှ နည်းပါးတဲ့ ဆယ် ဂဏန်းလောက် အရေအတွက်ပဲရှိပါသေးတယ်။ ကျွန်တော်တို့ နောက်ထပ် အများကြီး ပြည်သူလူထုကို ဗဟုသုတပေးနိုင်ဖို့ ကျွန်တော်တို့ရဲ့ မမေ့အပ်တဲ့ တိုင်းကျိုးဆောင် ပြည်ကျိုးဆောင်ပုဂ္ဂိုလ်တွေကို ဖော်ထုတ်ဖို့ ပြတိုက်တွေ အများကြီး လိုပါသေးတယ်။ နိုင်ငံခြား သားများ မြန်မာပြည်ကိုလာတဲ့အခါမှာလည်း ဒီတိုင်းပြည်ကို သိရှိဖို့က ပြတိုက်ကို ဝင်လိုက်တာနဲ့ အချိန်အနည်းငယ်အတွင်းမှာ ဒီတိုင်းပြည်တစ်ခုရဲ့ အကြောင်းအရာကို အလွယ်တကူနဲ့ သိရှိ နိုင်ဖို့အတွက် ဒီလိုပြတိုက်တွေကို ဖော်ထုတ်ဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကို တင်ထားတာဟာ တော်တော်လေး အချိန်ကြာသွားပါပြီ။ ဒီကာလအတွင်းမှာပဲ မြန်မာနိုင်ငံအရပ်ရပ်မှာ နိုင်ငံကျော်ကြားတဲ့ အလေးအမြတ်ပြုအပ်တဲ့ ပုဂ္ဂိုလ်ကြီးတွေကို ဂုဏ်ပြုပြီးတော့ စာကြည့်တိုက်တွေ တည်ထောင် လာတာတွေ့ရှိရပါတယ်။ ဒါကလည်း ဝမ်းသာစရာတစ်ခုပါပဲ၊ အားပေးအပ်တဲ့ကိစ္စဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအများမှာ သူတို့နိုင်ငံသမိုင်း၊ သူတို့ယဉ်ကျေးမှုအစဉ်အလာ ဘယ်လောက် ကြီးမားခဲ့ တယ်။ စက်မှုဘယ်လိုထွန်းကားတယ် ၊ တိုင်းပြည်ဘယ်လိုကြွယ်ဝတယ်ဆိုတာကို ပြတိုက် ကြီးများ ထားရှိပြီးတော့ ပြသကြပါတယ်။ မှတ်တမ်းတွေအရပြောရလို့ရှိရင် ၁၉၅၅ ခုနှစ်ကစပြီးတော့မှ အမေရိကန်၊ ဂျာမဏီတို့မှာ ပြတိုက်ပေါင်း (၂၅၀၀)လောက် ထားရှိကြပြီးဖြစ်ပါတယ်။ ပြင်သစ်မှာ ဆိုလို့ရှိရင် (၁၂၀၀)၊ ရုရှားမှာ (၆၀၀)ကျော် အသီးသီးရှိခဲ့ကြ ပြီးဖြစ်ပါတယ်။ ကမ္ဘာကျော်တဲ့ မိုနာလီဇာပ န်းချီကားဟာ ပြင်သစ်နိုင်ငံ လုဗ် ပြတိုက်ရဲ့ ဂုဏ်ထူးဆောင်ပန်းချီကား တစ်ချပ်

ဖြစ်ပါတယ်။ တစ်နှစ်တစ်နှစ်ကို သန်းပေါင်းများစွာ သော Tourist တွေ လာလာကြည့်နေကြပါတယ်။ ပြတိုက်များဟာ တိုင်းပြည်ရဲ့ဝင်ငွေကို တစ်နည်း တစ်လမ်း ရှာဖွေ ပေးတဲ့ နေရာတစ်ခုလည်း ဖြစ်ပါတယ်။ တ ခြားဗဟုသုတ လိုလားသူတွေအနေနဲ့ ကိုယ်တိုင် ကိုယ်ကျ လေ့လာနိုင်အောင်လည်းပဲ နို င်ငံအမြို့မြို့တို့မှာ မီးရထားပြတိုက်၊ ဖိနပ်ပြတိုက်၊ ဖရောင်းရုပ်တု ပြတိုက်၊ ကားပြတိုက်၊ ရေမွှေးပြတိုက်၊ ကြွေထည် လုပ်ငန်းပြတိုက်၊ နာရီပြတိုက်၊ ရုပ်သေးပြတိုက် စသည်ဖြင့် ကဏ္ဍပေါင်းများစွာဖြင့် ပြတိုက်မျိုးစုံကို ထားရှိပြသနေကြပါတယ်။ နေရာဒေသအားဖြင့်ဆိုရင်လည်းပဲ အင်္ဂလန်မှာဆိုရင်လည်း စာရေးဆရာကြီး ရှိတ်စပီးယား အိမ်၊ ပန်းချီကျော်ကြီးပီကာဆိုအိမ် စသည်ဖြင့် ကျော်ကြားတဲ့ ပုဂ္ဂိုလ်အလိုက် ပုဂ္ဂိုလ်ကြီးတွေ အငွေ့အသက် ရှိတဲ့နေရာတွေမှာ ပြတို က်တွေကို ထားရှိပြီးတော့ ပြသနေ ကြပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဆိုရင်လည်း နိုင် ငံရေးအရပဲဖြစ်ဖြစ်၊ ယဉ်ကျေးမှုအရပဲဖြစ်ဖြစ် မြင့်မားတဲ့နိုင်ငံ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြတိုက်သမိုင်းကို ပြန်ကြည့်မယ် ဆိုလို့ရှိရင် ၁၈၅၂ ခုနှစ်မှာ ပဲခူးတိုင်းမင်းကြီး ဆာအာသာဖယ်ယာ ကနေစပြီးတော့ စတင်ခဲ့တယ် လို့ ပြောရမှာ ဖြစ်ပါတယ်။ အင်ဂျင်နီယာ မတ်စတူး က ယခုဆေးရုံကြီးရှိတဲ့နေရာမှာ ဖ ယ်ယာမြူစီယမ် ဆိုပြီးတော့ ပြတိုက်တစ်ခုကို စတင်ထူထောင်ခဲ့ပါတယ်။ အဲဒီကစပြီးတော့ ကျွန်တော်တို့ ဒီပြတိုက်တွေဟာ တဖြည်းဖြည်းနဲ့ မြန်မာနိုင်ငံမှာ တည်ထောင်လာခဲ့ကြပါတယ်။ ပြတိုက်ဆိုတာ ဟာ လူတွေ အမြတ်တနိုးထားတဲ့ ပစ္စည်းတွေ စုစည်းတဲ့နေရာ ယဉ်ကျေးမှုဖွံ့ဖြိုးဖို့ ပညာဖြန့်ဖြူးတဲ့ နေရာလည်း ဖြစ်ပါတယ်။ အတိတ်ကာလက လူသားတွေရဲ့ကြွင်းကျန်ခဲ့တဲ့ ယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများကို ယခုလူတို့ လေ့လာနိုင်ဖို့အတွက် စုစည်းပေးထားတဲ့ ရတနာသိုက်လည်း ဖြစ်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာ ထွန်းကားလာတဲ့ ဒီနေ့ခေတ်မှာ စိတ်ပိုင်း ဆိုင်ရာပိုင်းကိုလည်း မြှင့်တင် ပေးဖို့ လိုအပ်နေပါတယ်။ ရုပ်ပိုင်းနဲ့စိတ်ပိုင်း အညီအမျှဖွံ့ဖြိုးတိုးတက်ပါမှ လူ့ဘောင်လောကဟာ မှန်မှန်ကန်ကန် တိုးတက်လာမှာဖြစ်ပါတယ်။ တိုင်းပြည် ဂုဏ်ဆောင်ပုဂ္ဂိုလ်၊ တိုင်းပြည်အကျိုး ရှုပ်ရှုပ်ချွံချွံ ဆောင်ရွက်ခဲ့ကြတဲ့ ပုဂ္ဂိုလ်ကျော်များကို နောင်လာနောက်သားများဟာ အစဥ်သတိရ နေဖို့ လိုအပ်ပါတယ်။ နမူနာယူဖို့ နှောင်းခေတ် မျိုးဆက်လူငယ်များ အားကျအတုယူနိုင်ဖို့အတွက် စံနမူနာပုဂ္ဂိုလ်ကျော်များကို ပြတိုက်ကြီးများထား ရှိပြီးတော့ ကျွန်တော်တို့ ပြသရမှာ ဖြစ်ပါတယ်။ ဥပမာပြောရရင် ကျွန်တော်တို့ ခေါင်းဆော င်ကြီးဖြစ်တဲ့ သခင်ကိုယ်တော်မှိုင်းတို့ ကမ္ဘာကျော်တဲ့ ဦးသန့်တို့၊ ပခုက္ကူဦးအုန်းဖေ ဂုဏ်ယူအားကျစရာ ပုဂ္ဂိုလ်မျိုး၊ ရှေးဦးစွန့်စားတဲ့ မီးပုံး ပျံဦးကျော်ရင် တို့လို

ပုဂ္ဂိုလ်မျိုးတွေ ကျွန် တော်တို့ ပြတိုက်မှာ ထားရှိရမှာ ဖြစ်ပါတယ်။ ပုဂ္ဂိုလ်ကျော်များ နေထိုင်ခဲ့တဲ့ အိမ်နေရာများကိုလည်းပဲ ပြတိုက်များ ပြုပြင်နိုင်ပါတယ်။ ယဉ် ကျေးမှုကဏ္ဍပိုင်းမှာဆိုရင်လည်းပဲ ကျော်ကြားတဲ့ပုဂ္ဂိုလ်တွေဖြစ်တဲ့ ဥပမာ ဇာတ်မင်းသားကြီးဦးဖိုးစိန် တစ်ခေတ်တစ်ခါက ထွန်းကားခဲ့တဲ့ ပုဂ္ဂိုလ်ကြီးတွေ နောက်ပြီးတော့ သူမတူအောင် ထူးချွန်ခဲ့တဲ့ ဆိုင်းဆရာကြီးစိန်ဗေဒါ မြို့မငြိမ်း အဲဒီလို ပုဂ္ဂိုလ်တွေသာ မကပါဘူး။ ယဉ်ကျေးမှုနဲ့ ဆိုင်တဲ့ ပြတိုက်များလည်း ဖွင့်လှစ်နိုင်ပါတယ်။ ဥပမာဆိုလို့ရှိရင် မြန်မာတွေရဲ့ ဝတ်စားဆင်ယင်ပုံ နိုင်ငံခြားသား အထူးစိတ်ဝင်စားပါတယ်။ ခေတ်အဆက်ဆက် ဘယ်လိုဝတ်စားလာကြလဲ။ အဝတ်အစားဒီဇိုင်းတွေမြန်မာ့လက်ဝတ်ရတနာတွေ ဘယ်လိုဝတ်စားလာခဲ့ကြသလဲ။ မြန်မာ ဘုန်းကြီးကျောင်းများ ဘယ်လိုထားရှိကြတယ်၊ ဘယ်လို စနစ်နဲ့ ဆောက်ကြတယ်။ ဗိသုကာ ပညာအရ ကျွန်တော်တို့တင်ပြနိုင်ပါတယ်။ မြန်မာပရိဘောဂ မြန်မာ့အိုး၊ မြန်မာ့ထီး၊ မြန်မာ့ ချည်ထည်လုပ်ငန်း၊ မြန်မာ့ ရွှေထည်လုပ်ငန်း၊ ရွှေပြားလုပ်ငန်း၊ မြန်မာ့ကလေးကစားစရာများ၊ မြန်မာ့ပုလဲလုပ်ငန်း စသည်အားဖြင့် ကဏ္ဍအသီးသီးကနေပြီးတော့ သက်ဆိုင်ရာနေရာအသီးသီးမှာ ပြတိုက်များကို ထူထောင်နိုင်ကြပါတယ်။ အခြားအခြားသော ကဏ္ဍအနေနဲ့ ဆိုလို့ရှိရင်လည်းပဲ ကျွန်တော်တို့ ရှမ်းပြည်နယ်တို့မှာ လ က်ဖက်လုပ်ငန်းပြတိုက်၊ အင်းလေးကန်မှာဆိုလို့ရှိရင် အင်းလေးကျွန်းမျောတွေ ဘယ်လိုစိုက်ပျိုးထားသလဲ။ အင်မတန်မှ ထူးဆန်းတဲ့ စိုက်ပျိုးရေး လုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။ အဲဒါမျိုးတွေကိုလည်း ကျွန်တော်တို့ ပြတိုက်သဘောမျိုးနဲ့ ပြသနိုင်ပါတယ်။ နိုင်ငံတော်မှ ဖွင့်လှစ်ထားတဲ့ ပြ တိုက်တွေ၊ အဖွဲ့အစည်းများမှ ထောက်ပံ့ငွေနဲ့ နိုင်ငံတော်မှ ကြီးကြပ်ပြီးတော့ ပုဂ္ဂလိကကဏ္ဍက ဖွင့်လှစ်တဲ့ ပြတိုက်တွေ၊ ပြတိုက်အမျိုးမျိုး ရှိနိုင်ပါတယ်။ အဲဒါကြောင့်မို့လို့ နိုင်ငံတော်က ခွင့်ပြုချက်ပေး ရမယ်ဖြစ်ပါတယ်။ ပုဂ္ဂလိကတွေလုပ်တဲ့အခါမှာလည်းပဲ စနစ်တကျနဲ့ ထူထူ ထောင်ထောင် ဖြစ်နို င်ဖို့အတွက် နိုင်ငံတော်ကနေပြီးတော့ ပံ့ပိုးမှု၊ ကြီးကြပ်မှုတွေ လုပ်ပေးနိုင်ရမှာ ဖြစ်ပါတယ်။ အဲဒီနေရာမှာ အထူးသတိချပ်ပြီးတော့ ပြောချင်တာကတော့ ကျွန်တော်တို့မှာ ယခုရှိပြီးသား ပြတိုက်တွေမှာ ဆိုလို့ရှိရင် အချို့ပြတိုက်တွေဟာ အင်မတန်မှ စနစ်ကျပြီးတော့ အောင်မြင်မှု ရရှိတဲ့ပြ တိုက်တွေ ဖြစ်ပါတယ်။ ဥပမာ ရခိုင် ၊ မဟာမြတ်မုနိဘုရားဝင်းထဲမှာရှိတဲ့ ကျွန်တော်တို့ ဝေသာလီခေတ်က ပစ္စည်းတွေကို ပြထားတဲ့ ပြတိုက်ဟာ ဆိုလို့ရှိရင် ကျွန်တော်တို့ ဂုဏ်ယူစရာကောင်းတဲ့ ပြတိုက်တစ်ရပ်အနေနဲ့ ထူထောင်ထား မယ်ဆိုတဲ့ဥစ္စာကို ယဉ်ကျေးမှုဌာနကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ဂုဏ်လည်းယူပါတယ်။ ဒီလိုပဲ တခြားတခြားသော ပြတိုက်တွေဟာလည်း သူ့နေရာ

ဒေသတွေမှာ ဂုဏ်ယူစရာ တင့်တင့်တယ်တယ်နဲ့ အင်္ဂါရပ်ကောင်းကောင်းနဲ့ နေရာထိုင်ခင်း ကောင်းကောင်းနဲ့ ပြသနိုင်ဖို့ကို  ကျွန်တော်တို့ ကြိုးစားကြမယ်ဆိုလို့ရှိရင်ဖြင့် ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံခြားသား   လာတဲ့အခါမှာ ကျွန်တော်တို့ဟာ အင်မတန်မှ ဂုဏ်ရှိမှာ      ဖြစ်ပါတယ်။မန္တလေး၊ မဟာမြတ်မုနိ ဘုရားကြီးမှာ မဟာမြတ်မုနိဘုရားကြီးပရဝုဏ်ထဲမှာ အင်မတန်မှ ရှေးကျတဲ့ပစ္စည်း တွေရှိပါတယ်။ ဥပမာဆိုလို့ရှိရင် ကျွန်တော်တို့ ကြေး     သွန်းရုပ်ကြီးတွေ၊ ခမာကြေးသွန်းရုပ်ကြီး တွေဟာ ကျွန်တော်တို့ဆီမှာ ရောက်နေ    ပါတယ်။ သူတို့နိုင်ငံမှာတောင်မှ အဲဒီပစ္စည်းတွေဟာ မရှိတော့ပါဘူး။ ဒီလောက်ကြီးကြီးမားမား၊ ထည်ထည်ဝါဝါပစ္စည်းတွေကို ကျွန်တော်တို့ဟာ ကဏ္ဍတစ်ခု တစ်သီးတစ်သန့်ထားပြီးတော့ ကျွန်တော်တို့ အလေးအမြတ်ထား   ပြီးတော့ ပြသဖို့ ကောင်းပါတယ်။ နိုင်ငံခြားသားတွေ လာတဲ့အခါမှာ ဟာ ဒီပစ္စည်းဟာဖြင့်             အင်မတန်မှ ရှားပါးတဲ့ပစ္စည်းပဲဆိုတဲ့ဥစ္စာ ကျွန်တော်တို့ဆီမှာ ဘယ်လိုဖြစ်နေသလဲဆိုတော့ ကလေးကအစ၊ လူကြီးကအစ သွားပြီးတော့ ဟိုနေရာထိ၊ ဒီနေရာထိ ပန်းတင်တဲ့လူနဲ့ ပန်းရောင်းတဲ့လူနဲ့ အမျိုးမျိုး ဖြစ်ပျက်နေတဲ့ဥစ္စာတွေဟာ အင်မတန်မှ ဝေခွဲမရ ဖြစ်နေပါတယ်။ ဒီဟာလေးတွေကို ကျွန်တော်တို့ ထိန်းသိမ်းသွားဖို့ လိုအပ်ပါတယ်။ ဗိုလ်တထောင်        ဘုရားမှာဆိုလို့ရှိရင်လည်း ဘုရားကြီးကို ကုသိုလ်ရှင်များက လှူထားတဲ့ ပစ္စည်းတွေကို ပြခန်းတစ်ခုအနေနဲ့ ပတ်လည်မှာ ပြသထားပါတယ်။ သို့သော်လည်းပဲ မည်သူမျှ ဒီပစ္စည်းတွေကို ဂရုတစိုက် သန့်ရှင်းရေးလုပ်တာတို့၊ စနစ်တကျ ခွဲခြားပြီးတော့ ကြည့်လိုက်တဲ့အခါမှာ တစ်ခါတည်း ကျွန်တော်တို့ သပ်သပ်ရပ်ရပ်ရှိနေဖို့ဆိုတဲ့ဥစ္စာ မရှိပါဘူး။ အဲဒါမျိုးတွေ လိုအပ်ပါတယ်။ ဒီလိုပဲ ဒီ တန်ခိုးကြီးတဲ့ ဘုရားတိုင်းမှာ ပြ    ခန်းလေးတွေ ရှိပါတယ်။ များသောအားဖြင့် စနစ်တကျနဲ့ သပ်ရပ်မှု မရှိပါဘူး။ ကျွန်တော်တို့ ဘုရားကြီးလှူတယ် ဆိုရင် လှူပြီး ဆံပင်တစ်စ၊     ဖယောင်းတိုင်တစ်ချောင်း၊ ငွေထည်ပစ္စည်းတစ်ခု၊ တစ်ခါတစ်ခါမှာ ဆိုလို့ရှိရင် အင်မတန်မှ တန်ဖိုးရှိတဲ့ပစ္စည်းတွေ ပါရှိပါတယ်။ စိန်ထ       ည်ပစ္စည်းတွေ၊  ငွေထည် ပစ္စည်းတွေ၊ ကျောက်မျက်ရတနာတွေ အဲဒီလို ထားတဲ့ပစ္စည်းဟာ သူတို့ရဲ့ အင်္ဂါရပ်   မပေါ်ပါဘူး။ ဖုံအလိမ်းလိမ်း နဲ့ ချောင်ထဲမှာ ထိုးထားသလို  ဖြစ်နေပါတယ်။ တစ်ခါ ကျွန်တော် တို့ ဂရုမစိုက်ခဲ့ လို့လား။ ကျွန်တော်တို့ပဲ ပေါ့လျော့လို့လား။ ကျွန်တော်တို့ဆီက သရေခေတ္တ      ရာ၊ ပျူခေတ်က ပစ္စည်းတွေ၊ ပျူအနုပညာသမာရုပ်ထု(၅)ရုပ်ဟာ အင်မတန်မှ ရှားပါးပါတယ်။ ဒီပစ္စည်း တွေဟာ တစ်ချိန်က ပြတိုက်ထဲကနေ့ပဲ အခိုးခံခဲ့ရပါတယ်။ နှစ်အတော်ကြာမှ အမေရိကန်သူဌေးတစ်ယောက် ကနေပြီးတော့ မြန်မာနိုင်ငံကို ပြန်လည်ပြီးတော့ ပေးပို့ခဲ့ပါတယ်။ တစ်ခါ တောင်တွင်းကြီး မှာရှိတဲ့

D:\အမ်ိဳးသားလ တ တော Web Portal Data\အစည္းအေဝးမွတ္တမ္းမ်ား\ပထမအ ကိမ အမ်ိဳးသားလ တ တော တတိယပံုမွန္အစည္းအေဝး မွတ္တမ္းမ်ား\9-3-2012 Meetting\9-3-2012(12) Meetting\9.3.2012(12)Meeting.docx

ပြတိုက်တစ်ခုဟာ ဆိုလို့ရှိရင်ပဲ အင်မတန်မှ ရှေးကျတဲ့ပစ္စည်းတွေ ရှိခဲ့ပါတယ်။ မီးလောင်ပြီးတော့ ပြတိုက်တစ်ခုလုံး ပျက်စီးခဲ့ရပါတယ်။ ဒီတော့ ကျွန်တော်တို့ဟာ ပြတိုက်တွေကို ထိန်းသိမ်းရပါမယ်၊ အားပေးရပါမယ်။ ဆက်လက်ပြီးတော့ တိုးပွားအောင် ကျွန်တော်တို့ လုပ်ရ ပါမယ်။ ဒါမှပဲ ကျွန်တော်တို့ရဲ့ နိုင်ငံကိုလာရောက်တဲ့ နိုင်ငံခြားသားတွေရော၊ ကျွန်တော်တို့ ပြည်သူပြည်သား တွေရော ယဉ်ကျေးမှုအမွေအနှစ်တွေ ကိုယ့်ပစ္စည်းကို လေ့လာကောင်းမှန်း၊ ဂုဏ်ယူရမှန်းသိအောင် ကျွန်တော်တို့ ဒီကဏ္ဍကို အများ ကြီးဖော်ထုတ်ပေးဖို့ လိုအပ်ပါတယ်လို့ ဆိုချင်ပါတယ်။ ဒါကြောင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကျွန်တော်တို့ ဒီကဏ္ဍကို ဘယ်လိုများဆောင်ရွက်ဖို့ အစီအစဉ်ရှိပါသလဲ ဆိုတာကို သိချင်လို့ မေးမြန်းရခြင်းဖြစ်ပါတယ်။ လာရောက်ဖြေကြားတဲ့အတွက်လည်း ကျေးဇူး အများကြီးတင်ရှိပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာနဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၃။**

**ဖြေကြားချက်**

**ဒေါ်စန္ဒာခင်၊(ဒုတိယဝန်ကြီး၊ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင့်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ၏ မေးခွန်းနဲ့ ပတ်သက်လို့ ဖြေကြားမှာ ဖြစ်ပါတယ်။

ဟံသာဝတီပြည့်ရှင် ဓမ္မစေတီမင်း ဆောက်လုပ်လှူဒါန်းခဲ့သော ကောင်းမှုများအ နက် ဓမ္မစေတီခေါင်းလောင်းကြီးသည်ကမ္ဘာ့အကြီးဆုံး ခေါင်းလောင်းကြီးဖြစ်သည်သာမက ရှေးအကျဆုံး ခေါင်းလောင်းလည်း ဖြစ်ပါတယ်ရှင့်။ ဓမ္မစေတီခေါင်းလောင်းကို ၁၉၈၇ ခုနှစ်မှ စတင်၍ ဗုဒ္ဓဘာသာဝင်များ၊ သမိုင်းသုတေသီများက ရိုးရာနည်းစနစ်များအဖြစ် အကြိမ်ကြိမ်ရှာဖွေခဲ့ကြ ပါတယ်။ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဦးစီးပြီး ရှာဖွေခွင့်လျှောက်ထားသူ ဦးကြိုင်၊ ဦးအောင်ရွှေ၊ ဦးစိုးလွင် တို့ ပါဝင်သော ဓမ္မစေတီခေါင်းလောင်းရှာဖွေရေးအဖွဲ့ကလည်း ၁၉၈၇ ခုနှစ်မှာလည်းကောင်း၊ ၁၉၈၉ ခုနှစ် ဇူလိုင်လတွင်လည်းကောင်း ဓမ္မစေတီခေါင်းလောင်းရှာဖွေရန် ဒေါပုံမြစ်ဝ မြစ်သုံးဆိုင် ရေပြင်ကျယ်မှာ

ကွင်းဆင်းဆယ်ယူမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပါတယ်။ ခေတ်မီကိရိယာပစ္စည်းများ မပြည့်စုံ၍ လည်းကောင်း၊ မိုးသည်းထန်မှု၊ မြစ်ရေ၊ ဒီရေ အဟ န့်အတားများကြောင့်လည်းကောင်း၊သြဂုတ်လ တွင် ဆယ်ယူမှုလုပ်ငန်း ခေတ္တရပ်ဆိုင်းခဲ့ပါတယ်။ ၁၉၉၅ ခုနှစ် ဒီဇင်ဘာလမှ ၁၉၉၇ ခုနှစ် ဇွန်လ အတွင်း အမေရိကန်လူမျိုး၊ရေနက်ရေငုပ်သမား ဂျင်ဘလန့် (Jin Blunt) က ဓမ္မစေတီခေါင်းလောင်း ရှာဖွေရေးကို ဆောင်ရွက်ခဲ့ပြန်ပါတယ်။ ၁၉၉၆ ခုနှစ်၊ ဧပြီလတွင် နိုင်ငံခြား အဖွဲ့ အစည်းတစ်ခုက ကမ်းလှမ်းချက်ကိုလက်ခံပြီး ခေါင်းလောင်းကြီးကို ရှာဖွေခွင့်ပြုခဲ့ရာ ခေါင်းလောင်းတည်နေရာကို ခိုင်ခိုင်မာမာ ပြန်လည်တင်ပြခဲ့ပါတယ်။ သို့သော် ခေါင်းလောင်းကြီး အပေါ်ကို တင်ယူရေးအတွက် အခက်အခဲများစွာရှိကြောင်း တင်ပြခဲ့ပါတယ်။ မြန်မာတိုင်းရင်းသား ပညာရှင်တစ်ယောက်ဖြစ်တဲ့ ဦးစံလင်း (ကော့သောင်းမြို့ )ကလည်း မြန်မာ့နည်း၊ မြန်မာ့ဟန်၊ မြန်မာ့ အဆင့်မြင့် ပညာဖြင့် ၁၉၉၇ ခုနှစ်၊ သြဂုတ်လမှ စက်တင်ဘာလအထိ ဆယ်ယူရန် ကြိုး ပမ်းခဲ့သော်လည်း အောင်မြင်မှု မရရှိခဲ့ပါဘူး။ ခေတ်မီနည်းစနစ်များ အသုံးပြုပြီးတော့ ရှာဖွေခြင်းကို မဆောင်ရွက်ခဲ့ရသေးပါဘူးရှင်။ ၁၅ ရာစုက သွန်းလောင်းခဲ့တဲ့ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဖြစ်တဲ့ ဓမ္မစေတီ ခေါင်းလောင်း တော်ကြီးကို ဆယ်ယူရရှိပါက ယဉ်ကျေးမှုတန်ဖိုးသာမက မြန်မာများ၏ ပန်းတဉ်း ပညာအဆင့်အတန်းသည် အမျိုးဂုဏ်၊ ဇာတိဂုဏ်ပို မိုမြင့်မားပြီးတော့ ဂုဏ်ယူ နိုင်မှာ ဖြစ်ပါတယ်။ ခေါင်းလောင်းပေါ်မှာမှတ်တမ်းများပါရေးထိုးထားလေ့ရှိသဖြင့်တိကျခိုင်မာသော အထောက်အထား များရရှိနိုင်ပြီးတော့ မြန်မာ့သမိုင်းအတွက်လည်းပဲ တန်ဖိုးမဖြတ်နိုင်တဲ့ အထောက်အထားတစ်ရပ် အဖြစ် ရှိလာမှာဖြစ်ပါတယ်။ ဓမ္မစေတီခေါင်း လောင်း ဆယ်ယူရန်အတွက် ကုမ္ပဏီများကလည်း ကမ်းလှမ်းခဲ့တာတွေ ရှိပါတယ်။ ၁၉၉၅ မှ ၁၉၉၇ ခုနှစ်အတွင်းမှာ Catalina Deep Sea Divers လုပ်ငန်းမှအမေရိကန်လူမျိုး ရေငုပ်သမားဂျင်ဘလန့်(Jin Blunt)ကလည်းကောင်း၊ ၂၀၁၀ ခုနှစ်က သြစတေးလျနိုင်ငံ Animax Film က ဓမ္မစေတီခေါင်းလောင်းတော်ကြီး ရှာဖွေရေးမှာ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန်လည်းကောင်း၊ ၂၀၁၀-၂၀၁၁ ခုနှစ်မှာ စင်ကာပူ နိုင်ငံမှ SD Mark International LLP ကုမ္ပဏီက လည်းကောင်း ကမ်းလှမ်းခဲ့တာတွေ ရှိပါတယ်။ စင်ကာပူ ကုမ္ပဏီကတော့ အမေရိကန်ငွေ ဒေါ်လာ(၁၀)သန်းခန့် အကုန်အကျခံ၍ သဘော်များငှားရမ်းကာ ရှာဖွေရန် ကမ်းလှမ်းထားတာ ရှိပါတယ်ရှင့်။ ဒီခေါင်းလောင်းကြီးကို ကျွန်မတို့ ရှာဖွေနိုင် ရရှိဖို့ကတော့ နည်းပညာ၊ အတတ်ပညာ၊ နည်းပညာရှင်၊ အတတ်ပညာရှင်တွေနဲ့ ငွေအင်အား၊ နောက် လိုအပ်တဲ့ စက်ကိရိယာပစ္စည်း Instrument တွေ ပြည့်စုံမှသာလျှင် ဆောင်ရွ က်နိုင်မှာ

ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုပါ ကုမ္ပဏီများနဲ့ ဆက်လက်ပြီးတော့ ညှိနှိုင်းဆောင်ရွက်သွားရန် ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ရှင့်။

အခုဆက်လက်ပြီးတော့ ဒုတိယမေးခွန်းကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင် (ခ)ဦးအောင်ကျော်ဦး မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဖြေကြားမှာ ဖြစ်ပါတယ်ရှင့်။ ပြတိုက်များနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ စိတ်ဝင်တစားဖြင့် အားပေးခြင်း၊ အကြံပြုခြင်းများကြောင့် ကျွန်မတို့များစွာ ဝမ်းမြောက်မိပါတယ်။ ပြတိုက်ဆိုသည်မှာ ငွေ ကြေးအကျိုးအမြတ်ရရှိရေးကို အဓိက မထားဘဲ အများပြည်သူအကျိုးငှာ ပညာပေးနိုင်သော ယဉ်ကျေးမှုအရ၊ သမိုင်းကြောင်းအရ၊ အနုပညာလက်ရာမြောက်မှုအရ တန်ဖိုးရှိသော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက် လေ့လာသုတေသနပြု၍ အများပြည်သူအားစိတ်ချမ်းမြေ့စွာ လေ့လာသင်ယူနိုင်စေရန်နှင့် ပညာပေးရန်အတွက် ခင်းကျင်းပြသခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန် ရည်ရွယ်၍ ဖွင့်လှစ်ထားသော အဆောက်အအုံ ဟု အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီက အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ထားပါတယ်။ ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ထိုကဲ့သို့သဘောရှိသော ပြတိုက်များကို ဖွင့်လှစ်ပြသရာ၌ နိုင်ငံတော်က ချမှတ်ထားသည့် လူမှုရေးရည်မှန်းချက်များ အောင်မြင်ရေးအတွက် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့်အညီ ပြတိုက်များကို တည်ထောင်ပြီး အများပြည်သူများအား ဖွင့်လှစ်ပြသခြင်း ပြတိုက်ပညာပေးရေးအစီ အစဉ်များ ရေးဆွဲပြီး ကျောင်းသားလူငယ်များအား ပညာပေးခြင်း၊ ယဉ် ကျေးမှုအမွေအနှစ် ပြတိုက် များအား စုဆောင်းခြင်းနှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံသည် မြန်မာ့တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုမှုအမွေအနှစ်များ ထိန်းသိမ်းပြသရန်အတွက် ယဉ် ကျေးမှုဝန်ကြီးဌာနကို စတင်တည်ထောင်ခဲ့သည့် ၁၉၅၂ ခုနှစ်မှစပြီး ရန်ကုန်မြို့မှာရှိတဲ့ အမျိုးသားပြတိုက်အပါအဝင် ပြည်နယ်အားလုံးနှင့် တိုင်း (၂)ခုတို့တွင် ယဉ်ကျေးမှုပြတိုက် (၁၁)ခု ဖွင့် လှစ်ခြင်း၊ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက် (ရန်ကုန်)၊ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် (နတ်မောက်) စသည့် အထိမ်းအမှတ်ပြတိုက်များ ဖွင့်လှစ်ခြင်း၊ ညောင်ရွှေဗုဒ္ဓပြတိုက်၊ စစ်ကိုင်းဗု ဒ္ဓပြတိုက်၊ စစ်တွေဗုဒ္ဓပြတိုက် ကဲ့သို့သော ဗု ဒ္ဓပြတိုက်များ၊ ကျောက်တော်မဟာမုနိ ပြတိုက်နှင့် ဘုတလင်ပြတိုက်ကဲ့သို့ ဒေသဆိုင်ရာပြတိုက်များ၊ စလေရုပ်စုံကျောင်းကဲ့သို့ ဘုန်းတော်ကြီးကျောင်းပြတိုက်များ၊ မန္တလေးမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်

ယဉ်ကျေးမှုပြတိုက်ကဲ့သို့ ရတနာပုံခေတ် နန်းတွင်းအသုံးအဆောင်များကို ပြသသည့် ပြတိုက်၊ ပုဂံရှေးဟောင်း သုတေသနပြတိုက်၊ သရေခေတ္တရာ ရှေးဟောင်းသုတေသနပြတိုက်၊ မြောက်ဦး ရှေးဟောင်း သုတေသနပြတို က် စသည်တို့အပါအဝင် ရှေးဟောင်းသုတေသနပြ တိုက် (၈)ခု၊ ပြတိုက်အမျိုးအစားအားဖြင့် (၇)မျိုး စုစုပေါင်းပြတိုက် (၂၈)ခု အမျိုးဂုဏ်၊ ဇာတိဂုဏ်အတွက် မြနန်းစံကျော် ရွှေနန်းတော် ကမ္ဘောဇသာဒီ ရွှေနန်းတော်၊ ရွှေဘုံရတနာမင်္ဂလာနန်းတော်၊ သီရိဇေယျ ဘူမိပုဂံနန်းတော်တို့ကိုလည်း ရှေးမူမပျက် ပြန်လည်တည်ဆောက်ပြီးတော့ ဖွင့်လှစ်ကာ ပြည်သူ လူထုကို အသိပညာ ပေးခဲ့ပါတယ်။ ဒေသအသီးသီးမှာရှိတဲ့ မြန်မာတိုင်းရင်းသားတို့၏ ယဉ်ကျေးမှု၊ လက်မှုအနုပညာ၊ အနုသုခုမဆိုင်ရာပညာ တူရိယာပစ္စည်းများ၊ ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ ပရိဘောဂ အသုံးအဆောင်များ အသက်မွေး ဝမ်းကျောင်း နေထိုင်စားသော က်မှု ပုံစံများ၊ ဓလေ့ထုံးစံများစသည့် ကဏ္ဍအသီးသီးကိုလည်း ပြည်နယ်နှင့်တိုင်းဒေသကြီးများမှာရှိတဲ့ ယဉ်ကျေးမှုပြတိုက်များမှာ စုံလင်စွာပြသထားပါတယ်။ အမျိုးသားပြတိုက်(ရန်ကုန်)မှာဆိုရင်လည်း ပရိုင်းမိတ်များ၊ ကျောက်လက်နက်ကိရိယာများ၊ ကျောက်ခေတ်ယဉ်ကျေးမှုများကို ပြသထားသည့် ပြခန်းများ၊ ပျူခေတ်မှ ရတနာပုံခေတ်အထိ သမိုင်းဝင်ခေတ်အဆက်ဆက် ယဉ်ကျေးမှုများကို ပြသထားသည့် ပြခန်းများ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် တက်ကြွစေရန် မြန်မာတို့၏ နောက်ဆုံးမင်း နေပြည်တော် စိုက်ခဲ့ရာ ရတနာပုံခေတ် မန္တလေး၏ သီဟာသနပလ္လင်ပြခန်း အပါအဝင် နန်းမူ၊ နန်းရာ အဆင်တန်ဆာများကို ပြသထားသည့် ပြခန်းများ၊ ကြွယ်ဝလှသည့် မိမိတို့၏ လက်မှုအနု ပညာများကို အများပြည်သူ များ မှတ်သားဗဟုသုတ ရရှိနိုင်စေ ရန်အတွက် ရှေးဟောင်း အဆင်တန်ဆာရတနာပြခန်း၊ ရိုးရာပန်း (၁၀)မျိုးပြခန်း၊ ဝါဂီနစ်ပြခန်းနှင့် ပန်းချီကားများပြခန်း စသည်တို့ဖြင့် ခင်းကျင်းပြသထားပါတယ်။ မြန်မာအက္ခရာများ အဆင့်ဆင့် ပြောင်းလဲလာပုံ၊ (၂၀)ရာစုမှ ထင်ရှားကျော်ကြားခဲ့သည့် ကွယ်လွန်သူ စာရေးဆရာကြီးများ၏ လက်ရေးစာများ၊ တိုင်းရင်းသားအသီးသီးတို့၏ စာပေများကို လေ့လာနိုင်သည့် အက္ခရာနှင့် လက်ရေးမူပြခန်းများ၊ ရိုးရာဓလေ့များကို ပြသထားသည့် မြန်မာ့ရိုးရာ ကျေးလက်အနုပညာပြခန်း၊ ဒေသတွင်းနိုင်ငံများ၏ ယဉ်ကျေးမှုများကို အပြန်အလှန်သိရှိစေနိုင်သည့် ASEAN-CORNER ပြကွက်၊ တိုင်းရင်းသား အသီးသီး၏ ယဉ်ကျေးမှုပြခန်း၊ ထေရဝါဒ ဗုဒ္ဓသာသနာဆိုင်ရာ ခေတ်အဆက်ဆက် ဗုဒ္ဓဆင်းတုများ ကို လေ့လာနိုင်သည့် ဗုဒ္ဓဆ င်းတုတော်ပြခန်း၊ တိုင်းကျိုးပြည်ပြုပြခန်း စသည်ဖြင့် စုံလင်စွာ ခင်းကျင်းပြသထားပါတယ်။ ထို့အပြင် ယခုအခါ နေပြည်တော်တွင် အမျိုးဂုဏ်၊ ဇာတိဂုဏ်

ဖော်ထုတ်ပြသရန် ကြွယ်ဝပြီး အဆင့်အတန်းမြင့်သည့် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ပြသရန် မိမိတို့လူ မျိုး၏ စွမ်းဆောင်ချက်များကို ပြသရန် အတွက် မိမိနိုင်ငံနှင့် လူမျိုး၏ဂုဏ်ဒြပ်နှင့်ညီသော၊ နိုင်ငံတော်အဆင့်နှင့်ညီသော ပြတိုက်အဖြစ်လည်းကောင်း၊ ခေတ်မီဆွဲဆောင်မှုရှိပြီး အဆင့်အတန်းမြင့်၍ ထိန်းသိမ်းမှုစနစ်မှန်ကန်သော ပြတိုက် အဖြစ်လည်းကောင်း ရည်မှန်းချက်များထားကာ အမျိုး သားပြတိုက်သစ်ကြီးကို တည်ဆောက်လျက် ရှိပြီး ပထမအဆင့်အဖြစ် ပြခန်း(၁၃)ခန်း ခွဲ၍ ခင်းကျင်းပြသရန် စီစဉ်ထားပါတယ်ရှင်။ နိုင်ငံတော်နှင့် နိုင်ငံသားများ လေ့လာအတုယူ လေးစားဂုဏ်ယူတတ်စေရန် ခေတ်အဆက်ဆက်နိုင်ငံ့တာဝန် ထမ်းဆောင်ခဲ့ကြတဲ့ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများ ပြခန်းကိုလည်း ခင်းကျင်း ပြသသွားမှာဖြစ်ပါတယ်။ ထို့အပြင် ရှမ်းပြည်နယ်၊ လားရှိုးမြို့နှင့် ညောင်ရွှေမြို့တို့တွင် ယဉ်ကျေးမှု ပြတိုက်များ ထပ်မံခင်းကျင်း ဖွင့်လှစ်သွားရန်လည်း စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ ဖော်ပြပါ ပြတိုက်များကို ကြည့်မယ်ဆိုရင် အ မျိုးသားပြတိုက်များ၊ ယ ဉ်ကျေးမှုပြတိုက်များ ရှေးဟောင်းသုတေသနပြတိုက်များ၊ အထိမ်းအမှတ်ပြတိုက်များ၊ ဒေသဆိုင်ရာ ပြတိုက်များ၊ သစ်သား ဘုန်းတော်ကြီးကျောင်းပြတိုက်၊ ဗုဒ္ဓပြတိုက်များ စသည်ဖြင့် အမျိုးအစားခွဲခြားပြီး ပြသသွားတာကို တွေ့ရှိနိုင်မှာဖြစ်ပါတယ်။ ယင်းပြတိုက်များတွင် ပြည်သူများ လေ့လာမှတ်သားနိုင်စေရန် ဗဟုသုတရရှိနိုင်စေ ရန်အတွက် ပြခန်းများအား ပညာပေးရေးသဘောဆောင်သော ခင်းကျင်းမှုများအဖြစ် ပြောင်းလဲခြင်း၊ ပညာပေးရေးအစီအစဉ်များ ရေးဆွဲဆောင်ရွက်ခြင်း၊ အထူးပြပွဲများပြသခြင်း၊ ပြခန်းအတွင်း ရှင်းလင်းချက်စာသားများ၊ အညွှန်းကဒ်များ ပြည့်စုံစွာ ရေးသားပေး ထားခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ပြတိုက်များတွင် ကျောင်းသားလူငယ်များ၊ ပိုမိုအဆင်ပြေစွာ လေ့လာနိုင်စေရန်အတွက် ၂၀၁၁ ခုနှစ်မှစ၍ ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ပြတိုက်များအားလုံးတွင် ကျောင်းသား/ကျောင်းသူများအား အခမဲ့လေ့လာခွင့် ပြုထားပြီးဖြစ်ပါတယ်။

ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ပြတိုက်များအပြင် ဘာသာရပ်နယ်ပယ်အလိုက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ဖွင့်လှစ်ထားသည့် တပ်မတော် စစ်သမိုင်းပြတိုက်၊ မူးယစ်ဆေးဝါးပြတိုက်၊ စိုက်ပျိုးရေးပြတိုက်၊ သဘာဝသမိုင်းပြတိုက်၊ ကျောက်မျက်ရတနာပြတိုက် စသည်ဖြင့် ကဏ္ဍစုံလင်စွာ ဖွင့်လှစ်ပြသထားပြီးဖြစ်ပါတယ်။ ကျွန်မတို့ ဝန်ကြီးဌာန အနေနဲ့လည်းပဲ ခုနလွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြ သွားတဲ့အတိုင်းပါပဲ။ ပုဂ္ဂလိက ပြတိုက်များ ခင်းကျင်းပြသတဲ့အခါမှာလည်းပဲ ဝန်ကြီးဌာနမှ ပညာရှင်များက သွားရောက်ပြီးတော့ စိုးဝန်းကူညီ ပူးပေါင်း

ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယခုအခါမှာတော့ ယဉ်ကျေးမှုဝန်ကြီးဌာနအနေနဲ့ ဘဏ္ဍာရေး အခြေအနေအရ သက်ဆိုင်ရာကဏ္ဍအလိုက် အထူးပြုပြသသောပြတိုက်များ သီးခြားတည်ထောင် ဖွင့်လှစ်ရန် အစီအစဉ်များ မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်ရှင်။ ကျေးဇူး အထူး တင်ပါတယ်ရှင်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၄။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက မေးမြန်းသည့် မေးခွန်းများသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်း က ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**နိုင်ငံ့ဝန်ထမ်းများအတွက် စရိတ်နည်းမြေကွက်နှင့် အိမ်ရာများကို ရန်ကုန်စီးပွားရေးမြို့တော်တွင် နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၁း၁၄။**

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး က နိုင်ငံ့ဝန်ထမ်းများအတွက် စရိတ်နည်းမြေကွက်နှင့် အိမ်ရာများကို ရန်ကုန် စီးပွားရေးမြို့တော်တွင် နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၄။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှ ယ်များ အားလုံး မင်္ဂလာပါခင်ဗျာ ။ ဒီမေးခွန်းကို မေးတဲ့အခါမှာ မေးခွန်းရဲ့အတိအကျမေးခွန်းကတော့ နိုင်ငံ့ဝန်ထမ်းများ ဘဝနောင်ရေးစိတ်အေးရရန် အိုးပိုင်အိမ်ပိုင်ဖြင့် အေးချမ်းစွာ နေထိုင်နိုင်ရန် ဝန်ထမ်းများအတွက် စရိတ်နည်းမြေကွက်နှင့် အိမ်ရာများကို ရန်ကုန်စီးပွားရေးမြို့တော်တွင် နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ /မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းတွေရဲ့ လစာကို ပုဂ္ဂလိက

ဝန်ထမ်းများနဲ့ နှိုင်းယှဥ်ရင် အင်မတန်မှ နည်းပါးနေတယ်ဆိုတာကို ပြည်ထောင်စုလွှတ်တော်မှာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးကလည်း အကျယ်တဝင့်တင်ပြသွားပြီး ဖြစ်ပါတယ်။ အဲဒီတော့ လက်ရှိ အနေအထားမှာတော့ နိုင်ငံ့ဝန်ထမ်းများရဲ့ လစာဟာ နေ့စဥ ကုန်စျေးနှုန်းတွေ ကြားထဲမှာပဲ ကျင်လည်နေရပြီးတော့ ပိုပိုလျှံလျှံ စုဆောင်းနိုင်တဲ့ အနေအထား မရှိတာကို တွေ့ရှိနေရပါတယ်။ အဲဒီအခါမှာ တာဝန်ထမ်းဆောင်ပြီးတော့ တာဝန်က အနားယူတဲ့အချိန်မှာ ဘဝနောင်ရေးအတွက် အိုးပိုင် အိမ်ပိုင်များနဲ့ နေနိုင်ဖို့ဆိုတာဟာ တော်တော်လေးကို ခက်ခဲတဲ့အနေအထားရှိပါတယ် ဥက္ကဋ္ဌကြီး ခင် ဗျား။ အထူးသဖြင့် ရန်ကုန်စီးပွားရေးမြို့တော်မှာရှိတဲ့ မြေ စျေး၊ အိမ်စျေးတွေဟာ အင်မတန်မှ ကြီးမြင့်နေတဲ့အတွက်ကြောင့်မို့လို့ ဝန်ထမ်းတွေအနေနဲ့ လက်လှမ်းမမီတဲ့ အနေအထား ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေးမြို့တော်ဖြစ်တာနဲ့အညီ လူနေမှုစရိတ်တွေ ဟာ မြင့်မားပါတယ်။ တာဝန် ထမ်းဆောင်တဲ့အချိန်မှာတော့ နေထိုင်ရေးအဆင်ပြေပေမယ့် အငြိမ်းစား ယူတဲ့အချိန်မှာတော့ အိုးပိုင် အိမ်ပိုင်နဲ့ နေနိုင်ဖို့ဆိုတာ အခက်အခဲများစွာ ရှိနေပါ တယ်။ ယခင်အစိုးရတွေ လက်ထက်တုန်းက လည်း မြို့သစ်စီမံကိန်းတွေ အကောင်အထည်ဖော်ပြီးတော့ ဝန်ထမ်းတွေကို ဦးစားပေးပြီးတော့ နေရာချထားခဲ့တာတွေ ရှိပါတယ်။ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သာကေတ၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ ဒဂုံမြို့သစ်မြို့နယ်တွေ အစရှိတဲ့ မြို့နယ်တွေမှာ ဝန်ထမ်းရပ်ကွက်တွေ ဖော်ထုတ်ပြီးတော့ သက်သာတဲ့နှုန်းထားတွေနဲ့ မြေကွက်တွေ ရောင်းချပေးခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ယခု ပြည်ထောင်စု အစိုးရသစ်ကလည်း ပြည်သူတို့၏ ဆန္ဒကို ဆန္ဒနဲ့အညီ နိုင်ငံ့ဝန်ထမ်းများ ဘဝနောင်ရေးစိတ်အေးရရန် အိုးပိုင်အိမ်ပိုင်ဖြင့် အေးချမ်းစွာ အခြေတကျ နေထိုင်နိုင်ရန် ဝန်ထမ်းများအတွက် စရိတ်နည်း မြေကွက်နဲ့ အိမ်ရာများကို ရန်ကုန် စီးပွားရေးမြို့တော်တွင် နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်အစီအစဥ် ရှိ/မရှိ နဲ့ ရှိပါကလည်း မည်သည့်အချိန်မှာ မည်သို့အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် အများ ပြည်သူအကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အပြု သဘော မေးမြန်းတင်ပြ အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## လပွတ္တာ - သယ်န်းကြီး ကားလမ်းအား ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးလှိုင်ဦး က လပွတ္တာ-သယ်န်းကြီး ကားလမ်းအား ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၆။**

**ဦးလှိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) ။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်ဦး ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ လပွတ္တာ-သယ်န်းကြီး ကားလမ်းအား ပြုပြင်ထိန်းသိမ်းပေးဖို့ ဆိုတဲ့ဟာလေးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် မေးမြန်း ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လပွတ္တာမြို့နယ်မှာရှိတဲ့ လပွတ္တာမြို့နယ်မှာရှိတဲ့ လပွတ္တာ -သယ်န်းကြီးကားလမ်းဟာ မို င်အရှည် (၁၈)မိုင် (၆)ဖာလုံခန့် ရှိပါတယ်။ ဒီကားလမ်းမှာဆိုရင် လပွတ္တာမြို့အထွက်ကစပြီး တင်ပြရမယ်ဆိုရင်တော့ တံတား(၃)စင်း ရှိပါတယ်။ ပထမဦးဆုံး ဖြစ်တဲ့ ဆားကျင်းချောင်း -တံတားလမ်း ဆောက်လုပ်ရေးဝန်ကြီးဌာနက အခိုင်အမာတည်ဆောက် ပေးထားတဲ့အတွက် ကောင်းမွန်ပါတယ်။ အလယ်မှာရှိတဲ့ မရမ်းချောင်း တံတားကတော့ အနည်းငယ်ပြုပြင်ထိန်းသိမ်းဖို့ လိုအပ်ကြောင်းတင်ပြလိုပါတယ်။ နော က်တစ်ခု ဖြစ်တဲ့ ကျွန်တော်တို့ ငလျှင်ကျော်ချောင်းတံတားကလည်း သစ်သားတံတားဖြစ်သော်လည်း ကောင်းမွန်တဲ့တံတား ဖြစ်ပါတယ်။ လမ်းရဲ့ ဒီ (၁၈)မိုင် (၆)ဖာလုံမှာ လမ်းရဲ့ အစိတ်အပိုင်း တော်တော်များများဟာ အမာခံမြေသားလမ်းများဖြစ်ပြီးတော့တချို့လမ်းအပိုင်းတွေ မြို့အထွက်မှာ တော့ဆိုရင် ကျွန်တော်တို့ အဆင့်မြင့်ကျောက်ချောလမ်း၊ ကတ္တရာလမ်းအပိုင်းအစများကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ ဆော င်ရွက်ပေးထားတာကို ကျွန်တော်တို့ အနေနဲ့ တွေ့ရှိရပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့အနေနဲ့ အထူးဂရုပြု တင်ပြချင်တာကတော့ လပွတ္တာ - သယ်န်းကြီး ကားလမ်းရဲ့ မို င်တိုင်အမှတ်(၂)မိုင်(၀)ဖာလုံကနေ (၂)မိုင်(၄)ဖာလုံရဲ့အကြား

ကျွန်တော်တို့ရဲ့ (၅)ဖာလုံလောက်မှာ ရှိတဲ့နေရာဟာ မြစ်ရေတိုက်စားပြီးတော့ ပြိုကျမယ့် အလားအလာများ ရှိပါတယ်။ ဒါမျိုးကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ၊ ဆောက်လုပ်ရေးဝန်ကြီးကိုရော၊ ဒုတိယဝန်ကြီးကိုရော ကျွန်တော် ဓာတ်ပုံလေးနဲ့တကွ တင်ပြထားပါတယ်။ မြစ်ရေ ရေပြည့်ခါနီးအချိန်မှာ ကျွန်တော် ရိုက်ထားတာဖြစ်ပါတယ်။ ဒီ တာဘေး ပေ ၂၀၊ ၃၀ ပတ်ဝန်းကျင်လောက်အထိ ဒီပုံမှာ မြင်တဲ့အတိုင်းပဲ ကျွန်တော်တို့ သင်္ဘော ခုတ်မောင်းလို့ရတဲ့ အခြေအနေဖြစ်ပါတယ်။ တကယ်တော့ ဒီကားလမ်းရဲ့ မူလအစဟာ ရေငန်တားတာအဖြစ် ဆည်မြောင်းဝန်ကြီးဌာနက လွန်ခဲ့တဲ့ အနှစ်(၃၀)လောက်က စလုပ်ပြီးတော့ လွန်ခဲ့တဲ့အနှစ် (၂၀) ပတ်ဝန်းကျင်ပေါ့လေ။ ၁၉၉၀ ခုနှစ် ပတ်ဝန်းကျင်လောက်မှာ ဒေသမှာရှိတဲ့ အုပ်ချုပ်ရေး အဖွဲ့တွေ ဒေသမှာရှိတဲ့ ပြည်သူတွေဟာ ပျော်ပျော်ပါးပါးနဲ့ လိုလိုလားလားနဲ့ ဒီလမ်းကြီးကို ကျွန်တော်တို့က ဆက်သွယ်ရေးလမ်းအဖြစ်ပါ ပြုပြင်ပြီးတော့ ကျွန်တော်တို့ ဖော်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ကတော့ နာဂစ်မုန်တိုင်းကာလပြီးတဲ့ နောက်ပိုင်းမှာ လပွတ္တာ -သယ်န်းကြီး-ပြင်စလူ ကားလမ်းအဖြစ် တာဝန်ယူပြီးတော့ ကျွန်တော်တို့ ပြုပြင် ထိန်းသိမ်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီ လပွတ္တာ -သယ်န်းကြီးကားလမ်းဟာ ဆိုလို့ရှိရင် ကျွန်တော်တို့ဒေသအတွက်တော့ ရေငန်တားတာတစ်ခုလည်း ဖြစ်ပါတယ် ။ နောက်တစ်ခါ ဒေသမှာရှိတဲ့ ကျေးရွာ အုပ်စု(၅)စု၊ ကျေးရွာခွဲ (၆၀)လောက်ရှိတဲ့ ကျေးရွာသူ ကျေးရွာသား လူဦးရေ(၇၀၀၀၀)လောက်ရဲ့ အသက်သွေးကြောသဖွယ် မှီခိုအားထားရာ ဆက်သွယ်ရေးလမ်းလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ နာဂစ်မုန်တိုင်းလို သဘာဝဘေးအန္တရာယ် ပြင်းထန်စွာ ကျရောက်စဉ်အခါတုန်းကလည်း ကျွန်တော် တို့ ဒီလမ်းတာဘောင်ပေါ် မှာ ကျွန် တော်တို့က ဒီလမ်းကြီးကို အသက်ကယ် ကုန်းမြင့်အဖြစ် နောင် နာဂစ်ပြီးတဲ့ကာလ ချ က်ချင်းမှာပဲ လှေတွေ၊ သင်္ဘောတွေမြုပ်ပြီးတော့ သုံးမရတဲ့ အချိန်မှာ ဆက်သွယ်ရေးလမ်းအဖြစ် ဒေသမှာရှိတဲ့ ပြည်သူ အများစုက အသုံးပြုရတဲ့၊ အားကိုးအားထားပြုရတဲ့ လမ်းတစ်လမ်းလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒါနဲ့ပတ်သက်ပြီးတော့ ဒီလမ်းကြီးကို ဒီဆောက်လုပ်ရေးဝန်ကြီး ဌာနအနေနဲ့ အလျှင်အမြန် ပြုပြင် ပေးဖို့အတွက် ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံ တောင်းဆို လိုပါတယ်။ ကျွန်တော် ဥက္ကဋ္ဌကြီး ကတစ်ဆင့် တင်ပြတဲ့ စာလေးကတော့ ဒီ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလဆန်းပိုင်းမှာ ကျွန်တော် တင်ပြတာဖြစ်ပါတယ်။ အဲဒီအချိန်အထိကတော့ ကျွန်တော့် ပုံပါအတိုင်း ဒီလမ်းကိုလုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း မရှိသေးပါဘူး။ သို့သော်ကျွန်တော့်အနေနဲ့လည်း

ခရိုင်အုပ်ချုပ်ရေးအဖွဲ့၊ ခရိုင်အင် ဂျင်နီယာနဲ့ မြို့နယ် အင်ဂျင်နီယာစတဲ့ ပုဂ္ဂိုလ်များကိုလည်း ကျွန်တော် ဓာတ်ပုံနဲ့တကွ တင်ပြပြီးတော့ ဆွေးနွေးပြီးတော့ ပြုပြင်ထိန်းသိမ်းပေးဖို့ ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက် ဖို့လည်း ကျွန်တော် ့အနေနဲ့ တိုက်တွန်းခဲ့ပါတယ်။ အခု ကျွန်တော် သိရတာကတော့ လမ်းရဲ့ ကျွန်တော် တင်ပြ ပါ (၂)မိုင် (၀)ဖာလုံ ကနေပြီးတော့ (၂)မိုင် (၄)ဖာလုံဝန်းကျင်မှာ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တွေက လည်း တုပ်ရိုက်ပြီးတော့ ကျောက်ချ ပြီးတော့ စတင်ဆောင်ရွက်နေပြီလို့ သိရပါတယ်။ ကျွန်တော်တို့ ဌာနအနေနဲ့ ဘတ်ဂျက် ကျ မကျ၊ ဘဏ္ဍာငွေ ခွဲဝေမှု ရမရတော့ ကျွန်တော့်အနေနဲ့ သေချာ မသိပါဘူး။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ထပ်မံတင်ပြ မေ တ္တာရပ်ခံလိုတာကတော့ ဥက္ကဋ္ဌကြီး မှ တစ်ဆင့် ထပ်မံတင်ပြချင်တာကတော့ ဒီလမ်းအပိုင်းဟာ အမြန်ပြုပြင်ဖို့ လိုအပ်တဲ့လမ်း ဖြစ်ပါတယ်။ တကယ်လို့ ကျွန်တော်တို့ ဒီအတိုင်းပစ်ထားမယ်ဆိုရင်တော့ မိုး တွင်းကာလ သို့မဟုတ် မကြာမီကာလမှာ လမ်းက ကျွန်တော်တို့ ဒီ (၅)ဖာလုံလောက်က အကုန်လုံး ပျက်စီး သွားပြီးတော့ လမ်းလည်း ပျက်သွားမယ်။ နောက်တစ်ခါ ရေငန်တွေဝင်ပြီးတော့ နောက်ဆက်တွဲ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းတွေ မှာလည်း ထိခိုက်မှာ စိုးတဲ့အတွက် ဒီလမ်းပိုင်းလေးကိုတော့ ကျွန်တော် တို့အဓိကထားပြီးတော့ ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ပေးပါလို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြ တောင်းခံအပ်တယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**တပ်တောင်-ကျွဲကူး ဆက်သွယ်မည့် တံတားအား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၂၁။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးမောင်စောဖြူ က တပ်တောင် - ကျွဲကူး ဆက်သွယ်မည့် တံတားအား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၁။**

**ဦးမောင်စောဖြူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) ။** ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာပါစေလို့ ဆုတောင်းရင်း ဂါရဝပြုပါတယ်။ ကျွန်တော်သည် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)က ဦးမောင်စောဖြူ ဖြ စ်ပါတယ်။ ကျွန်တော် အခုမေးရမယ့် မေးခွန်းကိုစ္စကတော့

တပ်တောင်-ကျွဲကူးဆက်သွယ်ရေးတံတား ဆောက်လုပ်ရန်ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ အဲဒီ မေးခွန်းမေးရခြင်းရဲ့ အကြောင်း တရားက ကျွန်တော်က အဲဒီ တပ်တောင် -ကျွဲကူး ရွာသူရွာသား မဟုတ်ပါ။ ကျွန်တော်က စစ်တွေမှာနေတဲ့အတွက်ကြောင့် တစ် ခါတလေသူတို့ဆီကိုသွားတဲ့အခါ တပ်တောင် က ရွာသူရွာသားတွေ၊ ကျွဲကူးက ရွာသူရွာသားတွေက ဒီတံတားဆောက်လုပ်ရေးကို တင်ပြပေး ပါဦးဆိုလို့ ကျွန်တော်သည် တင်ပြရခြင်းဖြစ်ပါတယ်။ အဲဒါကို နည်းနည်းပါးပါး စာနဲ့ ဖတ်ပြပါမယ်။ ခွင့်ပြုပါ။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ရခိုင်ပြည်နယ်၊အမ်းမြို့နယ် တပ်တောင်ကျေးရွာရှိ တပ်တောင် -ကျွဲကူး ဆက်သွယ်မယ့် အမ်းချောင်းတံတားသည် ယခင်အစိုးရလက်ထက် စီမံကိန်းတွင် ပါဝင် ခဲ့သည်ဟု သိရပါသည်။ သို့သော် ယခု အချိန်အထိ ဤချောင်းကူးတံတား အား အကောင်အထည်မဖော်နိုင်သေးသည်ကို တွေ့မြင်ရပါသည်။ ကျွဲကူးမှ တောင်ကုတ် ဆက်သွယ်သည့်ကားလမ်းသည် မိုင် (၁၀၀) ကျော်ခန့် ဝေးပြီး တပ်တောင်မှ ရှူးကားလမ်းပိုင်း သည် (၂၇)မိုင်ခန့် ဝေးပါသည်။ ယခုအခါတွင် တပ်တောင်နှင့် ဒေသခံလူဦးရေ (၂၀၀၀၀၀)ခန့် သည် ဒေသထွက်ကုန်များဖြစ်သည့် ငါး၊ ပုစွန်နှင့် ရော်ဘာစသည်ဖြင့် ဒေသထွက်ကုန်ပစ္စည်းများ ကို ပြည်မသို့တင်ပို့ရာတွင် ဤလမ်းမကြီးအား အဓိက အားထားနေကြရ ပါသည်။ ဤဒေသ၏ လိုအပ်ချက်ဖြစ်သော လူသုံးကုန်ပစ္စည်းများကို ပြည်မမှ တင်သွင်းရာတွင်လည်း ယင်းလမ်းမကြီး ကို အမှီပြုနေရပါသည်။ ဤတံတားကြီး မရှိသောကြောင့် ကုန်ပစ္စည်းတင်သည့် ကားများသည် ခရီးဝေးသွားလာရခြင်း၊ မိုး တွင်းအခါတွင် လမ်းမကောင်းခြင်း စသည့်အခက်အခဲများကြောင့် ဒေသခံလူထုမှာ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းကိုလည်း ခံစားနေရပါသည်။ ဆင်းရဲနွမ်းပါးသော ဒေသခံပြည်သူများ၏ ဘဝရပ်တည်မည့် အခက်အခဲများစွာတို့သည်လည်း ၁၉၉၃-၁၉၉၄ ခုနှစ် ကတည်းက စီမံကိန်းဝင် ဤတံတားကြီး ဆောက်လုပ်ပေးလျှင် ပို ၍အဆင်ပြေမည် ဖြစ်ပါသည်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ကျွန်တော့်အနေနှင့် မေးခွန်းမေးလိုသည်မှာ(၁) တပ်တောင်- ကျွဲကူး ဆက်သွယ်မည့်တံတားအား ဆောက်လုပ်ရန် အစီအစဉ် ရှိ /မရှိ သိလိုပါတယ်။ (၂) ဆောက်လုပ် ရန်ရှိပါက မည်သည့်အချိန်တွင် စတင်ဆောက်လုပ်မည်ကို သိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**မိတ္ထီလာကန်ကူးတံတားနှင့်ယှဉ်၍ တံတားသစ်တစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးစိုးအောင် က မိတ္ထီလာကန်ကူး တံတားနှင့်ယှဉ်၍ တံတားသစ်တစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၇။**

**ဦးစိုးအောင် ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) ။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင် ဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သ အပ်ပါတယ်။ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိတ္ထီလာကန်ကူးတံတားနှင့်ယှဉ်ပြီး တံတားအသစ်တစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ /မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ အချိန်ကိုငဲ့ညှာသောအားဖြင့် ကျွန်တော့်ရဲ့ မေးခွန်းအား ဖတ်ကြားမေးမြန်းခွင့်ပြုပါရန် ရိုသေစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိတ္ထီလာမြို့နယ်ဟာ မြို့ပေါ် ရပ်ကွက်(၁၄)ရပ်ကွက်၊ ကျေးရွာအုပ်စု (၅၀)အုပ်စု ပါဝင်ဖွဲ့ စည်းထားသော မြို့နယ်ဖြစ်ပါတယ်။ မိတ္ထီလာမြို့နယ်အတွင်းမှာ လူဦးရေ (၃)သိန်းကျော်ရှိပြီး၊ မြို့နေလူဦးရေ (၁)သိန်းခန့်ရှိသော မြို့တစ်မြို့ ဖြစ်ပါတယ်။ မြို့ရဲ့အရှေ့ဘက်အခြမ်းမှာ တပ်မ၊ တပ်နယ်၊ တပ်ရင်းတပ်ဖွဲ့များ၊ လေကြောင်းအတတ်သင် လေတပ်စခန်း၊ မြေပြင်အတတ်သင် လေတပ် စခန်း၊ တပ်မတော် ချည်မျှင်နှင့်အထည်စက်ရုံ၊ တပ်မတော် စစ်ဆေးရုံ၊ တပ်မတော် ကာကွယ်ရေးပစ္စည်းစက်ရုံ၊ အစိုးရဌာနဆိုင်ရာ ခရိုင်၊ မြို့နယ်အဆင့်ရုံးများ၊ စီးပွားရေးတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ အာကာသသိပ္ပံ၊ အ .ထ.က၊ အ .လ.က၊ အ .မ.က ကျောင်းများ ၊ ပရိယတ္တိ စာသင်တိုက်ကြီးများ၊ မြို့နယ်စည်ပင်သာယာရေးဈေးကြီးစသော အရေးကြီးနေရာများနှင့်

ရပ်ကွက်ကြီး(၁၁)ရပ်ကွက်ရှိ ပါတယ်။ မြို့ရဲ့အနောက်ဘက်မှာ အစိုးရဌာနဆိုင်ရာ ခရိုင်၊ မြို့နယ် အဆင့်ရုံးများ၊ တရားရုံးများ၊ တပ်ရင်းတပ်ဖွဲ့များ၊မိတ္ထီလာတက္ကသိုလ်၊ ဆရာအတတ်သင်ကောလိပ်၊ အထွေထွေရောဂါကုဆေးရုံ၊ မျက်စိ၊နား၊နှာခေါင်း၊လည်ချောင်းဆေးရုံ၊ သူနာပြုသင်တန်းကျောင်း၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေး သင်တန်းကျောင်း၊ စက်မှုလယ်ယာသင်တန်းကျောင်း၊ ပရိယတ္တိ စာသင်တိုက်ကြီးများ၊ အ .ထ.က၊ အ .လ.က၊ အ .မ.ကကျောင်းများနှင့် ရပ်ကွက်ကြီး ( ၃)ရပ်ကွက် တည်ရှိပါတယ်။ မိတ္ထီလာကန်တော်ကြီးသည် မြို့၏အလယ်တွင် တည်ရှိပြီး မြို့၏ အရှေ့ဘက်နှင့် အနောက်ဘက်ခြမ်းကို မိတ္ထီလာကန်ကူးတံတားဖြင့် ဆက်သွယ်ပေးထားပါတယ်။ မြို့၏ အရှေ့ဘက်နှင့်အနောက်ဘက်ခြမ်းရှိ မြို့နေပြည်သူများ၊ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ ရဟန်းသံဃာများမှာမိတ္ထီလာကန်ကူးတံတားကြီးအား နေ့၊ ည အချိန်အခါမရွေး ဖြတ်ကျော်သွားလာ နေကြပါတယ်။ထို့အပြင် မိတ္ထီလာခရိုင်အတွင်းရှိဝမ်းတွင်း၊ သာစည်၊မလှိုင်မြို့နယ်များမှကျေးလက်နေ ပြည်သူများ၊ မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများမှာ လည်း မိတ္ထီလာမြို့အား ဗဟိုပြု၍သီးနှံများရောင်းဝယ် ဖောက်ကားလျက်ရှိရာတွင်လည်း ယင်းတံတားကိုပင် အသုံးပြု နေကြရပါတယ်။

ထို့အပြင် မိတ္ထီလာမြို့ဟာ မြန်မာနိုင်ငံရဲ့အလယ်ဗဟိုမှာတည်ရှိသော မြို့တစ်မြို့ ဖြစ်ပြီး လမ်း (၅)လမ်းဆုံရာ မြို့လည်း ဖြစ်ပါတယ်။ မိတ္ထီလာမြို့မှ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ကျောက်ပန်းတောင်း၊ မြင်းခြံမြို့များသို့ လွယ်လင့်တကူသွားလာနိုင်သော လမ်းဆုံ မြို့တစ်မြို့ ဖြစ်ပါတယ်။ ထို့အပြင် အသစ်ဖွင့်လှစ်လိုက်သော ရန်ကုန် -မန္တလေးအမြန် လမ်းမကြီးမှာလည်း မိတ္ထီလာမြို့နှင့် မနီးမဝေး မိတ္ထ ီလာ-ကျောက်ပန်းတောင်းကားလမ်းကိုဖြတ်၍ တည်ရှိပါတယ်။ ထို့ကြောင့် ဒေသ အသီးသီးမှ ဖြတ်သန်းသွား လာလျက်ရှိသော Express ကားများ၊ လိုင်းကားများ၊ သုံးဘီး ဆိုင်ကယ်များ၊ မော်တော်ဆိုင်ကယ်များမှာလည်း ယင်းတံတားကိုပင် အသုံးပြုလျက် ရှိကြပါတယ်။ ယင်းတံတားပေါ်မှာ နေ့စဉ် Express ကား အစီးရေ (၂၅၀)ခန့်၊ လိုင်းကား (၁၅၀)ခန့်၊ သုံးဘီး ဆိုင်ကယ် (၁၀၀)ခန့်နှင့် မော်တော်ဆိုင်ကယ်အစီးရေ (၂၀၀၀)ခန့် အသုံးပြု သွားလာလျက်ရှိကြောင်း သိရှိရပြီး၊ ကိုယ်ပိုင်မော်တော်ယာဉ်များ၊ ဌာနဆိုင်ရာ မော်တော်ယာဉ် များလည်း ဖြတ်သန်းသွားလာလျက်ရှိပါတယ်။ ၎င်းတံတားမှာ ယာဉ် (၂)စီးသာ ယှဉ်မောင်းသွား လာနိုင်သော R.C တံတားဖြစ်ပါတယ်။ နေ့စဉ် ရုံးတက်၊ ရုံးဆင်းချိန်၊ ကျောင်းတက်ကျောင်းဆင်း ချိန်များတွင်လည်း ယာဉ်များဖြတ်သန်းသွားလာမှု အလွန်များပြားနေသဖြင့် ယာဉ်အန္တရာယ်

စိုးရိမ်နေကြရသည့် အနေအထားလည်းဖြစ်နေပါတယ်။ အထူးသဖြင့် တံတားအနီးတွင်ရှိ မိတ္ထီလာမြို့ အ .ထ.က(၁)ကျောင်း ကျောင်းဆင်းချိန် ညနေ ၃း၃၀ နာရီအချိန်ခန့်တွင် ယာဉ် အသွားအလာများ အလွန်များပြားပြီး မိနစ် (၃၀)ခန့် ယာဉ်ကြောပိတ်ဆို့မှု နေ့စဉ်ကြုံတွေ့ နေရပါတယ်။ မြို့နေ လူဦးရေတိုးပွားလာမှု၊ မြို့ပြအဆောက်အအုံများ တိုးချဲ့လာမှု၊ လမ်းပန်း ဆက်သွယ်ရေးများ တိုးတက်ပြောင်းလဲလာမှုကြောင့် လက်ရှိတံတားဖြင့် မလုံလောက် သည့် အတွက် လက်ရှိတံတားနှင့်ယှဉ်ပြီး တံတားသစ်တစ်စင်း ထပ်မံတည်ဆောက်ရန် ပြည်သူများက လိုလားလျက်ရှိနေ ကြပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာ နမှလည်း လက်ရှိကန်ကူးတံတား နှင့်ယှဉ်၍ တံတားသစ်တစ်စင်း ထပ်မံတည်ဆောက်ရန် ကွင်းဆင်းတိုင်းတာမှုများ ပြုလုပ် ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်းလည်း သိရှိရပါတယ်။ သို့ပါ၍ အဆိုပါတံတားသစ် တစ်စင်းအား တည်ဆောက်ရန်အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်အခါတွင်အကောင်အထည် ဖော်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၃။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းများနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၃။**

**ဖြေကြားချက်**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)** ။ ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါ တယ်။ ကျွန်တော့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး မှ မေးမြန်းထားသော နိုင်ငံ့ဝန်ထမ်းများဘဝ ဘဝနောင်ရေးစိတ်အေးရရန် အိုးပိုင်အိမ်ပိုင်ဖြင့် အေးချမ်းစွာနေထိုင်နိုင်ရန် ဝန်ထမ်းများအတွက် စရိတ်နည်းမြေ ကွက်နှင့် အိမ်ရာများကို

ရန်ကုန်စီးပွားရေးမြို့တော်တွင် နိုင်ငံတော် အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ၁၉၆၇ ခုနှစ်ကစပြီးတော့ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် မြင်သာနှင့် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏတို့မှာ အိမ်ရာများ ဆောက်လုပ်ပေးပြီးတော့ အိမ်ရာရဲ့တန်ဖိုး (၅၀)ရာခိုင်နှုန်း ငွေပေးချေပြီးတော့ ဝန်ထမ်းများကို တက်ရောက်နေထိုင်ခွင့် ပေးပြီး (၁၅)နှစ်ကာလ အရစ်ကျစနစ်နဲ့ ရောင်းချခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။ ငွေပေးချေရာမှာလည်း ဘဏ်အတိုးနှုန်းအတိုင်း သတ်မှတ်ပြီး ငွေကျေသည့်အခါကျမှ ပိုင်ဆိုင်မှုထုတ်ပေးခဲ့တဲ့စနစ်နဲ့ ကျင့်သုံးခဲ့တာ ဖြစ်ပါတယ်။ ထို့အတူပဲ ၁၉၉၇ ခုနှစ်ကလည်း ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်မှာ ယုဇနဥယျာဉ် မြို့တော် အိမ်ရာစီမံကိန်းကို နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်တို့ အကျိုးတူပူးပေါင်း ဆောင်ရွက်ပြီး (၄)ထပ်အခန်းတွဲတိုက်များ၊ လုံးချင်းတိုက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ထိုအချိန်က အနည်းဆုံးတန်ဖိုး (၄)သိန်းခန့်နှင့်စတင်ရောင်းချခဲ့ပြီး ၂၀၀၅ ခုနှစ်မှာ အန ည်းဆုံး ကျပ်(၂၃)သိန်းနှင့် အများဆုံးကျပ် (၄၇)သိန်း ဖြစ်ခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှာတော့ ခန့်မှန်းဈေးနှုန်း အနည်းဆုံး ကျပ်(၄၄)သိန်းကနေ အများဆုံး ကျပ်(၇၈)သိန်းနဲ့ ရောင်းချခဲ့ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မြေယာသတ်မှတ်ပေးပြီးတော့ ကုမ္ပဏီများမှ အဆောက်အအုံ ဆောက်လုပ်စေပြီး မြေနေရာအကွက်အကွင်းအလိုက် ဌာနနှင့် ကုမ္ပဏီတို့ အခန်းရရှိမှု အချိုး သတ်မှတ်ခွဲဝေပြီး ခွဲဝေရရှိတဲ့အခန်းအပေါ်မှာ ဌာနမှ ရရှိတဲ့ အခန်းများကို ရာထူးအဆင့်အလိုက် သော်လည်းကောင်း၊ လူမှုရေးအခက်အခဲအရသော်လည်းကောင်း လျှောက်ထားသည့် လျှောက်လွှာများကို ဘုတ်အဖွဲ့ဖြင့် စိစစ်ရောင်းချပေးခဲ့ခြင်းများလည်း ဆောင်ရွက်ခဲ့ပါတယ်။ ထို့အပြင် ဆောက်လု ပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အစီအစဉ်နှင့်လည်း အဆောက်အအုံများ ဆောက်လုပ်စေပြီး လျှောက်ထားလာသည့် လျှောက်လွှာများကို ဘုတ်အဖွဲ့ဖြင့် စိစစ်ရောင်းချခြင်းများ ဆော င်ရွက်ခဲ့ပါတယ်။ မြို့သစ်များဖြစ်တဲ့ လှိုင်သာယာ၊ ရွှေပြည်သာ၊ (သန်လျင်) အောင်ချမ်းသာ၊ တပ် ရာကုန်း စတဲ့နေရာတွေမှာလည်း မြေကွက်တွေ ဖော်ထုတ်ပြီးတော့ ဝန်ထမ်းများနှင့် ပြည်သူများကို ရောင်းချပေးလျက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ။ နိုင်ငံ့ဝန်ထမ်းများအတွက်သော်လည်းကောင်း၊ အိမ်ရာ လိုအပ်ချက်ရှိသော ပြည်သူများအတွက် သော်လည်းကောင်း တန်ဖိုးနည်း ပြည်သူ့အိမ်ရာများ ရောင်းချပေးနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိက

ပူးပေါင်းဆောင်ရွက်သောနည်း၊ အခြားပိုမိုကောင်းမွန်သော နည်းလမ်းအသီးသီးဖြင့် ဖော်ဆောင်ပေးခဲ့ရာ ၁၉၆၇ ခုနှစ်တွင် ပြည်တွင်းထုတ်ချေးငွေဖြင့် (၁၅)နှစ် အရစ်ကျဖြင့် (၁)ကြိမ်၊ ၁၉၉၇ ခုနှစ်တွင် မြေယာပေး၍ ယုဇနကုမ္ပဏီဖြင့် အဆောက်အအုံ ရောင်းချမှု (၁)ကြိမ် ယခင်က (၂)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယခုအချိန်မှာတော့ တန်ဖိုးနည်းစနစ်ထမ်းအိမ်ရာများ၊တန်ဖိုးနည်းပြည်သူ့အိမ်ရာများ အရစ်ကျစနစ်ဖြင့် ဆောက်လုပ်ရောင်းချရန် လောလောဆယ်တွင် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အစီအစဉ် ၅(ဇ)မှာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှိုင်ဦး မေးမြန်းသော လပွတ္တာ-သယ်န်းကြီး ကားလမ်းတွင် လမ်းမိုင်အရှည် (၅)ဖာလုံခန့်အား ပြုပြင်ထိန်းထိမ်း ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ /မရှိ သိရှိလိုသည့် မေးခွန်းအား ရှင်းလင်းပြောကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်အတွင်းမှာရှိတဲ့ လပွတ္တာမြို့နယ် နဲ့ ပြင်စလူမြို့နယ်ခွဲတို့ကို ဆက်သွယ်ဖောက်လုပ် ထားတဲ့ လပွတ္တာ - သယ်န်းကြီး-ပြင်စလူလမ်းဟာ နာဂစ်မုန်တိုင်း သက်ရောက်ပြီးနောက်မှာ ဖောက်လုပ်ပေးတဲ့ ဧရာဝတီလမ်း ကွန်ယက်စီမံကိန်း (၁၁)လမ်းထဲက လမ်းအမှတ် (၃) ဖြစ်ပြီးတော့ (၃၅)မိုင် နဲ့ (၂)ဖာလုံ ရှည်လျားပါတယ်။ ၃၁-၅-၂၀၁၁ ထိ လမ်းအခြေအနေကတော့ အမာခံလမ်း (၃) ဖာလုံ၊ မြေလမ်း (၃၂)မိုင်(၇)ဖာလုံ၊ စုစုပေါင်း (၃၃)နဲ့ မိုင်(၂)ဖာလုံ ဖြစ်ပြီးတော့ ကျန်တဲ့ (၂)မိုင် ကတော့ ရွှေးမြစ်နဲ့ ပြာမလောက်မြစ်တို့ရဲ့ အရှည်ဖြစ်ပါတယ်။ လပွတ္တာ -သယ်န်းကြီး-ပြင်စလူ လမ်းဟာ ရွှေးမြစ်နဲ့ ပြာမလောက်မြစ်များ ပိုင်းခြားထားတဲ့အတွက် အဲဒီလမ်းကြီးကို ကျွန်တော်တို့ အနေနဲ့ (၃)ပိုင်း ပိုင်းပြီးတော့ ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ ပထမအပိုင်းမှာတော့ လပွတ္တာမှ သယ်န်းကြီးကျေးရွာအထိ(၁၈)မိုင်ဖြစ်ပါတယ်။ ဒုတိယအပိုင်းမှာတော့ ရွှေးမြစ် အနောက်ဘက်ကမ်း နွာခေါင်းပေါက်ကျေးရွာကနေပြီးတော့ စလူဆိပ်ကျေးရွာအထိ (၉)မိုင် ဖြစ်ပါတယ်။ တတိယအပိုင်းမှာတော့ ပြာမလော က်မြစ်ကမ်းမှာရှိတဲ့ အဝကားကျေးရွာကနေပြီးတော့ ပြင်စလူမြို့နယ်ခွဲအထိ (၆)မိုင် (၂)ဖာလုံ ဖြစ်ပါတယ်။ ရွှေးမြစ်နဲ့ ပြာမလောက်မြစ် အပါအဝင် စုစုပေါင်း (၃၅)မိုင်၊ (၂)ဖာလုံ ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်း ရန်ပုံငွေနဲ့ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေနှစ်ရပ်တို့ဖြင့် ရာသီမရွေးလမ်းချောမွေ့စွာသွားနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပြီး မူလအမာခံလမ်းနဲ့ မြေလမ်းမှ ကတ္တရာလမ်း (၄)ဖာလုံ၊ အမာခံလမ်း (၁)မိုင်

ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပ ါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ပြင်ဆင် ထိန်းသိမ်းခြင်း ရန်ပုံငွေနဲ့ ထပ်မံဖြည့်ဆည်းပြီးတော့ လပွ တ္တာ-သယ်န်းကြီးလမ်း မိုင် ၂/၀ မှ ၂/၄ အတွင်း ရွှေးမြစ်ရဲ့ လှိုင်းပုတ်တိုက်ခတ်မှုကြောင့် လမ်း လျှောစောင်းမြေ Side Slode များ ပျက်စီး သွားတဲ့နေရာမှာ ကျော က်ကြီးများနဲ့ အစားထိုးဖြည့်ဆည်းပြီး ရွှေးမြစ်ရဲ့ ရေလှိုင်းပုတ်ခတ်မှု ဒဏ်ကာကွယ်ရန် ဆောင်ရွက်ပေးတာကို လည်း လွှတ်တော်ကိုယ်စားလှယ်ကြီး က တင်ပြခဲ့ပြီး ဖြစ် ပါတယ်။ ဒါကြောင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ငွေလုံးငွေရင်း ရန်ပုံငွေ ကျပ်သန်း(၁၄၀၀)နဲ့ လုပ်ငန်းများဆောင်ရွက်နိုင်ရန် ရန်ပုံငွေ လျာထား တင်ပြ တောင်းခံထားပါတယ်။ အဲဒီလုပ်ငန်းတွေကတော့ (၁)မြေလမ်းမှ အမာခံ လမ်းခင်းခြင်း (၁၅)မိုင် ဖြစ်ပါတယ်။ (၂) တာဘောင်ကျဉ်းသောအပိုင်းများမှာ (၃၀)ပေအကျယ် မြေသားတာဘောင် တင်ခြင်း (၉)မိုင် ဖြစ်ပါတယ်။ (၃)ကျောက်ကြီးစီ၍မြေကာနံရံ တည်ဆောက်ခြင်း (၅၀၀)ပေတို့ကို ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ အစီအစဉ် (၅) (ဈ)မှာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦး မောင်စောဖြူ မှ မေးမြန်းသော တပ်တောင်-ကျွဲကူး ဆက်သွယ်မည့်တံတားအားဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် ဆောက်လုပ် ရန် ရှိပါက မည်သည့်အချိန်တွင် စတင်ဆောက်လုပ်ပေးမည်ကို သိရှိလိုသည့်မေးခွန်းအား ဖြေကြား သွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ရခိုင်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှာရှိတဲ့ လေယာဉ်ကွင်းအထူးအဖွဲ့(၈)မှ တာဝန်ယူတည်ဆောက်နေတဲ့ ညောင်ချောင်း-တပ်တောင်လမ်း ဟာ မိုင်(၀/၀) ညောင်ချောင်းမှစပြီး ကျွဲကူးဆိပ်ကမ်းထိ မိုင် (၇/၀)သာ ရှိတဲ့လမ်းရှိပါတယ်။ ကျွဲကူး ဆိပ်ကမ်းမှ အမ်းချောင်းကို ဖြတ်သန်းပြီးပါက တပ်တောင်ဘက်ကမ်းသို့ ရောက်ရှိမှာဖြစ်ပါတယ်။ အမ်းချောင်းအကျယ်မှာပေ(၇၀၀)ကျော်ခန့်ရှိပြီး ရေအနက်မှာ ပေ(၆၀)ခန့်ရှိပါတယ်။ အမ်းချောင်း တံတားတည်ဆောက်မည်ဆိုပါက ချဉ်းကမ်းလမ်းအပါအဝင် ပေ (၁၀၀၀)ခန့် တည်ဆောက် ပေးရမှာ ဖြစ်ပါတယ်။ ဒီအပြင် အမ်းချောင်းဟာလည်း ပဲ ရေနက်တဲ့ ချောင်းဖြစ်တဲ့အတွက် သူတို့ တည်ဆောက်တဲ့အခါမှာ ကမ်းကပ်ခုံကိုသာ RC နဲ့ ဆောက်ပြီးတော့ အလယ်ကိုတော့ ကြိုးတံတား အဖြစ် တည်ဆောက်ရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် တပ်တောင်-ကျွဲကူး ဆက်သွယ်မယ့် အမ်းချောင်းကူး တံတားအား လောလောဆယ်တည်ဆောက် ရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်း တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ အစီအစဉ် (၅) (ည) မှာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင် မှ မေးမြန်းသော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လက်ရှိ မိတ္ထီလာကန်ကူးတံတားနှင့်ယှဉ်၍ တံတားအသစ်တစ်စင်း တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနဲ့အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စတင်ဆောက်ရွက်ပေးနိုင်မည်ကို သိရှိလိုသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ရှိ မိတ္ထီလာက န်ကူးတံတားကြီးဟာ မြတ်နိုးသူ ကုမ္ပဏီ မှ B.O.T စနစ်ဖြင့် ဆောင်ရွက်နေသော မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းပေါ်မှာ တည်ရှိပါတယ်။ မိတ္ထီလာမြို့ရဲ့ မြို့လယ်ခေါင်မှာရှိတဲ့တံတားလည်းဖြစ်ပြီးတော့အရှည်ပေ(၂၀၀)ရှိပါတယ်။ အကျယ်ကတော့ (၂၄)ပေရှိသော နှစ်လမ်းသွားတံတားတစ်စင်းဖြစ်ပါတယ်။ မိတ္ထီလာမြို့ဟာ မြန်မာနိုင်ငံရဲ့ အလယ်ဗဟိုမှာ အချက်အချာကျတဲ့မြို့ကြီးဖြစ်တယ်ဆိုတာကို လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အချက်က ဒါ အင်မတန်မှ မှန်ကန်တဲ့အချက်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။မိတ္ထီလာကန်ကူးတံတားနှင့်ယှဉ်ပြီးတော့ နောက်တစ်စင်းတည်ဆောက်ဖို့ရန်အတွက်မှာ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကြိုတင် စီစဉ်ဆောင်ရွက်တဲ့ Pre Engineering ခေါ်တဲ့ အကြိုအင်ဂျင်နီယာများကို လုပ်ဆောင်လျက် ရှိပါတယ်။ သို့သော် လည်းပဲ ဒီလမ်းပေါ်မှာ နေ့စဉ်ဖြတ်သန်းသွားတဲ့ ကားအရေအတွက် AATT (Annual Average Time Traffic)ကို ကျွန်တော်တို့ ပြန်လည်ကောက်ယူပြီးတော့ လိုအပ်တဲ့ အခါမှာ အဆင့်မီဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေနဲ့ လက်ရှိ အချိန်မှာတော့ မိတ္ထီလာကန်ကူးတံတား နှင့်ယှဉ်ပြီး တံတားအသစ်တစ်စင်းတည်ဆောက်ရန် လောလောဆယ်အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းတင်ပြရင်း ကျွန်တော်ရဲ့ ဖြေကြားချက်များအား နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာသုံးဆောင်ဖို့ အစည်းအဝေးကို ခေတ္တရပ်နားပါမယ်။ နေ့လယ် ၁၃း၀၀ နာရီ မှာ အစည်းအဝေးကို ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၄၅ နာရီတွင် ခေတ္တရပ်နား ပြီး ၁၃း၀၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို နေ့လယ် ၁၃း၀၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၃း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အလုပ်သမား ရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကြမ်းကိုဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁)၊ အပိုဒ် ၂(က)

"**အလုပ်သမား** ဆိုသည်မှာ နေ့စားအလုပ်သမား၊ ယာယီ အလုပ်သမား၊ စိုက်ပျိုးရေး အလုပ်သမား၊ အိမ်အကူ အလုပ်သမား၊ အစိုးရဝန်ထမ်း၊ အလုပ်သင်တို့အပါအဝင် **စီးပွားရေး လုပ်ငန်းတစ်ခုတွင်ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းအတွက်ဖြစ်စေ၊** မိမိ၏လုပ်အားအပေါ် အားကိုးအားထားပြု လုပ်ကိုင်နေသူကို ဆိုသည်။ ထို့ပြင် အငြင်းပွားမှု ဖြစ်ပွားနေစဉ် အတွင်း အလုပ်မှရပ်စဲခံရသူ သို့မဟုတ် အလုပ်ထုတ်ခံရသူ အလုပ်သမားလည်း ပါ ဝင်သည်။ ယင်းစကားရပ်တွင် တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် သို့မဟုတ် တပ်မတော်၏ ကွပ်ကဲမှု အောက်ရှိ လက်နက်ကိုင် အဖွဲ့အစည်းဝင်တို့ မပါဝင်" ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ ရှိသလား။

သဘောမတူသူရှိသလား။ ခုနက အသံတစ်သံကြားလိုက်လို့ ။

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၃)၊ အပိုဒ် ၁၄

" **မြန်မာနိုင်ငံအတွင်း တည်ထောင်ထားရှိသည့် အထူးစီးပွားရေးဇုန်တွင်** အငြင်းပွားမှုများ ညှိနှိုင်းဖြေရှင်းရေးအတွက် သီးခြားဥပဒေပြဋ္ဌာန်းချက် မရှိလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး

သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၀ ပါ အတိုင်း **အထူးညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းရမည်** ” ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၁၄ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၁၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၃း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက် ချက် -

အခန်း(၄)၊ အပိုဒ် ၁ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် -

(က) ဝန်ကြီးဌာနသည် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များတွင် အငြင်းပွားမှု ဖြေရှင်းရေးခုံသမာဓိအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့က တာဝန်ပေးအပ်သူတစ်ဦး — ဥက္ကဋ္ဌ

(၂) အလုပ်ရှင် အဖွဲ့အစည်းများက ထောက်ခံ တင်ပြသည့် အမည်စာရင်းမှရွေးချယ်သော ပုဂ္ဂိုလ်သုံးဦး — အဖွဲ့ဝင်

(၃) အလုပ်သမား အဖွဲ့အစည်းများက ထောက်ခံ တင်ပြသည့် အမည်စာရင်းမှ ရွေးချယ်သော ပုဂ္ဂိုလ် သုံးဦး — အဖွဲ့ဝင်

(၄) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရဌာနဆိုင်ရာ ကိုယ်စားလှယ် တစ်ဦး — အဖွဲ့ဝင်

(၅) အလုပ်ရှင်များ သို့မဟုတ် သက်ဆိုင်ရာ အလုပ်ရှင် အဖွဲ့အစည်းများနှင့်အလုပ်သမားအဖွဲ့အစည်းများက ယုံကြည်လက်ခံသည့် ဂုဏ်သရေရှိ ပုဂ္ဂိုလ်နှစ်ဦး — အဖွဲ့ဝင်

(၆) ဝန်ကြီးဌာနက တာဝန်ပေးအပ်သူ တစ်ဦး — အတွင်းရေးမှူး

(ခ) "ဝန်ကြီးဌာနသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများတွင် အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့ကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းနိုင်သည်" ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း (၄)၊ အပိုဒ် ၁၆ ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၄) အပိုဒ် ၁၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁၀)၊ အပိုဒ် ၅၀

"ဤဥပဒေအရ အသစ်ပြန်လည်ဖွဲ့စည်းသော ညှိနှိုင်းရေးကော်မတီ၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိ အဖွဲ့နှင့် ခုံသမာဓိကောင်စီတို့သည် သက်တမ်းကုန်ဆုံးသည့် ညှိနှိုင်းရေး

ကော်မတီ၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီတို့၏ လုပ်ငန်းမပြီးပြတ်သေးသော စုပေါင်းတောင်းဆိုမှုနှင့် အငြင်းပွားမှုများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်ရမည် ” ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၅၀ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၅၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁၀)၊ အပိုဒ် ၅၈

“The Trade Disputes Act, 1929 အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက် ကျင့်သုံးနိုင်သည်” ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၅၈ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၅၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

## ဦးတင်ယု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၃း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ (က) အရ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးတင်ယု က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

ဒီအချိန်မှာ ဥပဒေနဲ့ပတ်သက်လို့ ဖတ်ကြားခြ င်း၊ ရှင်းလင်းခြင်း ပြုရန် မလိုဘဲ အဆိုတင်သွင်းခွင့်ကိုသာ တောင်းခံဖို့ဖြစ်ပါတယ်။ ထောက်ခံသူရှိလို့ ထောက်ခံပြီးတဲ့အခါမှာ ဒီဥပဒေကြမ်းကို ဖတ်ကြားရှင်းလင်းတင်ပြဖို့ ခွင့်ပြုမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၉။**

**ဦးတင်ယု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တို င်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးတင်ယု ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေ ကြမ်းကော်မတီကိုယ်စား ဥပဒေ ကြမ်း တင်သွင်းသွား မှာ ဖြစ်ပါတယ်။ ၃၀-၈-၂၀၁၁ ရက်နေ့တွင် ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်လင်းက တင်သွင်းသွားတဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြန်လည်ရုပ်သိမ်းပြီးတော့ ယခု ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းအား

အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးအတည်ပြုနိုင်ပါရန် အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီကိုယ်စား ကျွန်တော် ဦးတင်ယု က အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၃း၁၀။**

**ဥက္ကဋ္ဌ။** ။အဆိုကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၀။**

**ဒေါက်တာမြတ်ဉာဏစိုး ၊ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးတင်ယု တင်သွင်းသော ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော် ဆိုင်ရာ ဥပဒေကို ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ် (၄)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဥပဒေ ကြမ်းကော်မတီဝင် ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၁၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းက ဦးတင်ယု က ယခု ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၁။**

**ဦးတင်ယု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။

## ၂၀၁၂ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ

( ၂၀၁၂ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် )။

၁၃၇၃ ခုနှစ်၊ လ ရက်

(၂၀၁၂ခုနှစ်၊ လ ရက်)

## နိဒါန်း

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ ၉၈ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ပြဋ္ဌာန်းသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုသည်။

(ခ) **လွှတ်တော်** ဆိုသည်မှာ ဤဥပဒေပါကိစ္စအလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော အမျိုးသားလွှတ်တော်ကို ဆိုသည်။

(ဂ) **သဘာပတိ**ဆိုသည်မှာ လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမအစည်းအဝေးစတင်ကျင်းပသည့်အခါ လွှတ်တော် ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရန်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကို ဆိုသည်။

(ဃ) **ဥက္ကဋ္ဌ** ဆိုသည်မှာ လွှတ်တော်သက်တမ်းတစ်ရပ်အတွက် လွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကို ဆိုသည်။

(င) **ဒုတိယဥက္ကဋ္ဌ** ဆိုသည်မှာ လွှတ်တော်သက်တမ်းတစ်ရပ်အတွက် လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကို ဆိုသည်။

( စ ) **လွှတ်တော်ကိုယ်စားလှယ်** ဆိုသည်မှာ ဤဥပဒေပါကိစ္စအလို့ငှာ အမျိုးသား လွှတ်တော် ရွေးကောက်ပွဲ ဥပဒေအရ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော် ကိုယ်စားလှယ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လွှတ်တော် ကိုယ်စားလှယ် အဖြစ် ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တို့ကိုဆိုသည်။

(ဆ) **လွှတ်တော်အဖွဲ့အစည်းများ** ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၂၃၊ ၂၅၊ ၂၆ နှင့် ၃၁ တို့အရ လွှတ်တော်က ဖွဲ့စည်းထားသောကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များကို ဆိုသည်။

( ဇ ) **ပြည်ထောင်စုအဆင့်အဖွဲ့အစည်း** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုအစိုးရအဖွဲ့၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၊ ဘဏ္ဍာရေး ကော်မရှင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကိုလည်းကောင်း၊ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တို့က ဖွဲ့စည်းသည့်ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့ကိုလည်းကောင်း ဆိုသည်။

( ဈ ) **ရွေးကောက်ပွဲဥပဒေ** ဆိုသည်မှာ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဆိုသည်။

(ည) **လွှတ်တော်ရုံး** ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော် နှင့် အမျိုးသားလွှတ်တော်တို့၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ကြီးကြပ် ဆောင်ရွက်ရန် ဖွဲ့စည်းထားသော လွှတ်တော်ရုံးကိုဆိုသည်။

( ဋ ) **လွှတ်တော်ရေးရာဦးစီးဌာနရုံး** ဆိုသည်မှာ ညွှန်ကြားရေးမှူးချုပ်တစ်ဦးက ဦးဆောင်သည့်အမျိုးသားလွှတ်တော်၏ ရုံးလုပ်ငန်း၊ အုပ်ချုပ်မှုကိစ္စအဝဝနှင့် လုပ်ငန်း တာဝန်တို့ကို ဆောင်ရွက်နိုင်ရ န် ဖွဲ့စည်းထားသော ဦးစီးဌာနရုံးကို ဆိုသည်။

( ဌ ) **လွှတ်တော်ကိုယ်စားလှယ်ရုံး** ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်း တာဝန်များကို ထမ်းဆောင်နိုင်ရန် သက်ဆိုင်ရာမဲဆန္ဒနယ်များ တွင် ဖွင့်လှစ် ထားသောရုံးကို ဆိုသည်။

## အခန်း(၂)

## လွှတ်တော်

### ဖွဲ့စည်းခြင်း

၃။ လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ ဦးဖြင့် အောက်ပါ အတိုင်းဖွဲ့စည်းရမည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေများအရ ရွေးကောက် တင်မြှောက်သည့် ၁၆၈ ဦးထက်မပိုသော လွှတ်တော် ကိုယ်စားလှယ်များ၊

( ခ ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်း သည့် ၅၆ ဦးထက်မပိုသော တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ။

### သက်တမ်း

၄။ လွှတ်တော်၏သက်တမ်းသည် ယင်းလွှတ်တော်၏ ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပ သည့် နေ့ရက်မှစ၍ ငါးနှစ်ဖြစ်သည်။

## အခန်း(၃)

## သဘာပတိ

၅။ လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်လွှတ် တော်အစည်းအဝေး စတင်ကျင်းပ သည့်အခါလွှတ်တော်ကိုယ်စားလှယ်များ သည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ဤဥပဒေ အရ ထုတ်ပြန်သော နည်းဥပဒေများတွင် သတ်မှတ်ထားသည့်အတိုင်း သဘာပတိ အဖြစ် တင်မြှောက် ရမည်။

၆။ သဘာပတိ သည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် လည်းကောင်း၊ သဘာပတိ အဖြစ် လည်းကောင်း လွှတ်တော်ရှေ့မှောက်တွင် သတ်မှတ်ထားသည့်အတိုင်း ကတိသစ္စာပြုပြီး လက်မှတ် ရေးထိုးရမည်။

၇။ သဘာပတိသည် လွှတ်တော်ကိုယ်စားလှယ်များထဲမှ ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက် တင်မြှောက်ပြီးသည်အထိ လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမည်။

## အခန်း(၄)

## လွှတ်တော်ကိုယ်စားလှယ်များ

### ကတိသစ္စာပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်း

၈။ (က) လွှတ်တော်သက်တမ်းတိုင်း၏ ပထမပုံမှန်အစည်းအဝေးတွင် လွှတ်တော် ကိုယ်စားလှယ်များသည် သဘာပတိရှေ့မှောက်၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၄ တွင် ဖော်ပြထားသည့်အတိုင်း ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုး ရမည်။

(ခ) ကတိသစ္စာမပြုရသေးသော လွှတ်တော် ကိုယ်စားလှယ်များသည် စတင် တက်ရောက်သော လွှတ်တော်အစည်းအဝေးတွင် ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမည်။

### တာဝန်များ

၉။ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်တည်ဆဲဥပဒေများကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ခ) နိုင်ငံတော်နှင့်စပ်လျဉ်းသောလျှို့ဝှက်ချက်များကိုထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) လွှတ်တော်သို့တင်သွင်းသော ဥပဒေကြမ်းများ၊ အဆိုများနှင့်စပ်လျဉ်း၍ ဆွေးနွေးရာ တွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကိုသာ အဓိကထားခြင်း၊

(ဃ) နိုင်ငံသားများ၏မူလအခွင့်အရေးများ ရရှိခံစားနိုင်ရေးကို ရှေးရှု ဆောင်ရွက်ခြင်း၊

(င) မဲဆန္ဒနယ်မြေနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်စေဘဲသက်ဆိုင်ရာမဲဆန္ဒနယ်မြေအတွင်းရှိ အာဏာပိုင်များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(စ) မဲဆန္ဒရှင်များအား လွှတ်တော်အတွေ့အကြုံပြန်လည်ရှင်းလင်းတင်ပြခြင်း၊

(ဆ) မဲဆန္ဒရှင်များ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်း၊

(ဇ) လွှတ်တော်ကပေးအပ်ထားသည့် အခြားတာဝန်များကိုထမ်းဆောင်ခြင်း။

## လုပ်ပိုင်ခွင့်များ

၁၀။ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေကြမ်းများတင်သွင်းခြင်း၊

(ခ) ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့်အဆိုများတင်သွင်းခြင်းနှင့် မေးခွန်းများ မေးမြန်းခြင်း၊

(ဂ) လွှတ်တော်တွင် တင်ပြဆွေးနွေးသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့အစည်းများနှင့် ယင်းတို့ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဖြစ်စေ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့် အချက်အလက်များရယူခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဤဥပဒေပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်းများတွင် လွတ်လပ်စွာပြောဆို ဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိခြင်း၊

(င) လွှတ်တော်က တင်မြှောက်သည့် သဘာပတိအဖြစ် လည်းကောင်း၊ လွှတ်တော်က ရွေးကောက်တင်မြှောက်သည့် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယ

ဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးကောက်တင်မြှောက်ခံခွင့် သို့မဟုတ် ယင်းသို့ ရွေးကောက်တင်မြှောက်ခံရသူ အဖြစ်မှ နုတ်ထွက်ခွင့် ရှိခြင်း၊

( စ ) လွှတ်တော်အဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခွင့် သို့မဟုတ် ယင်းအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း၊

( ဆ ) လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း၊

( ဇ ) လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် လုပ် ငန်းလိုအပ်ချက်အရ ဆက်သွယ်ဆောင်ရွက်ရန် အကြောင်းပေါ်ပေါက်လျှင် သက်ဆိုင်ရာ လွှတ်တော်ကော်မတီများမှ တစ်ဆင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

( ဈ ) လွှတ်တော်ကိုယ်စားလှယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများနှင့် အဖွဲ့အစည်းဝင်များအား လုပ်ငန်းလိုအပ်ချက်အရ ဆက်သွယ် ဆောင်ရွက်ရန် အကြောင်းပေါ်ပေါက်လျှင်သက်ဆိုင်ရာ လွှတ်တော်ကော်မတီများမှတစ်ဆင့်ဆက်သွယ်ဆောင်ရွက်ခြင်း၊သက်ဆိုင်ရာလွှတ်တော်များသို့ အသိပေးခြင်း၊

( ည ) လွှတ်တော်အစည်းအဝေးကျင်းပသည့်နေရာသို့ တက်ရောက်လေ့လာရန် လေ့လာ သူ အဖြစ် သက်ဆိုင်ရာမဲဆန္ဒနယ်မြေမှ ပြည်သူ သုံးဦးကို လွှတ်တော် ဥက္ကဋ္ဌ ၏ သဘောတူညီချက်ဖြင့် ဖိတ်ကြားခြင်း။

## ကျင့်ဝတ်နှင့်စည်းကမ်းများ

၁၁။ လွှတ်တော်ကိုယ်စားလှယ်များသည် အောက်ပါကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာ ရမည် -

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို လိုက်နာစောင့်ထိန်းခြင်း၊

( ခ ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ဤဥပဒေနှင့်တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းခြင်း၊

( ဂ ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပေးအပ်ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာမှု၊ လာဘ်ပေးလာဘ်ယူမှုနှင့် ခြိမ်းခြောက်မှု တို့ကို ရှောင်ကြဉ်ခြင်း၊

( ဃ ) လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာနှင့်လျော်ညီစွာ ပြုမူပြောဆိုဆက်ဆံ နေထိုင်ခြင်း၊

( င ) လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခြင်း၊

( စ ) လွှတ်တော်အစည်းအဝေးများတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်ခြင်း။

**ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၂။ လွှတ်တော်ကိုယ်စားလှယ်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်းများတွင် တင်ပြဆွေးနွေးဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

( ခ ) သတ်မှတ်ထားသော ချီးမြှင့်ငွေ၊ တည်းခိုနေထိုင်စရိတ်၊ စားသောက်စရိတ်၊ ခရီးစရိတ် နှင့် အခြားစရိတ်များကို ခံစားခွင့်ရှိခြင်း၊

( ဂ ) လွှတ်တော်အစည်းအဝေး တက်ရောက်နေစဉ်အတွင်း ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက -

(၁) ဖမ်းဆီးခံရခြင်းမှကင်းလွတ်ခွင့်ရှိခြင်း၊

(၂) တရားရုံးတစ်ခုခုကသက်သေအဖြစ် ဆင့်ခေါ်ခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(ဃ) လွှတ်တော်အဖွဲ့အစည်း တစ်ရပ်ရပ်၏ အစည်းအဝေးတက်ရောက်နေစဉ် အတွင်း သက်ဆိုင်ရာအဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရှိဘဲ ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(င) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြ င့် လွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်းများ၏ အစည်းအဝေး များသို့ တက်ရောက်ခွင့်ရှိခြင်း၊

(စ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိမဲဆန္ဒနယ်မြေရှိ မဲဆန္ဒရှင်များ နှင့် တွေ့ဆုံရာတွင် နေရာထိုင်ခင်းနှင့် လိုအပ်ချက်များကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာ၌လိုအပ်ပါက သက်ဆိုင်ရာ**အာဏာပိုင်**အဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်နိုင်ခြင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ **အာဏာပိုင်**အဖွဲ့အစည်း များထံ တောင်းခံရယူခွင့်ရှိခြင်း။

**အထူးခံစားခွင့်များ**

၁၃။ လွှတ်တော်ကိုယ်စားလှယ်များသည် အောက်ပါ အထူးခံစားခွင့်များကို သတ်မှတ်ထား သော ညွှန်ကြားချက်များနှင့်အညီ ခံစားခွင့်ရှိသည် -

(က) ပြည်တွင်းအခမဲ့ဆေးကုသခွင့်၊

(ခ) တစ်လလျှင် ၃၀၀၀ ကျပ်ထက်မပိုသော ရေအခမဲ့ သုံးစွဲခွင့်၊

(ဂ) တစ်လလျှင် ၁၀၀၀၀ ကျပ်ထက်မပိုသော လျှပ်စစ်ဓာတ်အား အခမဲ့ သုံးစွဲခွင့်၊

(ဃ) တစ်လလျှင်၁၀၀၀၀ ကျပ် ထက်မပိုသောပြည်တွင်းခေါ် ဆိုမှုအတွက် တယ်လီဖုန်း အခမဲ့သုံးစွဲခွင့်၊

(င) နိုင်ငံပိုင်လေကြောင်းခရီးတွင်တစ်နှစ်လျှင်အသွား/အပြန် ခရီးစဉ်တစ်ကြိမ်သာ မိမိအပါအဝင် (၃)ဦး အခမဲ့ စီးနင်းခွင့်၊

(စ) နိုင်ငံပိုင် မီးရထား၊ သင်္ဘောခရီးတွင် အထက်တန်းအဆင့်အဖြစ် လည်းကောင်း၊ နိုင်ငံပိုင်မော်တော်ယာဉ်ခရီးတွင်လည်းကောင်း၊ တစ်နှစ်လျှင် အသွား /အပြန် ခရီးစဉ် တစ်ကြိမ်သာ မိမိအပါအဝင် (၅)ဦး အခမဲ့စီးနင်းခွင့်။

**ဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲခြင်း**

၁၄။ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်သည် နှစ်စဉ်ပြည်ထောင်စု ရသုံးခန့်မှန်းခြေငွေစာရင်းတွင် လွှတ်တော်မဲဆန္ဒနယ်မြေအလိုက် ခွဲဝေသတ်မှတ်သည့် ဖွံ့ဖြိုးရေးရန်ပုံငွေကို နယ်မြေဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး သတ်မှတ်ချက်များနှင့်အညီ သုံးစွဲခွင့်ရှိသည်။

## အခန်း(၅)

## လွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားခြင်းနှင့် ခွင့်မဲ့ပျက်ကွက်ခြင်း

၁၅။ (က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်အစည်းအဝေးသို့ မတက်ရောက်နိုင်လျှင် မတက်ရောက်နိုင်သည့်ကာလကိုဖော်ပြ၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ် ဦး က သော်လည်းကောင်း လွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌထံ ခွင့်ပြုချက် တင်ပြတောင်းခံရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေး တက်ရောက်ရန် အနည်းဆုံးရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်းပျက်ကွက်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၃၀ နှင့် အညီ လွှတ်တော်ကိုယ်စားလှယ်၏နေရာ လစ်လပ်သည်ဟု ကြေညာခြင်းခံရမည်။

## အခန်း(၆)

## လွှတ်တော်ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ

**ရွေးကောက်တင်မြှောက်ခြင်း**

၁၆။ လွှတ်တော်ကိုယ်စားလှယ်များသည် ဥက္ကဋ္ဌတစ်ဦး နှင့် ဒုတိယဥက္ကဋ္ဌတစ်ဦးကို လွှတ်တော် ကိုယ်စားလှယ်များထဲမှ ရွေးကောက်တင်မြှောက်ရမည်။

၁၇။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌနေရာ လစ်လပ်လျှင် အနီးကပ်ဆုံးကျင်းပသော လွှတ်တော် အစည်းအဝေးတွင် အစားထိုးရွေးကောက်တင်မြှောက်ရမည်။

**တာဝန်ထမ်းဆောင်ခြင်း**

၁၈။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် နောက်တစ်ကြိမ် လွှတ်တော်သက်တမ်း ပထမ ပုံမှန်အစည်းအဝေး စတင်မကျင်းပမီအချိန်အထိ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်ရမည်။

၁၉။ ဥက္ကဋ္ဌသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှအပ အခြားအုပ်ချုပ်ရေး သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း တစ်ရပ်ရပ်တွင် တာဝန် ပေးအပ်ခြင်းခံရပါက ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၂၀။ ဒုတိယဥက္ကဋ္ဌသည် အုပ်ချုပ်ရေး သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်တွင် တာဝန်ပေးအပ်ခြင်းခံရပါက ဒုတိယဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပြီး ဖြစ်သည်ဟုမှတ်ယူရမည်။

**တာဝန်မှရပ်စဲခြင်း**

၂၁။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် နုတ်ထွက်လျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှ ရပ်စဲခြင်းခံရလျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည် ပိုင်ခွင့် မရှိလျှင်ဖြစ်စေ၊ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ တာဝန်မှ လွှတ်တော်၏ ရပ်သိမ်းခြင်း ကိုခံရလျှင် ဖြ စ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ်မှ ရပ်စဲပြီး ဖြစ်စေရမည်။

၂၂။ ဥက္ကဋ္ဌကိုဖြစ်စေ၊ ဒုတိယဥက္ကဋ္ဌကိုဖြစ်စေ၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦးလုံးကို ဖြစ်စေ လွှတ်တော်က အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြင့် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ တာဝန်မှ ရုပ်သိမ်းနိုင်သည် -

(က) နိုင်ငံတော်၏ကျေးဇူးသစ္စာတော်ကိုဖောက်ဖျက်ခြင်း၊

( ခ ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

( ဂ ) အကျင့်သိက္ခာပျက်ပြားခြင်း၊

(ဃ) ဥပဒေအရပေးအပ်သော တာဝန်များကို ကျေပွန်စွာမဆောင်ရွက်ခြင်း။

၂၃။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် ပုဒ်မ ၂၂ ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ တာဝန်မှ ရုပ်သိမ်းခြင်းခံရလျှင် လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှ ရပ်စဲပြီး ဖြစ်စေရမည်။

## အခန်း(၇)

## လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှရပ်စဲခြင်း

၂၄။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြစ်ပေါ်လျှင် လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲပြီး ဖြစ်သည်ဟု မှတ်ယူရမည် -

(က) ဥပဒေနှင့်အညီ နုတ်ထွက်ခြင်း၊

( ခ ) အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေအရ လွှတ်တော်ကိုယ်စားလှယ် အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်ကို ဆုံးရှုံးခြင်း၊

( ဂ ) တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အဖြစ်မှပြန်လည်ရုပ်သိမ်းခံရခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆၊ ပုဒ်မခွဲ (က)တွင် ပြဋ္ဌာန်းထားသော အကြောင်း တစ်ရပ်ရပ်ကြောင့် ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည် ရုပ်သိမ်းခံရခြင်း၊

( င ) အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ လွှတ်တော် ကိုယ်စားလှယ် အဖြစ်မှ ရပ်စဲခံရခြင်း၊

( စ ) ကွယ်လွန်ခြင်း။

## အခန်း(၈)

## လွှတ်တော်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း

### ဖွဲ့စည်းခြင်း

၂၅။ လွှတ်တော်သည် အောက်ပါလွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည် -

(က) ဥပဒေကြမ်းကော်မတီ၊

( ခ ) ပြည်သူ့ငွေစာရင်းကော်မတီ၊

( ဂ ) လွှတ်တော်အခွင့်အရေးကော်မတီ၊

( ဃ ) အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ။

၂၆။ ဥက္ကဋ္ဌသည် လွှတ်တော်ကော်မတီတစ်ခုစီ၌ ပါဝင်ရမည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်၍ လွှတ်တော်သို့ တင်ပြရမည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား လွှတ်တော်ကော်မတီ နှစ်ခုထက်ပို၍ ပါဝင်ဆောင်ရွက်စေခြင်း မရှိစေရ။

၂၇။ လွှတ်တော်သည် -

(က) ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စများကို လည်းကောင်း၊ တပ်မတော်ဆိုင်ရာကိစ္စများကို လည်းကောင်း လေ့ လာတင်ပြစေရန် အကြောင်းပေါ်ပေါက်ပါက ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီကို တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းရမည်။

( ခ ) အဆိုပါ ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီတွင် လုပ်ငန်းလိုအပ်ချက် အရ တပ်မတော်သားမဟုတ်သော သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၂၈။ လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကို လေ့လာ တင်ပြစေရန် လိုအပ်ပါက လွှတ်တော်ကော်မတီ များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်သည်။ လွှတ်တော်အစည်းအဝေးတစ်ရပ်နှင့် တစ်ရပ် အကြား ဆောင်ရွက်ရန် လိုအပ်လာသည့် အခါ ဥက္ကဋ္ဌသည် ကော်မတီတွင်ပါဝင်ရမည့် လွှတ်တော် ကိုယ်စားလှယ်များကို ရွေးချယ်တာဝန် ပေးအပ်ပြီး အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော် အစည်းအဝေး၌ တင်ပြအတည်ပြုချက် ရယူရမည်။

## ပူးပေါင်းကော်မတီများ

၂၉။ လွှတ်တော်သည် ပြည်သူ့လွှတ်တော်နှင့် ညှိနှိုင်းရန်ကိစ္စပေါ်ပေါက်လျှင် လွှတ်တော် နှင့် ပြည်သူ့လွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သော ပူးပေါင်းကော်မတီ တစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် ယင်းကော်မတီတွင် ပါဝင်မည့် လွှတ်တော် ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက် တာဝန်ပေးအပ်နိုင်သည်။ လွှတ်တော်အစည်းအဝေး တစ်ရပ်နှင့် တစ်ရပ်အကြား ဆောင်ရွက်ရန်လိုအပ်လာသည့်အခါ ဥက္ကဋ္ဌ အချင်းချင်း ညှိနှိုင်း၍ ပူးပေါင်းကော်မတီတွင်ပါဝင်ရမည့်လွှတ်တော်နှစ်ရပ်မှ ကိုယ်စားလှယ်များကို ရွေးချယ်တာဝန် ပေးအပ်ပြီး အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက်ရ ယူရမည်။ ယင်းပူးပေါင်းကော်မတီ၏သက်တမ်းသည်သက်ဆိုင်ရာလွှတ်တော်သို့ အစီရင်ခံစာတင် သွင်းပြီးသည့် အချိန်အထိ ဖြစ်သည်။

၃၀။ လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့သည် ပုဒ်မ ၂၅ နှင့် ၂၇ တို့ပါ ကော်မတီများက ဆောင်ရွက်ရမည့် ကိစ္စများမှအပ အကြောင်းကိစ္စတစ်ရပ်ကို လွှတ်တော်နှစ်ရပ်လုံးက လေ့လာ ရန် ရှိပါက ယင်းလွှတ်တော်များ၏ ဥက္ကဋ္ဌများသည် အချင်းချင်းညှိနှိုင်း၍ လွှတ်တော်နှင့် ပြည်သူ့ လွှတ်တော်တို့မှ ကိုယ်စား လှယ်ဦးရေ တူညီစွာပါဝင်သော ပူးပေါင်းကော်မတီတစ်ရပ်ကို ဖွဲ့စည်း ဆောင်ရွက်နိုင်သည်။ လွှတ်တော်သည် ထိုကော်မတီတွင်ပါဝင်မည့် လွှတ်တော်ကိုယ်စားလှယ် များကို ရွေးကောက်တင်မြှောက် တာဝန်ပေးအပ်နိုင်သည်။ လွှတ်တော်အစည်းအဝေးတစ်ရပ်နှင့် တစ်ရပ်အကြား ဆောင်ရွက်ရန်လိုအပ်လာသည့်အခ ါ ဥက္ကဋ္ဌ အချင်းချင်းညှိနှိုင်း၍ ပူးပေါင်း ကော်မတီတွင် ပါဝင်ရမည့် လွှတ်တော်နှစ်ရပ်မှ ကိုယ်စားလှယ်များကို ရွေးချယ်တာဝန်ပေး

အပ်ပြီး အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက်ရယူရမည်။ ယင်းပူးပေါင်းကော်မတီ၏သက်တမ်းသည် သက်ဆိုင်ရာလွှတ်တော်သို့ အစီ ရင်ခံစာတင်သွင်းပြီး သည့် အချိန်အထိ ဖြစ်သည်။

## အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းသတ်မှတ်ခြင်း

၃၁။ လွှတ်တော်သည် လွှတ်တော်ကော်မတီများ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သတ်မှတ်ပေးရမည်။

၃၂။ လွှတ်တော်ကော်မတီများသည် လွှတ်တော်ကို တာဝန်ခံရမည်။ လွှတ်တော် အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် ဥက္ကဋ္ဌကို တာဝန်ခံရမည်။

## ကော်မရှင်နှင့်အဖွဲ့များ

၃၃။ လွှတ်တော်သည် လွှတ်တော်ကော်မတီများကသာ လေ့လာရန်ဖြစ်သော အကြောင်း ကိစ္စရပ်များမှအပ ကျန်အကြောင်းကိစ္စများကို လေ့လာရန်လိုအပ်ပါက ကော်မရှင်နှင့်အဖွဲ့များ ကို လွှတ်တော် ကိုယ်စားလှယ်များဖြင့် လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများထည့်သွင်း ၍ လည်းကောင်း ဖွဲ့စည်းနိုင်သည်။ လွှတ်တော်အစည်းအဝေးတစ်ရပ်နှင့် တစ်ရပ်အကြား ဆောင်ရွက်ရန်လိုအပ်လာသည့်အခါ ဥက္ကဋ္ဌသည် ကော်မရှင်နှင့်အဖွဲ့ များကို လွှတ်တော် ကိုယ်စားလှယ်များဖြင့် လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများကို ထည့်သွင်း၍ လည်းကောင်း ဖွဲ့စည်းနိုင်သည်။ ယင်းသို့ ဖွဲ့စည်းခြင်းကို အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော် အစည်းအဝေး၌ တင်ပြအတည်ပြုချက်ရယူရမည်။

၃၄။ လွှတ်တော်သည် ပုဒ်မ ၃၃ ပါ ကော်မရှင်နှင့် အဖွဲ့များကို ဖွဲ့စည်းသည့်အခါ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုပါ သတ်မှတ်ပေးရမည်။

# အခန်း(၉)

# လွှတ်တော်အစည်းအဝေးများ

## ပုံမှန်အစည်းအဝေးများ

၃၅။ လွှတ်တော် သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးကို အထွေထွေ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကျင်းပရမည်။

၃၆။ လွှတ်တော်အစည်းအဝေးများကို ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။ လွှတ်တော် အစည်းအဝေးများ ကျင်းပရန် လိုအပ်သည့်အစီအစဉ်များကို ဥက္ကဋ္ဌက စီစဉ်ဆောင်ရွက်ရမည်။

၃၇။ လွှတ်တော်ပုံမှန်အစည်းအဝေးကို ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် ခေါ်ယူ ကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံး ကာလသည် ၁၂ လ ထက်မပိုစေရ။

၃၈။ လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမပုံမှန်အစည်းအဝေးများကို ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင် လျက်ရှိသော ဥက္ကဋ္ဌက ခေါ်ယူ ကျင်းပရမည်။

၃၉။ လွှတ်တော်အခွင့်အရေးကော်မတီသည် လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမ ပုံမှန် အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပေးသည့် အသိအမှတ်ပြုလွှာဖြင့် စိစစ် အတည်ပြုရမည်။ သက်တမ်းအတွင်း ဆက်လက်ကျင်းပသည့် လွှတ်တော်အစည်းအဝေးများကို တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်၍ အတည်ပြုရမည်။

## အစည်းအဝေးနေ့ရက်၊ အချိန် သတ်မှတ်ခြင်းနှင့် အထမြောက်ခြင်း

၄၀။ လွှတ်တော်အစည်းအဝေးများကို ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့နှင့် အချိန်တွင် ကျင်းပရမည်။

၄၁။ လွှတ်တော်၏ အဆုံးအဖြတ်ရယူမည့်ကိစ္စရပ်များ၊ သဘောတူညီချက်ရယူမည့်ကိစ္စရပ်များ၊ အတည်ပြုချက်ရယူမည့်ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) လွှတ်တော် အစည်းအဝေး ကျင်းပဆဲကာလဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

( ခ ) လွှတ်တော်အစည်းအဝေး ကျင်းပဆဲကာလမဟုတ်လျှင် အနီးကပ်ဆုံး လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

၄၂။ လွှတ်တော်သက်တမ်းတစ်ခုအတွင်း ကျင်းပသော လွှတ်တော်အစည်းအဝေး တစ်ရပ်ရပ်၏ ပထမနေ့တိုင်း၌ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော် ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

၄၃။ ပုဒ်မ ၄၂ အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေးအထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

## အစည်းအဝေး၌ ဆောင်ရွက်ရမည့်ကိစ္စရပ်များ

၄၄။ လွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သည် -

(က) နိုင်ငံတော်သမ္မတပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

( ခ ) နိုင်ငံတော်သမ္မတကပေးပို့သော သဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြား သဝဏ်လွှာများကို ဖတ်ကြားခြင်းနှင့် မှတ်တမ်းတင်ခြင်း၊

( ဂ ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ လွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(င) လွှတ်တော်သို့တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း၊

(စ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့်ဆုံးဖြတ်ခြင်း၊

(ဆ) မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊

(ဇ) ဥက္ကဋ္ဌကခွင့်ပြုသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

## မဲခွဲဆုံးဖြတ်ခြင်း

၄၅။ လွှတ်တော်အစည်းအဝေးများတွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ် နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့်ဆုံးဖြတ်ရမည်။

၄၆။ ပုဒ်မ ၄၅ အရ ဆောင်ရွက်ရာတွင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသည့်ဒုတိယဥက္ကဋ္ဌသည်ဆန္ဒမဲမပေးရ။ ထောက်ခံဆန္ဒမဲနှင့်ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်းတူညီနေသည့်ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

၄၇။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရာတွင် သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ လွှတ်တော်အစည်းအဝေး တွင် သဘာပတိအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များအားလုံးက မဲခွဲဆုံးဖြတ်ရမည်။ သဘာပတိသည် အနိုင်မဲပေးပြီး ဆုံးဖြတ်ပိုင်ခွင့်မရှိစေရ။

## လွတ်လပ်စွာပြောဆိုခွင့် နှင့် ဆန္ဒမဲပေးပိုင်ခွင့်

၄၈။ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များတွင် ဆွေးနွေးပြောဆိုရာ၌ ပြည်ထောင်စုမပြိုကွဲရေး၊

တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်ခြင်း၊ အခြား ဘာသာ သာသနာကို ပုတ်ခတ်ပြောဆိုခြင်း၊ အခြားပါတီတစ်ခုခုကို ထိခိုက်ပုတ်ခတ်ပြောဆိုခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊ နိုင်ငံတော်၏လုံခြုံရေးနှင့်လျှို့ဝှက်ချက်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ပေါက်ကြားစေခြင်း၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူ နှင့်စပ်လျဉ်း၍ ပြောဆိုခြင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်းစသည့် ဆွေးနွေး ပြောဆိုခြင်းမှအပ လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ထိုသို့ လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီ၊ ကော် မရှင်နှင့် အဖွဲ့တို့တွင် တင်ပြ ဆွေးနွေးခြင်း၊ မေးခွန်းများ မေးမြန်းခြင်းတို့နှင်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဤဥပဒေမှအပ အခြား ဥပဒေ အရ အရေးယူခြင်း မပြုရ။

၄၉။ လွှတ်တော်အစည်းအဝေးသို့ဖြစ်စေ၊ လွှတ်တော်ကဖွဲ့စည်းသည့်ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တစ်ရပ်ရပ်၏ အစည်းအဝေးသို့ဖြစ်စေ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော ဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များတွင် ဆွေးနွေးပြောဆိုရာ၌ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကိုထိခိုက်ခြင်း၊ အခြားဘာသာ သာသနာကို ပုတ်ခတ်ပြောဆိုခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကိုထိခိုက်စေခြင်း၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊ နိုင်ငံတော်၏လုံခြုံရေးနှင့် လျှို့ဝှက်ချက်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ပေါက်ကြားစေခြင်း၊ ပုဂ္ဂိုလ်တစ်ဦးဦး၏အကျင့်စာရိတ္တသို့မဟုတ် အပြုအမူနှင့် စပ်လျဉ်း၍ ပြောဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း စသည့် ဆွေးနွေးပြောဆိုခြင်းမှအပ လွတ်လပ်စွာပြောဆိုခွင့် ရှိသည်။ လွှတ်တော် သို့မဟုတ် လွှ တ်တော် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များတွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်း အဖွဲ့အစည်းဝင် များ သို့မဟုတ် ပုဂ္ဂိုလ်များအား ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရ။

၅၀။ ပုဒ်မ ၄၈ နှင့် ၄၉ တို့တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက်ကျူးလွန်မှုများ ရှိခဲ့ပါက ယင်းတို့သည် လွှတ်တော်၏ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ တည်ဆဲဥပဒေများ အရ လည်းကောင်း အရေးယူခြင်းခံရမည်။

**ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ တင်ပြခွင့်**

၅၁။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့ အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည် -

(က) လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့် အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့်ရှိသည်။

( ခ ) လွှတ်တော်ကော်မတီ ကော်မရှင်နှင့် အဖွဲ့၏အစည်းအဝေးသို့ ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့အကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် တက်ရောက်သည့် အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့်ရှိသည်။

( ဂ ) လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့် အခါ လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းမေးမြန်းသည့် မိမိအဖွဲ့ အစည်းနှင့် သက်ဆိုင်သော မေးခွန်းများကို ပြန်လည်ဖြေကြားခွင့်ရှိသည့် အပြင် အဆိုများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး အကြံပြုခွင့်ရှိသည်။

(ဃ) လွှတ်တော်ကော်မတီများက လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းရန် မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို မေးမြန်းလာပါက ဆောင်ရွက်မှု အခြေအနေ၊ပြီးစီးမှုအခြေအနေနှင့် သတ်မှတ်ကာလအတွင်း မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်းမရှိပါက ပြီးစီးခြင်းမရှိသည့် အကြောင်းရင်းကို ပြန်ကြားခွင့် ရှိသည်။

( င ) လွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များက လုပ်ငန်းတာဝန်နှင့် ဆက်စပ်သောကိစ္စအတွက် ဆွေးနွေးတင်ပြရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား တိုက်ရိုက်ဖိတ်ကြားနိုင်သည်။ ဖိတ်ကြားခြင်း ခံရသော ပုဂ္ဂိုလ်သည် လာရောက်ရှင်းလင်း ဖြေကြားရမည်။

## အခန်း(၁၀)

## နိုင်ငံတော်သမ္မတ နှင့် လွှတ်တော်ဆက်သွယ်ရေး

၅၂။ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတအား ဖိတ်ကြား၍ လိုအပ်သည်များကို စီစဉ် ဆောင်ရွက်ပေးရမည်။

၅၃။ လွှတ်တော်သည် နိုင်ငံတော်သမ္မတအား အကြောင်းကြားရန်ရှိသောအခါ အောက်ဖော်ပြပါ နည်းလမ်းတစ်ရပ်ရပ်ဖြင့် အကြောင်းကြားနိုင်သည် -

(က) လွှတ်တော်တွင် အဆိုတစ်ရပ် တင်သွင်းအတည်ပြုပြီးနောက် သဝဏ်လွှာအဖြစ်ဖြင့် ဥက္ကဋ္ဌထံမှတစ်ဆင့် နိုင်ငံတော်သမ္မတထံ ပေးပို့ခြင်း၊

( ခ ) လွှတ်တော်ကိုယ်စား ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ သဝဏ်လွှာ ပေးပို့ခြင်း။

## အခန်း(၁၁)

## အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်နှင့် လွှတ်တော်

၅၄။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၈ အရ နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲအပ်ကြောင်း ကြေညာသည့်နေ့မှစ၍ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများကို ရပ်ဆိုင်းထားသည်ဟု မှတ်ယူရမည်။ လွှတ်တော်သက်တမ်းကုန်ဆုံးသည့်အခါ လွှတ်တော်သည် အလိုအလျောက်ဖျက်သိမ်းပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၅၅။ မိမိအားပေးအပ်ထားသော တာဝန်ကိုပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံမှ အစီရင်ခံစာ ရရှိသည့်အခါ လွှတ်တော်သက်တမ်း

ကုန်ဆုံးခြင်းမရှိသေးပါက နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော် ၊ လွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အားလုံးနှင့် သက်ဆိုင်ရာ ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများ ယာယီရပ်ဆိုင်းထားခြင်းကို ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၂၃ အရ ပယ်ဖျက်လျှင် လွှတ်တော်သည် ကျန်ရှိသော လွှတ်တော် သက်တမ်းအတွက် ဆက်လက် တာဝန်ထမ်းဆောင်ရမည်။

## အခန်း(၁၂)

## တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၅၆။ မည်သူမဆို အောက်ဖော်ပြပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) လွှတ်တော်အစည်းအဝေးကျင်းပနေစဉ် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ်များမှအပ အခြားမည်သူမျှ ဥက္ကဋ္ဌ ၏ ခွင့်ပြုချက်မရရှိဘဲ လွှတ်တော်အစည်းအဝေးခန်းမအတွင်းသို့ မဝင်ရ။

( ခ ) လွှတ်တော်အစည်းအဝေးကျင်းပနေစဉ် လွှတ်တော်အစည်းအဝေး ခန်းမအတွင်းသို့ လိမ်လည်ပြောဆို၍ ဖြစ်စေ၊ သူတစ်ပါးအယောင်ဆောင်၍ ဖြစ်စေ ဝင်ရောက်ခြင်း မပြုရ။

( ဂ ) လွှတ်တော်အစည်းအဝေးကျင်းပချိန်၌ဖြစ်စေ၊ အစည်းအဝေး ကျင်းပချိန်အပ၌ဖြစ်စေ၊ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရှိဘဲ သတ်မှတ်ထားသော လွှတ်တော်ပရဝုဏ်အတွင်း ညဥ့်အိပ် ညဥ့်နေ မပြုရ။

၅၇။ မည်သူမဆို အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ် နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်း ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) သတ်မှတ်ထားသော လွှတ်တော်ပရဝုဏ်အတွင်း ဆန္ဒပြခြင်း သို့မဟုတ် တစ်နည်းနည်း ဖြင့် ဆူပူနှောက်ယှက်ခြင်းမပြုရ။

( ခ ) လွှတ်တော် သို့မဟုတ် လွှတ်တော်အဖွဲ့အစည်းတစ်ရပ်ရပ်က ဆွေးနွေး မေးမြန်းရန် ဖိတ်ခေါ်ခြင်းခံရသူတစ်ဦးအား မတရားသြဇာလွှမ်းမိုးခြင်း၊ သွေးဆောင်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းမပြုရ။

( ဂ ) လွှတ်တော် အစည်းအဝေးခန်းမ၌ဖြစ်စေ၊ လွှတ်တော်ပရဝုဏ်အတွင်း၌ ဖြစ်စေ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ကိုယ်ထိလက်ရောက်ပြုခြင်း သို့မဟုတ် အနှောင့်အယှက်ပေးခြင်းမပြုရ။

(ဃ) လွှတ်တော်ကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန်ပေးထားသော ဝန်ထမ်း တစ်ဦး သို့မဟုတ် လွှတ်တော်လုံခြုံရေး တာဝန်ရှိသူတစ်ဦးအား ယင်း၏ တာဝန် ဝတ္တရားများ ဆောင်ရွက်ရာ၌ နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်းမပြုရ။

( င ) လွှတ်တော် သို့မဟုတ် လွှတ်တော်အဖွဲ့အစည်းတစ်ရပ်ကိုလိမ်လည်လှည့်ဖြားရန် အကြံဖြင့် အတုပြုလုပ်ထားသည့် စာရွက်စာတမ်း၊ အထောက်အထားများကို တင်ပြခြင်းမပြုရ။

( စ ) လျှို့ဝှက်စွာ ထိန်းသိမ်းထားရှိရမည့် လွှတ်တော်ဆိုင်ရာ စာရွက်စာတမ်းများ၊ အကြောင်းအရာများ၊ အချက်အလက်များ၊ ကိန်းဂဏန်းများ၊ ရုပ်ပုံကားချပ်များ နှင့်အခြားအထောက်အထားများကို ပြင်ပသို့ပေါက်ကြားစေရန် ပြောဆိုခြင်း၊ ရေးသားခြင်း၊ ပုံနှိပ်ခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဆက်သွယ် ပေးပို့ခြင်းမပြုရ။

( ဆ ) လွှတ်တော်အစည်းအဝေးခန်းမ၌ဖြစ်စေ၊ လွှတ်တော်ပရဝုဏ်အတွင်း၌ဖြစ်စေ ခွင့်ပြုထားသူမှအပ လက်နက်ယူဆောင်လာခြင်းမပြုရ။

၅၈။ (က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပုဒ်မ ၅၆ နှင့် ပုဒ်မ ၅၇ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် လွှတ်တော်ရုံးက ဥက္ကဋ္ဌ၏ ခွင့်ပြုချက် ရယူပြီး သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုနိုင်ရန် ဆောင်ရွက်ရမည်။

( ခ ) လွှတ်တော်ကိုယ်စားလှယ် မဟုတ်သောပုဂ္ဂိုလ်တစ်ဦးသည် ပုဒ်မ ၅၆ နှင့် ပုဒ်မ ၅၇ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် လွှတ်တော်ရုံးက သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုနိုင်ရန် ဆောင်ရွက်ရ မည်။

၅၉။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဤဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့မှအပ ပုဒ်မ ၁၁ ပါ ကျင့်ဝတ်နှင့် စည်းကမ်း များဆိုင်ရာ အချက်တစ်ခုခုကို မလိုက်နာကြောင်း တွေ့ရှိပါက ဥက္ကဋ္ဌသည် အောက်ပါနည်းလမ်းဖြင့် အရေးယူနိုင်သည် -

(က) သတိပေးခြင်း၊

( ခ ) လွှတ်တော်အစည်းအဝေးများကို တက်ရောက်ခွင့်အား ယာယီရပ်စဲခြင်း။

၆၀။ ဤအခန်းပါ ပုဒ်မ ၅၆ နှင့် ပုဒ်မ ၅၇ တို့ပါ ပြစ်မှုများကို ရဲအရေး ယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

## အခန်း(၁၃)

## အထွေထွေ

၆၁။ ဤဥပဒေနှင့် ဤဥပဒေအရပြုလုပ်သော နည်းဥပဒေများအရ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။

၆၂။ ပြည်ထောင်စုလွှတ်တော်က လွှတ်တော်သို့ ခွဲဝေသတ်မှတ်ပေးသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လွှတ်တော်က ဆောင်ရွက်ရမည်။

၆၃။ ပြည်သူကရွေးချယ်ပေးသော လွှတ်တာ်ကိုယ်စား လှယ်များသည် မိမိအား ရွေးချယ်ပေးသည့် မဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ဂုဏ်ထူးဝိသေသနှင့် ပြည်စုံသော အများက လေးစား ထိုက်သည့် ပုဂ္ဂိုလ်များဖြစ်သည့်အ လျောက် သက်ဆိုင်ရာ မဲဆန္ဒနယ်၌ ဒေသဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေး၊ လူမှုစီးပွားရေး ကဏ္ဍတို့နှင့် စပ်လျဉ်း၍ ပြည်သူများ၏ သဘောထားဆန္ဒဖော်ဆောင်ရာတွင် လည်းကောင်း၊ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများကဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်ကဖြစ်စေ အလေး ထားတိုင်ပင်အပ်သော ပုဂ္ဂိုလ်များ ဖြစ်သည်ဟု မှတ်ယူရမည်။

၆၄။ လွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝကို လွှတ်တော်ရေးရာ ဦးစီးဌာနရုံးက တာဝန်ယူ ဆောင်ရွက်ရမည်။

၆၅။ လွှတ်တော်သည် လိုအပ်သော မြို့နယ်များတွင် လွှတ်တော်ကိုယ်စားလှယ်ရုံးများကို ဖွင့်လှစ် တည်ထောင်ခွင့်ပေးနိုင်သည်။

၆၆။ လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လွှတ်တော်က တာဝန်ယူဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေးမီ၊လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအစီအစဉ်ဖြင့် ဖွင့်လှစ်လိုပါက နေရာထိုင်ခင်း၊ ရုံးလုပ်ငန်းဆိုင်ရာကုန်ကျစရိတ်များကျခံ၍လွှတ်တော်ကိုယ်စားလှယ်ရုံးများကို ဖွင့်လှစ်နိုင်သည်။

၆၇။ လွှတ်တော်သည် လွှတ်တော်ရေးရာ ဦးစီးဌာနရုံးနှင့် လွှတ်တော်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအတွက် သုံးစွဲကုန်ကျမည့် နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်း လျာထားချက်ကို ရေးဆွဲပြုစုပြီး ဘဏ္ဍာရေးကော်မရှင်နှင့် ပြည်ထောင်စု လွှတ်တော်သို့ ပေးပို့ရမည်။

၆၈။ လွှတ်တော်ကသော်လည်းကောင်း၊လွှတ်တော်၏အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊လွှတ်တော်မှတ်တမ်းများနှင့်စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။

၆၉။ လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူ သိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရ ပ်အရဖြစ်စေ၊ လွှတ်တော်၏ ဆုံးဖြတ် ချက်အရ ဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

၇၀။ လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသော လု ပ်ပိုင်ခွင့်များကို ကျင့်သုံး၍ လွှတ်တော်လုပ်ငန်းဆိုင်ရာများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သော ဖွဲ့စည်းမှုများကို ရေးဆွဲဖွဲ့စည်း တည်ထောင်နိုင်သည်။

၇၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွှတ်တော်သည် နည်းဥပဒေများ၊ စ ည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန် ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၂။ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥပဒေအမှတ် ၁၃/၂၀၁၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏သဘောတူညီချက်ရယူခြင်း

**အချိန်၊ ၁၃း၅၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့် /မသင့် လွှတ်တော်ရဲ့သဘောထားရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးစဉ်းစားရန် ဆုံးဖြတ်ကြောင်းနှင ့် ယင်းဥပဒေကြ မ်းကို ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်ဆိုသည်မှာ ဥပဒေအရ ကျ မ်းကျိန်ပြီးတော့မှ လွှတ်တော်ကိုယ်စားလှယ်အရာမြောက်တဲ့ သဘောရှိပါတယ်။ ကျမ်းမကျိန်ရသေးခင် ရွေးကောက် တင်မြှောက်ထားတာနဲ့တင် လွှတ်တော်ကိုယ်စားလှယ် အရာမမြောက်တဲ့ သဘောရှိတဲ့အတွက် ဒါ ရည်ညွှန်းဥပဒေတွေနဲ့ ပြန်လည် တိုက်ဆိုင်စစ်ဆေးဖို့ လိုပါလိမ့်မယ်။

နောက်တစ်ခုကတော့ အထူးခံစားခွင့်များပေါ့။ (ခ) တစ်လလျှင် (၃၀၀၀)ကျပ်ထက် မပိုသော ရေ အခမဲ့သုံးစွဲခွင့် စသည်ဖြင့်ပေါ့။ ဒါတွေက တစ်လအတွင်းမသုံးလို့ရှိရင် ဒီ(၃၀၀၀) က ပျက်ပြယ်သွားမှာ။ ဒါတွေကို စုထား၊ စုထား၊ စုထားမယ်၊ ငွေ ပြန်တောင်းခံမယ်။ မသုံးဖြစ်လို့

တောင်းခံမယ်။ ဒါ ကျွန်တော်တို့ရွာမှာ ရေမီတာ မရှိလို့ ဒီရေဖိုးထုတ်ပေးပါလို့ တောင်းခံမယ် ဆိုရင် ရမလား။ အဲဒါဆိုလည်း အဲဒီသဘောတရားဝင်အောင် ရေးဖို့လိုပါတယ်။ နောက်တစ်ခုက တပ်မတော်သားကိုယ်စားလှယ်ပါသလား။ မ ပါလို့ရှိရင်တော့ ရွေးကောက်ခံ လွှတ်တော် ကိုယ်စားလှယ်များသည် ဆိုပြီးတော့ ဒီလိုဖြစ်ရ မှာပေါ့။ အထူးခံစား ခွင့်များ။ (၁၃) လွှတ်တော် ကိုယ်စားလှယ်များသည် အောက်ပါအထူးခံစားခွင့်များကို သတ်မှတ်သော ညွှန် ကြားချက်များနဲ့ အညီ ခံစားခွင့်ရှိသည်။ ဟုတ်ပြီနော်။ ခင်ဗျားပြောတာ ဖွံ့ဖြိုးရေးရန်ပုံငွေ။ အဲဒီတော့ ဒီဖွံ့ဖြိုးရေး ရန်ပုံငွေဆိုတာဟာလည်း ငွေကို ကိုင်ပြီးတော့ သုံးစွဲခွင့်မရှိဘူး။ ဒါ ကို ပေါ်လွင်အောင် ရေးဖို့ လိုပါလိမ့်မယ်။ သတ်မှတ်ချက်များနှင့် အညီ သုံး စွဲခွင့်ရှိသည်ဆိုတော့ ငွေကို ကိုင်ပြီး သုံးစွဲခွင့် သဘောဖြစ်နေတယ်။ သုံးစွဲစေရန်ပဲ သူက ဆောင်ရွက်ခွင့်ရှိတာကိုး။ စီမံခန့်ခွဲခွင့် Authority ပဲ ရှိတာကို၊ ထွေအုပ်က ကိုင်မှာကိုဒီငွေက။ ဒါလည်း ရွေးကောက်ခံထည့်ရင်တော့ ပိုရှင်းပါတယ်။ လွှတ်တော်မဲဆန္ဒနယ်မြေပါတာနဲ့ ရွေးကောက်ခံ မထည့်ဘူးဆိုတာကတော့ ဘယ်လိုမှ အဓိပ္ပာ မဖြစ်ဘူး။ မ လုံလောက်ဘူး။ နောက်တစ်ခုကတော့ ဒီ (၅၅)မှာ။ အဲဒီတော့ အ ခြေခံဥပဒေမှာ ကတည်းက စပြီးတော့ပဲ စာအထားအသို လွဲသလား၊ ဘာလားတော့ မသိဘူးပေါ့နော် ။ (၅၅)။ မိမိအား ပေးအပ်ထားသော တာဝန်ကို ပြီးမြောက်အောင် ဆော င်ရွက်ပြီးစီးကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံမှ အစီရင်ခံစာရရှိသည့်အခါ ဟုတ်ပြီနော် ။ အဲဒီနေရာမှာ လွှတ်တော် သက်တမ်းကုန်ဆုံးခြင်း မရှိသေးပါကဆိုတာ အောက်ကို သွားဖို့ကောင်းတာပေါ့။ အစီရင်ခံစာ ရရှိသည့်အခါ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော် တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အားလုံးနဲ့ သက်ဆိုင်ရာဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများ ယာယီရပ်ဆိုင်းထားရေးကို ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၄၂၃ အရ ပယ်ဖျက်လျှင် အဲဒီကျမှ လွှတ်တော် သက်တမ်း ကုန်ဆုံးခြင်းမရှိသေးပါက လွှ တ်တော်သည် ကျန်ရှိသော လွှတ်တော်သက်တမ်းတွင် ဆက်လက် တာဝန်ထမ်းဆောင်ရမည်ဟူသော မြန်မာစာအရေးအသား မှန်သွားမယ့်သဘော ရှိပါတယ်။ ဒါတော့ အကြမ်းဖျင်း ပြောတာပါ။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၃း၅၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချု ပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ၁၅-၃-၂၀၁၂ (တနင်္လာနေ့) ထက်နောက်မကျပဲ အမျိုးသားလွှတ်တော်ဌာန ဒု တိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။ ၁၅ ရက် ဆိုတော့ သိပ်နောက်ကျနေပါတယ်။ နောက် အပတ်တစ်ပတ်လုံး မှာ ဒါလုပ်လို့ရပါတယ်။ ၁၂ ရက်ကနေ ၁၆ ရက်အတွင်းလုပ်လို့ရပါတယ်။ ဒါလည်း ပြည်သူ့လွှတ်တော် ဥပဒေက ဆွေး နွေးပြီးသားဆိုတော့ ဒီမှာ ဟိုဟာလောက်ဆို ရင် ၁၂ ရက်နေ့ လောက် အမည်စာရင်းပေးရင်ရပါတယ်။ မရဘူးလား။ ၁၂ ရက်နေ့လောက် အမည်စာရင်း ပေးလို့ရှိရင် ၁၃ ရက်နေ့လောက် တင်လို့ရပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ကို ပို့တဲ့အခါ ကျတော့ အတူတူပို့လို့ရအောင်လို့။

## ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) ၏ လယ်ယာစိုက်ပျိုးသီးနှံ ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဆည်ရေများ ထိရောက်စွာ ထုတ်လွှတ်ပေးဝေ ရယူရေးအတွက် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၃း၅၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်တင်သွင်းထားသည့် လယ်ယာစိုက်ပျိုးသီးနှံဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဆည်ရေများ ထိရောက်စွာ ထုတ်လွှတ်ပေးဝေရယူရေးအတွက် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။

**အချိန်၊ ၁၃း၅၃။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးစိုးမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၃။**

**ဦးစိုးမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းသွားတဲ့ အဆိုဖြစ်တဲ့ လယ်ယာစိုက်ပျိုးသီးနှံ ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဆည်ရေများထိရောက်စွာ ထုတ်လွှင့်ပေးဝေရယူရေးအတွက် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ကြောင်း တင် ပြအပ်ပါတယ်။ အမျိုး သားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာစိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံ ဖြစ်သည့်အလျှောက် နိုင်ငံတော်ပိုင်းမှာလည်း ခေတ်အဆက်ဆက် လ ယ်ယာကဏ္ဍ အသက်မွေးဝမ်းကျောင်းပြု နေကြတဲ့ နိုင်ငံအများစုရဲ့ လူဦးရေဖြစ်တဲ့ တောင်သူ လယ်သမားများရဲ့အကျိုးကို ရှေးရှု ပြီး မိုးရေလုံလောက်စွာရရှိရေးမှာ မသေချာ မရေရာတဲ့အတွက် ရှေးမြန်မာမင်းများလက်ထက်မှ ခေတ်အဆက်ဆက်က ယနေ့ထိတိုင် ရေလှောင်တမံကြီး များ ရေလွှဲဆည်ကြီးများ ယခုဆိုလျှ င် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများကို တည်ဆောက်အ ကောင်အထည်ဖော်ပြီး ဆည်ရေပေးဝေမှု လုပ်ငန်းများကို ဆောင်ရွက် ခဲ့ကြပါတယ်။ ကျွန်တော်တို့ အင်္ဂလိပ်တို့ အုပ်စိုးခဲ့စဉ်ကာလတုန်းကတိုင် မကွေးတိုင်း၊ မင်းဘူးခရိုင်တွင်းမှာ မဲဇလီရေလွှဲဆည်၊ လင်းဇင်းရေလွှဲဆည်နှင့် နောက်ပိုင်း အိုင်းမရေလွှဲဆည်၊ စလင်းရေလွှဲဆည်၊ တောင်မန်းတူးမြော င်းစီမံကိန်းစသည်တို့ဟာ အ ထင်ကရ ရှိတဲ့ ရေပေးရေးစီမံကိန်းတွေဖြစ်လို့ ကျွန်တော်တို့ အပူပိုင်းဒေသဖြစ်ပေမယ့် ကျွန်တော်တို့ မင်းဘူးခရိုင်တစ်ခုလုံးက လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းလုပ်ငန်း အောင်မြင်ပြီး စိမ်းလန်းစိုပြေခဲ့ပါတယ်။ ပတ်ဝန်းကျင်နေသူများကိုလည်း လိုအပ်တဲ့ဆန်စပါးထောက်ပံ့နိုင် လောက်အောင်လည်း ဆန်စပါးစိုက်ပျိုးတာ ဖြစ်ထွန်းခဲ့ပါတယ်။ အဲဒီနေရာမှာ ကျွန်တော်တို့ ရေပေးဝေမှုနဲ့

ပတ်သက်လို့ ကျွန်တော်တို့ လင်းဇင်းဆည်နဲ့ပတ်သက်လို့ ပြော ချင်ပါတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက လွန်ခဲ့တဲ့နှစ် (၃၀)(၄၀)လောက်ကဆိုရင် ရေပေး မြောင်းမကြီးတွေ၊ ရေသွယ် မြောင်းတွေ၊ ရေသွင်းမြောင်းတွေ စသည်ဖြင့် ဒါတွေဟာ သူတို့သက်ဆိုင်ရာဝန်ထမ်း အသီးသီးမှ ဟိုခေတ်ခေါ် ဆည်ရေသောက် ဆည်ဖို့ ၊ မြောင်းဖို့ ဆည်မြော င်းတလျှောက် ချောင်းပေါင်းစတဲ့ ရာထူးဆင့်ကဲဆင့်ကဲ စနစ်တကျ ပေးဝေပြီးတော့ Maintenance စနစ်တွေလုပ်ပြီးတော့ ရေပေးဝေရေးစနစ်ကို စနစ်တကျ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ယခု ကြာလာတဲ့အမျှ ဒီစနစ် တွေဖြစ်လာပြီးတော့ နောက်ပိုင်းမှာ တဖြည်းဖြည်းနဲ့ ခု ကျွန်တော်တို့ ပြောရင် ကျွန်တော်တို့ ရေသွင်းမြောင်းမကြီးတွေကအစ ရေသွင်းမြောင်းတွေ ကောလာတာ ဖြစ်ပါတယ်။ ဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့ လက်လှမ်းမီသလောက် ကျွန်တော်တို့ စလင်းမြို့တစ်မြို့လုံး ရေပေးတဲ့ လင်းဇင်းဆည် တစ်ဝိုက်ဖြစ်ပါတယ်။ ဒါတွေ ကျွန်တော်တို့ ဒီကိစ္စကြီးနဲ့ပတ်သက်လို့ ခု ကျွန်တော်တို့ ဒီ လွှတ်တော် တွေပေါ်လာပြီး ကျွန်တော်တို့ အဆက်အသွယ်ရပြီး၊ ကျွန်တော်တို့လွှတ်တော်ပေါ်လာမှ ပြီးခဲ့တဲ့ ခု ဒီ ၂၀၁၁ ဒီနွေရာသီ နွေစပါးစိုက်ပျိုးဖို့ဆိုပြီး ရေမရလို့ ကျွန်တော် နယ်ပြန်သွားတဲ့အချိန်မှာ တောင်သူလယ်သမားတွေက အကူအညီတောင်း လို့ ကျွန်တော်တို့ ဒီမှာရှိတဲ့ ဒုတိယဝန်ကြီး ဦးခင်ဇော် ကလည်း ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကသွားတော့ ရင်း နှီးစွဲရှိလို့ အကူအညီ တောင်းလို့ ချက်ချင်းလုပ်ပေးလိုက်တဲ့ အတွက်ကြောင့် ကျွန်တော်တို့ စလင်းမြို့မှာတော့ အခု အားလုံး တော်တော်လေး အဆင်ပြေသွားတဲ့ သဘော ရှိပါတယ်။ ဒါက ကျွန်တော်တို့ စလင်းမြို့ တစ်ဝိုက်မှာ အလားတူ ဗမာပြည်တစ်ပြည်လုံးမှာလည်း ရေပေးစီမံကိန်း အများ ကြီးရှိပါတယ်။ စစ်ကိုင်းတိုင်းမှာဆိုလို့ရှိရင် ကျွန်တော်တို့ ကာဘိုးရေလွှဲဆည် ကနေပြီးတော့ ရွှေဘိုတူးမြောင်း ရေသောက်စနစ်နှင့် ရေဦးတူးမြောင်း ရေသောက်စနစ်တွေ စုစုပေါင်း လယ်မြေဧက (၅)သိန်း ကျော် ရှိကြောင်းသိရပါတယ်။ မြန်မာနိုင်ငံ အထက်ပိုင်းရဲ့ စပါးကျီကြီး ဖြစ် ပါတယ်။ အလားတူပဲ မန္တလေးတိုင်းအတွင်းမှာလည်း ဆည်တော်ကြီးရေလွှဲဆည်၊ ကင်းတား ရေလွှဲဆည်တို့ အပါအဝင် ရေလှောင်တမံကြီးငယ်များတည်ဆောက်ပေးခဲ့ပြီး ဆည်ရေသွင်း စိုက်ပျိုးရေးစနစ်ဟာ ထွန်းကား လာပြီး စိုက်ပျိုးရေးစနစ်လည်း ထွန်းကားလာတာတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီနေရာမှာ ကျွန်တော် ကောက်နုတ်တင်ပြချင်တာကတော့ ခုနက ကျွန်တော်တို့ မြို့နယ်သေးသေးလေးမှာဖြစ်တဲ့ ရေပေးရေးစနစ်ပါ။ အဲဒီ ရေပေးရေးစနစ်မှာ ခုန ကျွန်တော် ကျန်သွားလို့ ရေပေးရေးစနစ် အရေးကြီးသလို ရေ ကိုထိန်းဖို့စနစ်လည်း အရေးကြီး

ပါတယ်။ လင်းဇင်းဆည်ကြီးဟာဆိုရင် အင်္ဂလိပ်ခေတ်က တည်ဆောက်ခဲ့တဲ့ ရေကာတာပါ။ ဒါပေမယ်လို့ လွန်ခဲ့တဲ့ ကျွန်တော်တို့ နှစ်ပေါင်း (၃၀)လောက် ကျွန်တော် တို့ ပြောရင် မြန်မာ့ ဆိုရှယ်လစ်စဥ်ပါတီခေတ်မှာ လယ်ယာသားငါး သစ်တောတာ ဝန်တွေဟာ သာမန်လူတွေ ဖြစ်ပါ တယ်။ တာ ဝန်ရေပေးရေးစနစ် ထိန်းချုပ်တယ်။ အဲဒီအချိန်မှာ ကျွန်တော် တို့ သိသလောက်က ဆည်မြောင်းရဲ့ Regulation တွေရှိပါတယ်။ ဒီ Regulation တွေက ရေထိန်းရတဲ့အချိန်ရှိတယ်။ ရေလွှတ်ပေးရတဲ့ အချိန်ရှိတယ်။ ဒီသဘောတရားတွေ မသိဘဲနဲ့ ရေထုကို မလိုတဲ့အချိန်မှာ ထိန်းထားတယ်။ ဥပမာ ပြောရလို့ရှိရင် ကနဦး မိုးတွင်းကစလာတဲ့ ရေတွေမထိန်းဘူး။ သစ်ကိုင်း၊ သစ်ခက်တွေပါ လာတယ်။ အန ည်အနှစ်တွေပါတယ်။ ထိန်းလို့ ရှိရင်ပေါ်တယ်။ ဒီ စနစ်တွေ ကို ဆန္ဒစောပြီး ထိန်းလိုက်တဲ့ အတွက် ကျွန်တော်တို့ ဒီလင်းဇင်းဆည် ကြီး ကောခဲ့ဘူးပါတယ်။ ခုနောက်ပိုင်းမှ ဆည်မြောင်းဦးစီးက ပြန်ပြီးထိန်းပြီးတော့ မှ ခု ကျွန်တော်တို့ ရေပေးရေး System တွေပြောင်းသွားတာ အခု ကျွန်တော်က လက်လှမ်းတမီဖြစ်တဲ့ ရေပေးရေး System လို့ ပြောရပါတယ်။ ကျွန်တော်တို့ အခုကျန်တဲ့ မြန်မာတစ်နိုင်ငံလုံး တစ်နံတစ်လျားမှာ ဒီရေပေးရေးကို လယ်ယာစိုက်ပျိုးရေးကို လုပ်ကြတာရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့ဟာ နိုင်ငံတော်က ရေရရှိ ရေးနည်းလမ်းမျိုးစုံနှင့် ရေလှောင်တမံတွေ၊ ရေလွှဲဆည်တွေ၊ ရေသွင်းစီမံကိန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်ပေးထားခဲ့ပေမယ့် ဒီဟာတွေအားလုံး ထိရောက်မှုရှိကြရဲ့ လားဆိုတာ ကျွန်တော်တို့ ဆန်းစစ်ဖို့ လိုအပ်တယ်လို့ ကျွန်တော်တို့ မြင်ပါတယ်။ ဒါကြောင့်မို့ လို့ ကျွန်တော်တို့က ဒါတွေကိုလည်း ဆန်းစစ်ပြီးတော့ လိုအပ်တဲ့ ထိန်းသိမ်းရေးလုပ်ငန်းတွေ ကိုလည်း ဆောင်ရွက်ပေးဖို့လိုကြောင်း ကျွ န်တော် အကြံပြု တင်ပြချင်ပါတယ်။ ကနေ့ဟာဆိုရင် ကမ္ဘာ့ရာသီဥတုရဲ့ ဖောက်ပြန်တဲ့ ရေကြီးတယ်၊ မိုးခေါင်တယ်၊ ပူပြင်းခြောက်သွေ့တယ်၊ သီးနှံ စိုက်ပျိုးမှုတွေ ထိခိုက်ပျက်စီးမှုတွေ တွေ့တဲ့အခါမှာ ကျွန်တော်တို့ ရဲ့ ရေပေး System တွေကို ကျွန်တော်တို့က ကောင်းမွန်ဖို့အတွက် ကျွန်တော်တို့က ထိန်းချုပ်ဖို့ လိုပါတယ်။ ကျွန်တော်တို့ အဆိုရှင် ဦးမျိုးမြင့် ရဲ့ ဆွေးနွေးချက်တွေဟာဆိုရင် ၁၉၈၈-၁၉၈၉ နောက်ပိုင်းမှာ ဒီနေ့အထိ ရေလှောင်တမံ စီမံကိန်းတွေ ရေလွှဲဆည်တွေ ကျွန်တော်တို့ မြန်မာ တစ်နိုင်ငံလုံး အပါအဝင် စုစုပေါင်း (၂၃၃)ခု တည်ဆောက်ခဲ့ ပြီလို့ သိရပါတယ်။ ဒီ ရေသွင်းစိုက်ပျိုးဧကလည်း (၂.၈)သန်းကျော် ဒါတွေက ဆည်ရေကို မှီခိုပြီး ဆည်ရေကြောင့် ကျွန်တော်တို့ ရှင်သန်ရင်း ဆည်ရေကို မှီခိုရတယ်။ ဆည်ရေက အကျိုးပြုခဲ့ တယ်ဆိုတာ ရှိပါတယ်။ အဲဒီတော့ အဆိုရှင်

ဦးမျိုးမြင့် ရဲ့ ကျွန်တော်တို့ ဆွေးနွေးတင်ပြချက်များစွာလည်း အဆိုရှင်ရဲ့ များပြားတဲ့အတွေ့အကြုံ အရလည်းကောင်း သူ့ရဲ့ မဲဆန္ဒနယ်အတွင်းမှာ ဆောင်ရွက်ခဲ့တဲ့ ထိန်းသိမ်းရေးခေါင်းစဥ်ရဲ့ အောက်မှာရှိတဲ့ စီမံကိန်း (၃)ခုအပေါ်မှာ လေ့လာတွေ့ရှိတဲ့ အချက်အရလည်းကောင်း ကျွန်တော် ပြည်နယ်/တိုင်းဒေသအသီးသီးရဲ့ ရေပေးရေးစနစ်တွေ ဆည်ရေပေး ဝေရေး အချက်အလက် တွေကို ကျွန်တော်တို့ စနစ်တကျဖြစ်ဖို့ ၊ စီမံကွပ်ကဲပေးဖို့ လိုအပ်ကြောင်း ကျွန်တော့်အနေနဲ့ အကြံပြုတင်ပြချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အနေနဲ့ ဒီဝန်ထမ်းဘဝမှာတုန်းက ကျွန်တော်တို့ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှာ လုပ်တဲ့အခါကျ မလွဲမသွေ ဒီဆည်မြောင်းဦးစီးဌာန၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနတို့ ကျွန်တော်တို့ ဆက်နွယ်နေတာလေးတွေ ရှိပါတယ်။ အဲဒီဆက်နွယ်နေတာ တွေ့ရှိတာဆိုရင် ကျွန်တော်တို့က ဌာနဆိုင်ရာအချင်းချင်း ကူညီပေးတာ တွေ့ရှိပါတယ်။ ဒါမျိုး တွေဆိုလို့ရှိရင် ကျွန်တော်တို့ ပြောရမယ်ဆိုရင် ကျွန်တော်တို့ အထူး သဖြင့် မြစ် ရေတင်စက်တွေပါ၊ မြစ်ရေတင်စက်တွေ က ဘယ်လိုဖြစ်လည်းဆိုတော့ ကျွန်တော်တို့ များသောအားဖြင့် ဧရာဝတီမြစ်ပေါ်မှာရှိပါတယ်။ ဧရာဝတီမြစ်ပေါ်မှာရှိပေမယ့် ဧရာဝတီမြစ်ရဲ့ ရေနက်ကြောင်းက အနောက်ဘက်ကမ်းဆိုရင် မြစ်ရေတင်စက်က အရှေ့ဘက်ကမ်းမှာ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ က နွေရာသီမှာ ရေရရှိရေးအခက်အခဲဖြစ်သလို ကျွန်တော်တို့က ကျွန်တော်တို့ မှာရှိတဲ့ သောင်တူးသင်္ဘောတွေ နဲ့ ရေမရတဲ့အရာတွေကို ကျွန်တော်တို့က သွားလု ပ်ရပါတယ်။ အကြီးအကဲရဲ့ တာဝန်ပေးချက်အရ အဲဒီမှာ ကျွန်တော်တို့က ရေအရင်းအမြစ် အသုံးချရေးက ပုဂ္ဂိုလ်တွေနဲ့ ကျွန်တော်တို့ ဝန်ထမ်းချင်း ညှိနှိုင်းကြပါတယ်။ ဒါကြောင့်မို့လို့ ဒီနွေရာသီမှာ ရေမရှိ တဲ့ မြစ်ရဲ့ အရှေ့ဘက်ကမ်းမှာ ဘာလို့ မြစ်ရေတင်စက်လိုလဲ၊ မြစ်ကြောင်းက အနောက် ဘက်ကမ်းမှာ ဥပမာ ခု ဦးမျိုးမြင့် တင်ပြတဲ့ တောင်သာမြို့နယ်၊ ကျောဇီ မြစ် ရေတင်စက်ဆိုလို့ရှိရင် မြစ်ရဲ့ အရှေ့ဘက်ကမ်းမှာ ရှိပါတယ်။ မြစ်ရဲ့ ရေနက်စီးကြောင်းက ဧရာဝတီမြစ်ရဲ့ အနောက်ဘက်ကမ်း ပခုက္ကူဘက်မှာ ကပ်စီးပါတယ်။ ရွှေတန့်တစ်ကနေ ကပ်စီးပါတယ်။ အဲဒီတော့ နွေမှာရေစုပ်လို့မရတော့ ကျွန်တော်တို့က သောင်နုန်း ကနေ တူးရတဲ့စရိတ်က အများကြီးကုန်ပါတယ်။ ဒါတွေက ဟိုတနေ့ကတောင် စဥ်းစားမိပါတယ်။ မြစ်ရေတင်စရိတ်ရဲ့ Non Effective ထဲမှာ ကျွန်တော်တို့ ရေအရင်းအမြစ် အသုံးချရေး ကျွန်တော်တို့ဌာနက လုပ်ပေးတဲ့လုပ်ငန်းစဥ်တွေဆိုတာ စရိတ်မပေါ်ပဲနဲ့ ကျွန်တော်တို့ ပံ့ပိုးပေးတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီကိစ္စတွေနဲ့ ပတ်သက်ရင် ကျွန်တော်တို့က သူတို့မေးကြည့်တော့ လည်း

သူတို့ အဖြေကတော့ အမှန်ပါပဲ မူရင်း ရည်ရွယ်ချက်က မြစ်ရေတင် စီမံကိန်းတွေက မိုးရာသီမှာ မိုးမရွာဘဲနဲ့ မိုးခေါင်ရေရှားရပ်ဝန်းဒေသတွေဖြစ်တဲ့ မြင်းခြံဘက်တွေ မှာ ပခုက္ကူဘက်တွေမှာ မိုးတွင်းကာလမှာ ဧရာဝတီမြစ်က ရေဘောင်ဘင်ခ တ်ပါတယ်။ မြစ်အရှေ့ဘက်ကမ်း၊ အနောက်ဘက်ကမ်း မရှိပါဘူး။ အဲဒီ အချိန်တုန်း က မြစ်တစ်ပြင်လုံးက ရေပြည့်နေပါတယ်။ အဲဒီအချိန်မှာ မိုးတွင်းကာလကနေ ရေစု ပ်တင်လို့ အဆင်လည်းပြေပါတယ်။ ဒါပေမယ် လို့ ပြဿနာက နွေရာသီမှာ နွေစပါး တစ်ကြော့စိုက်တဲ့ အတွက်ကြောင့် အဲဒီအချိန်မှာကျတော့ ကျွန်တော်တို့ မြစ်ရေပေးရေးမှာ အများကြီးဖြစ်ပါတယ်။ အဲဒီတော့ ဒီတကယ်တော့ ဒီရေပေး ရေးအတွက် ကုန်ကျစရိတ်တွက်ရင်တောင် ကျွန်တော်တို့ ဌာနကပြောရင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ပေးထားတဲ့ တောင်သူများလုပ်ပေးတဲ့ စရိတ်စခ တွေ ဘာမှမပါတောင်မှ သူတို့အရှုံးပေါ်မှုတွေရှိပါတယ်။ ဒါ ကျွန်တော် ကြုံကြိုက်လို့ တင်ပြ ခြင်းပါ။ အလားတူပဲ ဒါတစ်ခုတည်း မဟုတ်ပါဘူး။ ဒါ လောကနန္ဒာမြစ်ကျိုးအင်းထဲမှာရှိတဲ့ ဒါ လောကနန္ဒာဆိုရင် ဟိုနေ့က အစီရင်ခံစာ ထဲမှာ အအောင်မြင်ဆုံးလုပ်ငန်းတစ်ခုလို့ ပြောပါ တယ်။ ဒါပေမဲ့လို့ ရေ ပေးဝေရေး System မှာ ပြောရင် Cost တွေ အများကြီး ကျပါတယ်။ ကျွန်တော်တို့ ပို့ဆောင်ရေး ဝန်ကြီးဌာန ရေအရင်းအမြစ်က အများကြီးပံ့ပိုးကူညီပေးထားတာ ဖြစ်ပါတယ်။ ဒါ ကျွန်တော် ကြုံကြိုက်လို့ အလျဉ်း သင့်လို့ ဖြေခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က ဦးမျိုးမြင့် ရဲ့ အဆိုကို ထောက်ခံရင်းနဲ့ ကျွန်တော်တို့ မြန်မာ တစ်နိုင်ငံလုံးမှာဆိုရင် ဒီလိုပဲ ဆည်ရေပေးရေးကိစ္စမှာ အဆင်မပြေတဲ့လုပ်ငန်းတွေ အများကြီးရှိကြောင်းကို ကျွန်တော်တို့ ဟိုနေ့က စစ်ဆေးရေးကလည်း တွေ့ရပါတယ်။ Losses တွေလည်း အများကြီးရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ ရေပေးရေး System မှာ ပြန်လည် စဉ်းစားဖို့ လိုအပ်တဲ့ အချက်တွေပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ သိသလောက် မှတ်သလောက်နဲ့ အကြံပြုတင်ပြခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား ။ လယ်ယာစိုက်ပျိုးသီးနှံ ဖွံ့ဖြိုးတိုးတက်မှု ရရှိရန် ဆည်ရေ များကို ထိရောက်စွာ ထုတ် လွှတ်ပေးဝေရေး၊ ရယူရေးတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေနဲ့ အစွမ်းကုန် ကြိုးပမ်းအားထုတ် လုပ်ကိုင်သည်ကိုလည်း သဘောပေါက် နားလည်ပါတယ်။ ရေလှောင်တမံများ၊ ရေလွှဲဆည်များ၊ ရေပေးတူး မြောင်းဆည်များအား သက်တမ်းကြာရှည်လာတာနဲ့အမျှ လူတို့၏ စွမ်းဆောင်မှု အားနည်းခြင်း၊ ဒီဇိုင်းပိုင်းဆိုင်ရာများ

ချို့ယွင်းအားနည်းလာခြင်းတို့ကြောင့် ရေသယ်ပို့ မှုစွမ်းအင်ဆိုတဲ့ ကျဆင်းလာပြီးတော့ ရေ လေလွင့်ဆုံးရှုံးမှုများ များပြားလာတာကို တွေ့ရပါတယ်။ ဘက်ပေါင်းစုံမှာ ရေသုံးစွဲမှုနဲ့အတူ ရေဆုံးရှုံးမှု များကိုလည်း ရှိပါတယ်။ ရေဆုံးရှုံးမှုများမှာ မူလသီးနှံစိုက်တဲ့ ဧကတွေနဲ့ လိုအပ်ချက်ထက် (၅၀)ရာခိုင်နှုန်း ပိုမိုသုံးစွဲရကြောင်းကိုလည်း မှတ်ယူရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ဥပမာ နွေစပါးဆိုလို့ရှိရင် စ /လယ်/ဆုံး ရေလိုအပ်မှု တစ်ဧကကို (၄)ပေမှ(၅)ပေလို့ သတ်မှတ်ထားခဲ့သော်လည်း တကယ့်လက်ရှိနေရာဒေသရဲ့ စာရင်းဇယားအရ (၉)ပေမှ (၁၀)ပေအထိ ပေးနေရကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါတွေဟာ ရေကိုလည်း စနစ်တကျ စီမံကွပ်ကဲ သုံးစွဲမှုဆောင်ရွက်ရန် လိုအပ်နေကြောင်းကို ဖော်ပြနေခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိဂုံးချုပ်အနေ နဲ့ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းတဲ့ လယ်ယာစိုက်ပျိုးသီးနှံ ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဆည်ရေများထိရောက်စွာ ထုတ်လွှတ်ပေးဝေရယူရေးအတွက် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်း ကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေး တင်ပြကြောင်း ပါခင်ဗျား။ အားလုံး ကို လေးစားပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၀၀။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ်(၃၀) ခေတ္တရပ်နားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၄း၀၀ နာရီတွင် ခေတ္တရပ်နား ပြီး ၁၄း၃၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၄း၃၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၃၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ် သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို နေ့လယ် ၁၃း၀၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၄း၃၀။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီးရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၃၁။**

**ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါ စေကြောင်း ဆုတောင်းရင်း ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းထားတဲ့ လယ်ယာစိုက်ပျိုးသီးနှံဖွံ့ဖြိုးတိုးတက်မှု ရရှိရန် ဆည်ရေများ ထိရောက်စွာ ထုတ်လုပ်ပေးဝေရယူရေးအတွက် ပြ ည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် အနေနဲ့ ယနေ့ မြန်မာနိုင်ငံရဲ့ ကျေးလက်နေ ပြည်သူလူထု (၇၀)ရာခိုင်နှုန်းရဲ့ ရှေးဘိုးစဉ်ဘောင်ဆက် အ သက်မွေးဝမ်းကျောင်းဖြစ်တဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုရရှိရန်မှာ နိုင်ငံတော်ပိုင်းမှာ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာငွေကြေး မြောက်မြားစွာ အကုန်အကျခံ တည်ဆောက်ပေးထားတဲ့ ဆည်မြောင်းလုပ်ငန်း များ၊ သမိုင်းဖြစ်စဉ် အကျဉ်းချုပ်၊ လက်ရှိဖြစ်ပေါ်နေတဲ့ ရေပေးဝေရေးစနစ်များရဲ့ အားသာချက်

အားနည်းချက်များ၊ နိုင်ငံတော်ရဲ့ လယ်ယာအကျိုးစီးပွား သွက်လက်ထိရောက် မှုမှာ အရေးပါတဲ့ ဆည်မြောင်းကဏ္ဍတို့ကို သူ့ရဲ့ အတွေ့အကြုံများနဲ့ မဲဆန္ဒနယ်များအတွင်း ဆောင်ရွက်ပြီးစီး ထားတဲ့ ဆည်မြောင်း စီမံကိန်းအချို့ကို လက်တွေ့လေ့လာတွေ့ရှိချက်များအပေါ် အခြေခံ တင်ပြ သွားခဲ့တာဟာ အတော် ပြည့်စုံပြီး စိတ်ဝင်စားဖွယ်ရာဖြစ်ရပ်တွေကို တွေ့ရှိရပါတယ်။ ယခု တင်သွင်းတဲ့ အဆိုနဲ့ ပတ်သက်လို့လည်း မဲဆန္ဒနယ်များအတွင်း ဆောင်ရွက်ထားရှိပြီး စီမံကိန်း များရဲ့ပကတိအခြေနဲ့လက်ရှိဖြစ်ပေါ်နေမှုများကို အခြေခံပြီးတော့လည်းတစ်နိုင်ငံလုံးအတိုင်းအတာ ဖြင့် ကာလတို၊ ကာလရှည် စီမံချက်များ ချမှတ်လျက် နိုင်ငံတော်မှ အလေးထား ဆောင်ရွက် သွားသင့်တယ်လို့ တင်ပြလိုပါတယ်။ မြန်မာနိုင်ငံရဲ့ ရေမြေသဘာဝနဲ့ လိုက်ဖက်တဲ့ စိုက်ပျိုးရေး နိုင်ငံလို့ တစ်ဖက်မှ သတ်မှတ်လျက် ဆည်မြောင်းလုပ်ငန်း များကို ရှေးမြန်မာမင်းများ လက်ထက် ကတည်းက ဆောင်ရွက်လာခဲ့ ရာမှာ နောက်ပိုင်းအုပ်ချုပ်သူအစိုးရအသီးသီးရဲ့ ခေတ်ကာလ များမှသည် ယနေ့အချိန်ကာလ သို့တိုင် တိုး၍တိုး၍သာ ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မိရိုးဖလာ လုပ်ငန်းလို့ဆိုရင် မှားမည်မဟုတ်လို့ပါလို့ ယူဆမိပါကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြဆွေးနွေးခဲ့တဲ့အတိုင်း ဆည်မြောင်းလုပ်ငန်း များဟာ အသစ် အသစ်တွေ ရှာဖွေဖော်ထုတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသလို အဟောင်း အဟောင်းတွေကိုလည်း သက်ဆိုင်ရာလယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီး ဌာနမှ နှစ်စဉ် ဘဏ္ဍာငွေခွဲဝေသုံးစွဲနိုင်ခွင့် ရရှိမှုအပေါ် အကန့်အသတ်ဖြင့် ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်လျက်ရှိတာကို တွေ့ရှိ ကြရမှာဖြစ်ပါတယ်။ သို့သော် လက်ရှိ ကမ္ဘာမှာ ရာသီဥတု ဖောက်ပြန်မှုကြောင့် မလိုအပ်တဲ့အချိန်၊ အရေးကြီးလိုအပ်တဲ့အ ချိန်မှာ မိုးခေါင်မှုဖြစ် ပေါ်နေတာဟာ နေရာဒေသအနှံ့အပြားမှာ တွေ့ကြုံလျက်ရှိနေကြပါတယ်။ နိုင်ငံရဲ့ တောင်သူလယ်သမားအများစုဟာ စို က်ပျိုးရေးလုပ်ငန်းကို ဓားမဦးချ ဆောင်ရွက်လုပ်ကိုင်ရာမှာ နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံထားတဲ့ ရေပေးကာကွယ်ရေးတာတမံများ အပါအဝင် ရေရရှိရေး နည်းလမ်း(၆)သွယ်နဲ့ ဆည်ရေသွင်းစိုက်ပျိုးရေးစနစ် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မှ သာလျှင် အကျိုးရှိမှာဖြစ်ပြီး နိုင်ငံတော်ရဲ့ စိုက်ပျိုးရေးအခန်းကဏ္ဍ မြင့်မားလာမှာဖြစ်ပါတယ်။ ယနေ့ နိုင်ငံတော်သမ္မတကြီးရဲ့ ဦးတည်ရည်မှန်းချက်ဖြစ်တဲ့ ကျေးလက်ပြည်သူများ ဆင်းရဲ နွမ်းပါးမှုလျော့ချရေးမှာ ဆည်ရေများကို လေလွင့်ဆုံးရှုံးမှုအနည်းဆုံးနဲ့ ထိရောက် အကျိုးရှိစွာ

အသုံးပြုမှုသာလျှင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို မုချအထောက်အကူပြုမှာလည်း ဖြစ်တယ် လို့ဆိုတာ ဆွေးနွေး တင်ပြလိုပါတယ်။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ဦးမျိုးမြင့် အနေနဲ့ လယ်ယာစိုက်ပျိုးသီးနှံများ ဖွံ့ဖြိုးတိုးတက်မှုရရှိဖို့ ဆည်ရေများ ထိရောက်စွာ ထုတ်လွှတ်ပေးဝေရယူရေးအတွက် လေလွင့်ဆုံးရှုံးမှုဖြစ်ပေါ်လျက်ရှိခြင်း အကြောင်းအချက် များစွာကို အသေးစိတ် တင်ပြသွားပြီးဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အနေဖြင့် နှစ်ကာလ ကြာရှည်စွာကတည်းက တည်ဆောက်ထားပြီး အကန့်အသတ်အခက်အခဲများကြားမှ ဆည်ရေ ထုတ်လွှတ်ပေးဝေခြင်းနှင့်အတူ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွ က်ရာမှာ အသစ် အသစ် စီမံကိန်းကြီး /ငယ်များကိုသာ အားမထားဘဲ ရှေးယခင် ကတည်းက ဆည်ရေပေးဝေ ခြင်းလုပ်ငန်းများမှာ ကြီးမားစွာအထောက်အကူပြုလျက်ရှိကြတဲ့ ရေလှောင်တမံကြီးများ၊ ရေလွှဲဆည်ကြီးများရဲ့ ရေသောက်စနစ်များ ခေတ်မီပြန်လည်ပြုပြင်ရေး လုပ်ငန်းများကိုလည်း စီမံကိန်းအသွင် ချမှတ်ဆောင်ရွက်ရန်နဲ့ ရရှိသမျှ ရန်ပုံငွေဖြင့် ဦးစားပေးအလိုက် ဆောင်ရွက် လုပ်ကိုင်သင့်ပြီလို့ ယူဆသုံးသပ်လို ပါတယ်။ ဥပမာအားဖြင့် စစ်ကိုင်းတိုင်း ကာဘိုးဆည် ၊ ကာဘိုးရေလွှဲဆည်ဟာ နှစ်ပေါင်းများစွာကတည်းက ဆည်ရေသောက် ဧရိယာဧက (၃)သိန်း ကျော်ရှိ ရွှေဘိုတူးမြောင်း ရေသောက်စနစ်နဲ့ ဧက (၂)သိန်းကျော်ရှိ ရေဦးတူးမြောင်း ရေသောက် စနစ်များကို ယနေ့ထက်တိုင် အလုပ်အကျွေးပြုလျက်ရှိနေတဲ့ လေ့ လာတွေ့ရှိချက်ကို တင်ပြလို ပါတယ်။ အလားတူပဲ မကွေးတိုင်းအတွင်းမှာ မဲဇလီ၊ လင်းဇင်းရေလွှဲဆည်များမှ လယ်မြေဧက သိန်းနဲ့ချီပြီး တူးမြောင်းစနစ်များမှ ရေပေးဝေလျက်ရှိပါတယ်။ ဒီနေရာမှာ ဒါနဲ့ ဆက်စပ်ပြီး ကျွန်တော်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)အတွင်း (၁၁)မြို့နယ်အနက် နမ့်စန်မြို့၊ ဟွမ်ကိုရေလှောင်တမံ ရေပေးဝေနိုင်တဲ့ ဧက (၁၀၀၀)ဧက၊ မိုးနဲမြို့နယ်၊ ဝမ်ပုံ ရေလွှဲဆည်ရေပေးဝေနိုင်တဲ့ဧက (၃၀၀၀)ကျော်၊ မောက်မယ်မြို့နယ်၊ နားဆိုင်း ရေလွှဲဆည်နဲ့ နမ့်လှုရေလွှဲဆည် (၂)ခုတို့ရဲ့ ရေပေးဝေ နိုင်တဲ့ဧက (၁၀၀၀)ခန့်နဲ့ မိုင်းပန်မြို့ နယ်၊ လဝဆည် ရေပေးဝေနိုင်တဲ့ဧက (၆၉၄)ဧကရဲ့ အခြေအနေကို အနည်းငယ် မီးမောင်းထိုး တင်ပြလိုပါ တယ်။ ဒီဆည်ရေသောက်စနစ်အောက်မှာ ရေပေးရေယူစနစ် တူးမြောင်းဝန်ထမ်း၊ ဆည်ကူ ဝန်ထမ်း Canal Inspectors, Assistant Canal Inspector, Revenue Staff များကို ခန့်ထားခြင်းများ မရှိသေး တာကို တွေ့ရှိရပါတယ်။ နှစ်စဉ် အခွန်စည်းကြပ်ချိန်ရောက်ခါမှ တောင်ကြီးမြို့ လက်ထောက်ညွှန်ကြားရေးမှူးရုံးက ACI တစ်ယောက်ယောက်ကို ငှားရမ်း

ခေါ်ယူအသုံးပြုကြတာကို မြင်တွေ့ရပါတယ်။ တကယ်ဆိုရင် ရှမ်းပြည်နယ် ဆည်မြောင်းလုပ်ငန်း အနေနဲ့ ရေပေးရာသီတစ်ခုလုံးမှာ ကြီးကြပ်ကွပ်ကဲဖို့ အမြဲတမ်း လိုအပ်နေတာဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ် ဆည်မြောင်းလုပ်ငန်းတွေမှာ အင်ဂျင်နီယာတွေမကပဲ ရေပေးရေယူစနစ် တူးမြောင်းဝန်ထမ်း ACI Revenue Staff များကို ဆည်တစ်ဆည် မှာ တစ်ယောက်နှုန်းခန့် ထားဖို့လိုအပ်ကြောင်း တွေ့မြင်ရပါတယ်။ ဆည်ရေ လေလွင့်ဆုံးရှုံးမှု လွန်စွာများပြား ခြင်းတို့မှာ ထိန်းသိမ်းရေးလုပ်ငန်းများကို စီမံကိန်းတည်ဆောက်ရေး လုပ်ငန်းများနဲ့ တန်းတူ အဆင့် ထားရှိ စဉ်းစားဆောင်ရွက်သွားဖို့ တကယ်ပဲ အမှန်လိုအပ်တယ်ဆိုတာ ကျွန်တော်လည်းပဲ ဒီလိုပဲ သုံးသပ်လိုပါတယ်။ ဆည်မြောင်း ထိန်းသိမ်းရေးလုပ်ငန်းမှာ ရေဆည်သောက်စနစ် ပီပြင်စွာ ပြန်လည်ထိန်းသိမ်းရေး အစီအစဉ် Schedule for Rehadbilitation Irrigation of Canal System ရေးဆွဲလုပ်ကိုင်သွားခြင်းဆိုတာ အမှန်လိုအပ်နေတဲ့ အစီအစဉ်ဖြစ်ပါတယ်။ နောက်တစ်ချက်က ရှမ်းပြည်နယ်ဆည်မြောင်းစနစ်တွေမှာ အကုန်လုံးလောက်နီးပါးလက်တံမြောင်း Distribution မရှိတာများပြီး Direct outlet နဲ့သာ ရေပေးဝေနေရတာကို တွေ့မြင်နေရပါတယ်။ လယ်ကြားမြောင်း ရေပေးပွဲန်စာရင်းမှ တ်ပုံတင် B-113 Register မှာပါ အရေအတွက်နဲ့ အရွယ်အစား ကွာခြားချက် စစ်ဆေးမှုနည်းပါးခြင်း၊ တွေ့ရှိပါကလည်း အရေးမယူဘဲ မသိကျိုးကျွံ ပြုခြင်းတို့ကြောင့် တောင်သူများက မိမိလိုရင် လိုသလို မြောင်းဘောင် ချိုးယူခြင်း၊ Direct outlet Pipe များ၊ သတ်မှတ် ဒီဇိုင်း ရေပြေး နိမ့်မြင့်မှတ်ပြင်ဆင်ခြင်း၊ အရွယ် အစားကို လဲလှယ် ထည့်ခြင်းများ သိရှိရပါတယ်။ ဒီနေရာမှာ တူးမြောင်းဥပဒေအရ လယ်ကြားမြောင်းများကို တောင်သူလယ်သမားများက တူးဖော်ပေးဖို့ တာဝန်ရှိတဲ့အတွက် လိုက်နာခြင်းမရှိဘဲ ဆည်ရေကို ခွက်ဆင့်သောက်ယူထားခြင်းကြောင့် ရေပေးဝေချိန်ကြာမြင့် လာလေ လေလွင့် ဆုံးရှုံးမှု များပြားတာတွေ တွေ့ရှိတဲ့အတွက်ကြောင့် Water User Group ကို နှစ်စဉ် အတိအကျ စာရင်းကောက်ပြီး ဖွဲ့စည်းပေးဖို့ အလွန်လိုအပ်ပါတယ်။ ဆည် မြောင်း ACI နဲ့ Water User Group ခေါင်းဆောင်များ ပူးပေါင်းပြီး ညှိနှိုင်းဆောင်ရွက်ရင် ရေပေးဝေမှုလုပ်ငန်းမှာ အဆင်ပြေ ချောမွေ့မှာ ဖြစ်ပါတယ်။ အခုအဖြစ်အပျက်တွေကို မြင်တွေ့နေရတာက ဟိုး ဆယ်စုနှစ် တစ်ခုကျော်လောက်က Water User Group စာရင်းတွေနဲ့ပဲ အသုံးပြုပြီး Ontable ချောအောင်သာ ဆောင်ရွက်နေတာကို စိတ်ပျက်ဖွယ် တွေ့မြင်နေရပါ တယ်။ တချို့တောင်သူ လယ်သမားတွေဟာ နာမည်သာရှိပြီး သေဆုံးပြောင်းရွှေ့သွားကြတာဟာလည်း စာရင်းမှာ ကွဲပြားမှု

တွေဖြစ်နေတာ တွေ့ရှိရလို့ ကြီးကြပ်အလုပ်လုပ်သူအဖို့ အခက်အခဲတွေ တွေ့ရှိရပါတယ်။ ဒါကြောင့် ဆိုခဲ့ပါ သုံး သပ်တဲ့ အချက်အလက်များတွေအပေါ် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအနေနဲ့ သုံးသပ်ဝေဖန်ဆောင်ရွက်ကြဖို့ အကြံပြုတင်ပြရင်း အဆိုရှင် ဦးမျိုးမြင့် တင်သွင်းတဲ့ လယ်ယာ စိုက်ပျိုးသီးနှံဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဆည်ရေများ ထိရောက်စွာ ထုတ်လွှတ်ပေးဝေ ရယူရေး အတွက် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို ကျွန်တော့်အနေနဲ့ အလေးအနက် ထောက်ခံအပ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခ င်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၃၅။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါက်တာမြင့်ကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၃၅။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)** ။ ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသား လွှတ်တော် ကိုယ်စား လှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၈)မှ ဒေါက်တာမြင့်ကြည် ဖြစ်ပါတယ်။ မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးမျိုးမြင့် ရဲ့ လယ်ယာစိုက်ပျိုးသီးနှံ ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဆည်ရေများ ထိရောက်စွာ ထုတ်လွှတ်ပေးဝေရေးအတွက် အဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အရှေ့မှာလည်းပဲ လက်ဦး ဆွေး နွေးသွားပါပြီ။ ဆွေးနွေးသွား တဲ့ဟာတွေကလည်းပဲ အင်မတန်မှ တန်ဖိုးရှိပါတယ်။ ဒါတွေကိုလည်းပဲ ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေး ပါတယ်။ ထပ်ပြီးတော့ ကျွန်တော် ဒါ မဆွေးနွေးတော့ပါဘူး။ အဲဒီတော့ ဒီ လယ်ယာစိုက်ပျိုးသီးနှံ ဖွံ့ဖြိုးတိုးတက်မှုဆိုတာ ကျွန်တော်တို့ ဒီနေ့ အထွက်တိုးစပါးတွေ၊ တင်း(၂၀၀)၊ တင်း (၃၀၀)၊ တင်း (၄၀၀)၊ သို့သော် ရေမရလို့ရှိရင် ကျွန်တော်တို့ ဘာမှလုပ်လို့ မရပါဘူး။ နံပါတ် (၁)အဓိကက ကျွန်တော်တို့ ရေရှိမှ၊ နောက် ကျွန်တော်လည်းပဲ အရင်တုန်းက ဒီမှာ အဆို တင်ခဲ့ပါတယ်။ ဓာတ်မြေသြဇာတို့ စသည်အားဖြင့် ဒါ အသီးသီးရှိပါတယ်။ ဒီထဲကတော့ ဓာတ်မြေသြဇာရှိပေမယ့်လည်းပဲ ရေမရှိလို့ရှိရင် ကျွန်တော်တို့ ဒီဟာတွေဟာ အောင်မြင်မှာ မဟုတ်ပါဘူး။ ကျွန်တော် ဥပမာတစ်ခု ပြောရရင် ကျွန်တော် ့ရဲ့ ဦးလေးတစ်ယောက် သူ က

ခြုံတစ်ခုလုပ်တယ်။ သူ့ခြံဘေးနားမှာ ကျွန်တော်တို့ နည်းနည်းလေး Authority ရှိတဲ့ပေါ့လေ။ ပုဂ္ဂိုလ်ကြီး တစ်ယောက်က သူလုပ် တယ်။ သူ့ခြံကတော့ စိမ်းစိုပြီးတော့ ဒီဘက်ကခြံက သိပ်မစိမ်းစိုဘူး။ အဲဒီတော့ ဦးလေးက ပြောတယ်။ ငါ့ခြံကတော့ကွာတဲ့ မင်းမစိမ်းစိုဘဲနဲ့ မင်းတို့ ဟိုဘက် ကြည့်စမ်းပါဦး ဆိုတော့ ပါဝါချင်းက မတူပါဘူး။ ဟိုဘက်မှာ ရေကလည်း ရတယ်။ အစစအရာရာလည်း အဆင်ပြေတယ်။ ဒီဘက်မှာကတော့ ရေကလည်းပဲ သိပ်မရဘူး။ အဲဒီ အတွက်ကြောင့် မအောင်မြင်ပါဘူး။ ဒါဟာ ဥပမာအားဖြင့် ခုန ကျွန်တော်တို့ ဒီကောက်ပဲသီးနှံ၊ ဆန်စပါး၊ ဒီမှာတော့ စိမ်းစိုတယ်။ ဟိုဘက်မှာ စိမ်းမစိုဘူး။ ဟိုဘ က်မှာ လျော့တယ်ဆိုတာ အစစအရာရာ အကုန်လုံးကို ကျွန်တော်တို့ နှိုင်းယှဉ်ပြီး ဆောင်ရွက်မှသာလျှင် ကျွန်တော်တို့ ဒီ လယ်ယာဖွံ့ဖြိုးတိုးတက်မှု၊ ဝင်ငွေတိုးတက်မှု ဒါတွေ ဖြစ်လာမှာပါ။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီဆည်ရေမျှား ထိရောက် စွာ ထုတ်ယူမှုဆိုတဲ့ အပိုင်းမှာ လည်းပဲ ဆည် ကိစ္စတွေ ကျွန်တော်တို့ အများကြီး ဒီမှာ ဆွေးနွေးကြပါတယ်။ ဆွေးနွေးတဲ့အခါမှာ တစ်ကြိမ်မကပါ။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီ ဆည်တွေတည်ဆောက်ပြီးတော့ ဒါ ရေတွေ ကျွန်တော်တို့ လွှတ်ပေးတယ်။ ရေမြောင်းတွေ ကျွန်တော်တို့ သွယ်ပေးတယ်။ သို့သော်လည်းပဲ ဒီမှာ Management စီမံခန့်ခွဲမှုအပိုင်းကတော့ တစ်ခုခုမှားနေပြီ လို့ ကျွန်တော့်အနေနဲ့တော့ ယူဆပါ တယ်။ ဒါ ဝန်ကြီး ဌာနအနေနဲ့လည်းပဲ ခုနတုန်းက တင်ပြသွားတဲ့ ရှေ့က ကျွန်တော့်အရှေ့က ဆွေးနွေးသွားတဲ့ ပုဂ္ဂိုလ်ကြီး ကိုယ်စားလှယ်တော်ကြီးလည်းပဲ တင်ပြသွားတဲ့ အတိုင်းပါပဲ။ ဒ ါလေးဟာ ပြန်ပြီး ကျွန်တော်တို့ဟာ သုံးသပ်ဖို့လိုပါတယ်။ ဘာလို့လဲဆိုတော့ ဒါတစ်ခုခုကတော့ မှားနေတဲ့အတွက် ကြောင့်သာလျှင် ကျွန်တော်တို့ ဒီလို ဖြစ်နေခြင်းသာလျှင် ဖြစ်တယ်။ အဲဒီတော့ ဒီဟာကို ကျွန်တော်တို့ မပြင်ဘဲနဲ့ ဒီအတိုင်းပဲ သမာရိုးကျ သွားနေမယ်ဆိုလို့ရှိရင်တော့ ဒီအတိုင်းပဲ ကျွန်တော်တို့ ဖြစ်နေ ဦးမှာပါ။ အဲဒီတော့ ကျွန်တော်တို့က သိလာတဲ့ ဒီ Data တွေအပေါ်မှာ အရင်တုန်းက ကိစ္စတွေက ဒါ ကျွန်တော်တို့ တစ်ကဏ္ဍပါ။ အခု ကျွန်တော်တို့ ဆွေးနွေးတဲ့ဟာ တွေက တစ်ကဏ္ဍပါ။ ရှေ့လျှောက်သွားမယ်ဆိုလို့ရှိရင် ဒါလေးတွေကို ဘယ်လိုမျှား ပြုပြင်ပြီး တော့ ဆောင်ရွက်မလဲ အကောင်းဆုံးဖြ စ်အောင်။ ကျွန်တော်တို့ လုပ်နည်းတွေ၊ ကိုင်နည်းတွေ၊ တချို့ ဥပဒေတွေ၊ အဲဒီမှာ ရှိနေတဲ့ ဥပဒေတွေ၊ နည်းဥပဒေတွေ၊ လုပ်ထုံးတွေ ကျွန်တော်တို့ ပြင်ရမယ် ဆိုတာ၊ ပြင်သင့်တယ်ဆိုတာ ကျွန်တော့်အနေနဲ့တော့ ဒါ တင်ပြဆွေးနွေးလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ၂၀၂၅ ခုနှစ် ကျလို့ရှိရင်တော့ ကျွန်တော်တို့ လူဦးရေဟာ

(၈၅)သန်းလောက် ရှိလာပါမယ်။ အဲဒီတော့ အရင်တုန်းက ဒီမှာ ကျွန်တော်တို့ ဆွေးနွေးနေတဲ့ အတိုင်းပေါ့။ တချို့တလေကျတော့လည်း Foods security ပေါ့။ စားနပ်ရိက္ခာလုံခြုံမှုဆိုတာ ကျွန်တော်တို့ မလိုပါဘူး။ ဟုတ်ပါတယ် ဒီကနေ့မလိုပေမယ့် အဲ ဒီအခါကျတော့ ကျွန်တော်တို့လို လာမှာပါ။ ဒါကြောင့် ဒီစိုက်ပျိုးရေးကဏ္ဍဟာ အင်မတန်မှ အရေးကြီးပါတယ်။ အဲဒီအတွက် ဒီရေပေးရေးဟာလည်းပဲ အင်မတန်မှ အရေးကြီးပါတယ်။ အရင်တုန်းက ကျွန်တော်လည်းပဲ အဆိုတင်သွင်းခဲ့ပါတယ်။ ဒီတောင်သူလယ်သမားတွေအတွက် ဒီရေအသုံးချရေးမှာ စနစ်တကျ သူတို့ ဒီ Irrigation Management ပေါ့နော် ဒီဟာအတွက် စီမံခန့်ခွဲမှုအတွက် နည်းလမ်းတွေ သေသေချာချာ ကျွန်တော်တို့ သူတို့ကို ပေးဖို့လိုမယ်လို့ ကျွန်တော်အနေနဲ့ ဒါ ယူဆပါတယ်။ နို့မို့ဖြင့်ရင် သူတို့ ဒါ မသုံးတတ်မစွဲတတ်နဲ့ ခုနတုန်းက အလဟဿ ဖြစ်တဲ့ရေတွေ လေလွင့်တဲ့ ရေတွေ ဒါတွေလည်းပဲ အများကြီးရှိနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအပိုင်းဟာလည်းပဲ အင်မတန်မှ အရေးကြီးတယ်ဆိုတာ ကျွန်တော်အနေနဲ့တော့ တင်ပြဆွေးနွေးလိုပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ အနေအထားအရ တဖြည်းဖြည်း ပြုပြင်ပြောင်းလဲလာပြီဖြစ်တဲ့အတွက်ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းကလည်းပဲ တချို့ အုပ်ချုပ်မှုပိုင်း ဆိုင်ရာတွေဟာ အဲဒီ ခုနတုန်းက ရေပေးသွင်းမှုနဲ့ ပတ်သက်တဲ့ကိစ္စ၊ ဆည်နဲ့ပတ်သက်တဲ့ကိစ္စ အုပ်ချုပ်မှုပိုင်းဆိုင်ရာနဲ့ တချို့ကိစ္စရပ်တွေကိုလည်းပဲ လျှော့ချပြီးတော့ ပြောင်းလဲပြီးတော့နည်းသစ် တွေနဲ့ဆောင်ရွက်လို့ရှိရင် ပိုပြီးတော့အဆင်ပြေမယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးလို ပါတယ်။ ခုန ကျွန်တော်ရှေ့က ကို ယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အတိုင်း ကျွန်တော်တို့ Water users Association ရေအသုံးချရေးအဖွဲ့ အသင်းအဖွဲ့ကို ဒီဟာမျိုးတွေလည်းပဲ ကျွန်တော်တို့ ဖွင့်ထားသင့်ပါတယ်။ ဒါမှ ကျွန်တော်တို့ ဒီခုနတုန်းက ဆည်ထဲ ကို ရေမရရင် ဘယ်လိုဆောင်ရွက်မလဲ၊ သူတို့က အလေအလွင့်နည်းအောင် ဘယ်လို လုပ်မလဲဆိုတဲ့ ဒီ Water users Association တွေဆိုတာလည်းပဲ ဒါ နိုင်ငံတကာမှာလည်းပဲ ဒီလိုပဲဖွဲ့ပြီးတော့ ဆောင်ရွက် တယ်ဆိုတာ ကျွန်တော်အနေနဲ့ လေ့ လာသိရှိရပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ဒီလယ်သမားတွေကို အခု ကျွန်တော်တို့ အရင်တုန်းက ပညာသိပ်ပြီးတော့ ဒီ လယ်သမားဆိုတာ ပညာမတတ်ပါဘူး။ အခုဆိုရင် ပညာတတ်တဲ့လယ်သမားတွေ ရှိလာပြီ။ ဒီအတွက်ကြောင့် ကျွန်တော်တို့ Mini Dam အသေးစားဆည်လေးတွေ တည်ဆောက်တဲ့နည်းတွေကိုလည်း သူတို့ သင်ပေးသင့်ပါတယ်။ ကျွန်တော်တို့ ဆည်အကြီးတွေလည်း ဆောက်မယ်။ အလေအလွင့်

တွေကလည်း များတယ်။ ရေကလည်းမလာဘူး။ ရေမလာဘူး။ ဒီလိုအနေအထားတွေမှာ ကျွန်တော်တို့က Mini Dam လေးတွေ တစ်ခါတစ်လေကျတော့ ဆောက်တယ်။ ဆောက်ပြီးတော့ ဒီဟာတွေကို ကျွန်တော်တို့ ပေးလို့ရှိရင်လည်းပဲ အောင်မြင်နေတဲ့ နေရာတွေ အများကြီးရှိပါတယ်။ ဒါတောင် သူတို့ကိုလည်းပဲ ဒီလို ကျွန်တော်တို့ ပညာပေးဖို့ သင့်မယ်လို့ ကျွန်တော်အနေနဲ့ တင်ပြဆွေးနွေးလိုပါတယ်။ နောက်တစ်ခုကတော့ ဒီကျွန်တော်တို့ ဒီကနေ့ သွားနေတဲ့ဟာ ဒီမိုကရေစီလမ်းကြောင်းကို သွားနေပေမယ့်လည်းပဲ လယ်သမားတွေဟာ စုပေါင်းပြီးတော့ သူတို့ ဆောင်ရွက်တတ်အောင် အကုန်လုံးစုပေါင်းပြီးတော့ သူတို့ ဒီဒေသတွေမှာ ဆောင်ရွက်တတ်အောင်လို့ ဒီဟာတွေကိုလည်းပဲ ကျွန်တော်တို့ လမ်းညွှန်သင်ကြားပြသပေးဖို့ နောက်ပြီးတော့ စီမံဆောင်ရွက်ပေးဖို့လည်းပဲ လိုမယ်လို့ ကျွန်တော်အနေနဲ့ထင်ပါတယ်။ ဒါကတော့ သူတို့ အကုန်လုံးစုပေါင်းပြီးတော့ပေါ့နော် Collected Action ခေါ်တာပေါ့၊ စုပေါင်းပြီးတော့ လယ်သမားတွေ ဆောင်ရွက်မယ်။ သူတို့ ရေမလာဘူးဆိုလို့ရှိရင်လည်း ဘယ်လိုလုပ်မလဲ။ ခုနတုန်းက Water users Association ကလည်း ရှိတယ်။ စသည်အားဖြင့်ပေါ့၊ နောက်တစ်ခု ကတော့ ကျွန်တော်တို့ အနီးအနားမှာရှိတဲ့ နိုင်ငံတွေလည်းပဲ၊ နောက် ဒီပြင်နိုင်ငံတွေလည်းပဲ လေ့လာကြည့်လို့ရှိရင်တော့ ဒီ Dam တွေကို ဆောက်ပြီးတော့ Direct အစိုးရကလည်းပဲ ကျွန်တော်တို့ ကိုင်တွယ်ပြီးတော့ လုပ်သလား။ ပုဂ္ဂလိက ကနေပြီးတော့ လွှဲပြောင်းတော့များ လုပ်သလား။ ဒါတွေလည်း လေ့လာသင့်ပါတယ်။ ဒါကို ကျွန်တော်တို့ အကုန်လုံးက ဒီ ကျွန်တော်တို့ နိုင်ငံတော်မှာရှိတဲ့ အစိုး ရတစ်ခုဆိုတာ၊ ဝန်ကြီးဌာနတစ်ခုဆိုတာ၊ ကျွန်တော်တို့က ဒါ စီးပွားရေးကုမ္ပဏီကြီး၊ လီ မိတက်ကြီး ဒီလိုမဟုတ်ပါဘူး။ နိုင်ငံတော်မှာ ရှိနေတဲ့ သက်ဆိုင်ရာကဏ္ဍအလျောက် အဲဒါတွေကို ဖွံ့ဖြိုးတိုးတက်အောင် ဒါတွေကို ကျွန်တော်တို့ ဆောင်ရွက်ပေးဖို့ ၊ လိုအပ်တဲ့ဟာတွေကို ပံ့ပိုးပေးဖို့ ဒီသဘောမျိုးလို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က စီးပွားရေးလုပ်ငန်းမှာ ဝင်ရောက်ပြီးတော့ ဒီပြင်နို င်ငံတွေမှာရောပဲ ဒီလိုပဲ တော်တော်များများပေါ့ Percentage တော်တော်များများဟာ ဆောင်ရွက်ပါသလား။ ဒါ မှ မဟုတ်လို့ရှိရင်လည်းပဲ ဒီပုဂ္ဂလိကကို ကျွန်တော်တို့ ဒီမှာလည်းပဲ Privatization လုပ်တယ်။ ဒီလိုပဲ Dam တွေကအစ ဒီလိုများ ဆောင်ရွက်သလား။ ဒါလည်းပဲ ကျွန်တော်တို့က ဒီလေ့လာပြီးတော့ ပြန်ဆန်းစစ်ပြီးတော့ လုပ်မှသာလျှင် ပိုပြီးတော့အဆင်ပြေမယ်လို့ ကျွန်တော့် အနေနဲ့တော့ ထင်မြင်ယူဆပါတယ်။ နောက် ကျွန်တော်တို့ ဒီ Dam တွေကို တည်ဆောက်တဲ့အခါမှာ Dam ကို ဆောက်ရင် ဒီဇိုင်းက

တော်တော် လုပ်ရပါတယ်။ သူနေရာနဲ့ သူနေရာနဲ့ ဒါဒီ Dam ရဲ့ ဘယ်နှစ်နှစ်ဆိုလို့ရှိရင် ဘယ်လောက်ခံမယ်။ ဒီ ရေအားဖြင့် Pressure အကုန်လုံးတွက်ချက်ပြီးတော့ လုပ်ကြရပါတယ်။ ကျွန်တော် ဒီမှာ တချို့ Dam တွေကို ကျွန်တော် နည်းနည်းလေးဆွေးနွေးတဲ့ အခါမှာ ကြားလိုက်တာဟာ အဲဒါက ပြိုသွားနိုင်တယ်။ ဒီလိုဆိုရင်တော့ ဆက်မလုပ်လို့ရှိရင်၊ ဒါဟာ ဒီဇိုင်း Structure ကိုပဲ မှားနေပြီးလား။ ဒါမှမဟုတ်လို့ရှိရင်လည်း သက်ဆိုင်ရာကနေပြီး အဲဒီ ဒီဇိုင်းကိုယူပြီးတော့ပဲ ကျွန်တော်တို့ ထည့်လိုက်တာလား။ တံတားတစ်ခုကျွန်တော်တို့ ဆောက်တယ်ပေါ့။ ကိုယ့် ဟာကို Structure နဲ့ သေချာမလုပ်ပဲနဲ့ ဟိုက ဒီဇိုင်းအတိုင်းယူပြီး ဒီက Soil Test ကလည်း လုပ်တော့ လုပ်မယ်။ ဒီမှာ ရှိတဲ့ မြေနဲ့ရေနဲ့ မသင့်တော်တဲ့ ဒီဇိုင်းကို ဆောက်လိုက်လို့ရှိရင် ဒီတံတား ကို ဆောက်လိုက်လို့ရှိရင် ဒီတံတားဟာ နိမ့်ဆင်း သွားမယ်။ ပြိုဆင်းသွားမယ်။ အဲဒီတော့ Dam တွေမှာလည်းပဲ အဲဒါလေးတွေကြားပါတယ်ခင်ဗျား။ ဟာ ဒါကြီးက ပြိုသွားနိုင်တယ်။ ဆက်မလုပ်လို့ရှိရင်ဆိုတော့ Structure ပိုင်းကိုက၊ အစပိုင်းတုန်းက စစချင်းတုန်းက သူတို့က မမှန်ဘူးလား။ အဲဒီတော့ ဒါ ကျွန်တော် အနေနဲ့တော့ ဒီဟာလေးတွေ လည်းပဲ တင်ပြဆွေးနွေးလိုပါတယ်။ နောက်တစ်ချက်ကတော့ ဒီ တော်တော်များများDam တွေ ဟာ ကျွန်တော်တို့ Hydro Power ကိုလည်းပဲ သုံးစွဲထားတာ ရှိပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ အတွေ့အကြုံခဲ့တာ အကယ်၍ ရေကို ရေအမှတ် ဘယ်လောက်လောက်ဆိုရင်တော့ ရေကို လွှတ်ပေး ၊ မဟုတ်လို့ရှိရင်တော့ မလွှတ်နဲ့၊ ဒါမှ Hydro Power ကျွန်တော်တို့သုံးစွဲလို့ရအောင်၊ အဲဒီတော့ ရေလွှတ်တဲ့ လူကလည်းပဲ သူက Hydro Power ရအောင် ရေကို သူက Level တစ်ခုမှာ သူထားရတယ်။ Level တစ်ခုမှာ ထားရင်းနဲ့ ဟိုဘက်ကလည်းပဲ ရေလိုချင်တယ်။ အဲဒီတော့ ရေတော့လာတယ်။ ရေမလာဘူး။ တစ်မျိုး ဖြစ်နေတယ်ပေါ့နော်။ ဒါပေမဲ့ သိပ်ပြီးတော့ ရေက မြင့်တက်လာတဲ့ အခါကျတော့ ဟာ Dam က ပြိုမယ် ပြိုမယ်ဆိုပြီး ကျွန်တော်တို့ လွှတ်ချလိုက်တာတွေရှိတယ်။ အဲဒီတော့ ဒီ Management တွေကလည်း ပြန်လည်ပြီးတော့ သုံးသပ်မှသာလျှင် ခုနကတုန်းက ကျွန်တော်တို့ ဒီ တင်ထားတဲ့ စိုက်ပျိုးရေးမှာ အရှိန်အဟုန်နဲ့ မြင့်တက်ပြီးတော့ ဝင်ငွေတွေတိုးမယ်၊ အထွက်တွေတိုးမယ်ဆိုတာ သေချာပါတယ်။ အမျိုး သားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့် အနေနဲ့ ဒါကြောင့်မို့လို့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က ဦးမျိုးမြင့် ရဲ့ လယ်ယာစိုက်ပျိုးသီးနှံဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဆည်ရေများ ထိရောက်စွာ ထုတ်လွှတ်ပေးဝေရေး

အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော့်အနေနဲ့ လှိုက်လှိုက်လှဲလှဲ ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၅၅။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးလှသိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၅၅။**

**ဦးလှသိန်း ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှသိန်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းသွားတဲ့ လယ်ယာ စိုက်ပျိုးသီးနှံစိုက်ပျိုးထုတ်လုပ်ရရှိရန် ဆည်ရေ များ ထိရောက်စွာ ထုတ်လွှတ်ပေးဝေ ရရှိရေးအဆိုကို ထောက်ခံတင်ပြ သွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးကို ပန်ကြားချင်တာ တစ်ခုရှိပါတယ်ခင်ဗျ။ ကြားဖြတ် အနေနဲ့။ မနေ့တုန်းက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကျွန်တော်တို့ကို နေ့လယ်ပိုင်းမှာ ပညာ တစ်ခုပေးခဲ့ပါတယ်။ လွှတ်တော် အတွင်းမှာ စကားအသုံးအနှုန်းလေးတွေ သတိထားဖို့ဆိုတဲ့ စကားကို ကျွန်တော်တို့ကို ပညာပေး ခဲ့တဲ့အတွက် ကျွန်တော်တို့မှာ အများကြီးကျေးဇူးရှိပ ါတယ်။ ဒါနဲ့တစ်ဆက်တည်း ကျွန်တော် ပန်ကြားချင်တာ တစ်ချက်ကတော့ ဘာလဲဆိုတဲ့အခါကျတော့ ကျွန်တော် လွှတ်တော်ထဲမှာ စကား အသုံးအနှုန်းတစ်ခုမှားခဲ့ပါတယ်။ ဒီ မှားခဲ့တာလေးကိုဥက္ကဋ္ဌကြီး ကိုလည်း နှုတ်နဲ့ ကိုယ်တိုင်ကိုယ်ကျ ရှင်းလင်းတင်ပြပန်ကြားလိုတဲ့အပြင် ကျွန်တော်တို့ သတိ မထားမိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ သတိထားစေဖို့အတွက် ရည်ရွယ်ပြီးတော့ ဥက္ကဋ္ဌကြီး ရှင်းလင်းတင်ပြခွင့် ပြုမယ်ဆိုရင် ကျွန်တော် အနည်းအကျဉ်း ရှင်းလင်း တင်ပြ ခွင့် ပြု စေလိုပါတယ်။ နေ့ရက်ကတော့ ၁၄-၉-၂၀၁၁ ရက်နေ့ ဖြစ်ပါတယ်။ အဆိုတင်သွင်းသူကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင် ငြိမ်း ဖြစ်ပါတယ်။ ဦးအောင်ငြိမ်း အဆိုတင်သွင်းစဉ်က ပြည်သူတို့ဘဝ ဥပဒေနှင့်အညီ အေးချမ်းသာယာ စိတ်ချမ်းသာစွာဖြင့် လူနေမှုဘဝ လုံခြုံစွာ နေထိုင်နိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်တို့က ဥပဒေနှင့်အညီ ဆောင်ရွက်လုပ်ကိုင်နိုင်ပါရန်ဆိုတဲ့ အဆိုကို တင်သွင်းပါတယ်။ ဒါကို ကျွန်တော် ထောက်ခံဆွေးနွေး

ဖို့ဆိုပြီးတော့ ထောက်ခံဆွေးနွေးခဲ့ပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော် အလေးအနက် တင်ပြချင်တာ တစ်ခုရှိပါတယ်။ နိုင်ငံတော်ရဲ့ဦးတည်ချက်(၃)ရပ်ထဲမှာ တစ်ခုဟာ ပြည်သူများသည် ဥပဒေနှင့်အညီဆိုတဲ့ ခေါင်းစီးတစ်ခု ပါပါတယ်။ ဒီခေါင်း စီးမှာ ကျွန်တော်တို့ ပြည်သူများသည် ဥပဒေနဲ့အညီဆိုတဲ့ စကားရပ်ကို ကျွန်တော် အဓိပ္ပာယ်နည်းနည်း သိသမျှ တတ်သမျှနဲ့ ရှင်းလင်း တင်ပြပြီးတဲ့နောက်ပိုင်းမှာ ဒါနဲ့သွားပြီးတစ်ထပ်တည်းဖြစ်တဲ့စာရေးသူကြီးချုပ် ဦးထွန်းထွန်းဦး ရဲ့ မိန့်ကြားလမ်းညွှန်ချက်ကိုလည်း ကျွန်တော် ဒီမှာ တင်ပြရှင်းလင်းခဲ့ပါတယ်။ အဲဒီလို ရှင်းလင်း တင်ပြပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော်အနေနဲ့ စိတ်ခံစားမှုတစ် ခုဖြစ်လာတယ်။ ဘာစိတ်ခံစားမှုလဲ ဆိုတဲ့အခါကျတော့ တကယ်တရားရေးနယ်ပယ်မှာ တရားသူကြီးများ ဆောင်ရွက်နေတဲ့ အစီအမံ တွေဟာ ချို့ယွင်းအားနည်းနေပြီဆိုတော့ ဒါ တင်ပြချင်တဲ့ဆန္ဒနဲ့ ပြင်းပြပါတယ်။ ဒီဆန္ဒပြင်းပြလာ သည်နှင့်အမျှ ကျွန်တော်ဟာ အသက်အရွယ်ကြီးတဲ့ ပုဂ္ဂို လ်တစ်ယောက်အနေနဲ့ ဖြစ်ဖြစ်၊ ရောဂါ ထူပြောတဲ့ ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ပဲဖြစ်ဖြစ် စိတ်ဖိစီးမှု ဖြစ်လာတယ်။ ဒီလို စိတ်ဖိစီးမှုဖြစ်လာ တဲ့အခါမှာ ကျွန်တော် သတိလက်လွတ်ပြီး တော့ ပါတီစုံဒီမိုကရေစီဆိုတာကို သတိလက်လွတ် ပြီးတော့ ကျွန်တော် ပါတီဆိုတဲ့ စကားလုံးတစ်လုံးလေးကို ကျွန်တော် သုံးလိုက်မိပါတယ်။ အဲဒီ အချိန်မှာ ဥက္ကဋ္ဌကြီးက ကျွန်တော့်ကို သတိပေးပါတယ်။ သို့သော်လည်းပဲ ဥက္ကဋ္ဌကြီး ကျွန်တော့်ကို ဘာသတိပေးသလဲ။ ကျွန်တော် မသိပါဘူး။ ဒီအချိန်မှာ ကျွန်တော် ကျန်းမာရေးထက် နားပိတ်နေတဲ့ ကြားတာပဲ ဘာမှန်းမသိဘူး။ ကျွန်တော် ဆွေးနွေးနေစဥ်မှာပဲ မလျော်ကန်တဲ့ နိဂုံးချုပ်မှုမျိုး နဲ့ ကျွန်တော် အဆုံးသတ်ပြီး ထိုင်ပစ်လိုက်ပါတယ်။ ဒါနဲ့ ကျွန်တော့် ဘေးက ဦးကျော်သူဦး၊ ဗိုလ်မှူးကြီးကြည်ထွန်း ကို ကျွန်တော် မေးပါတယ်။ ဗိုလ်မှူးကြီးရေ ကျွန်တော့်ကို ဥက္ကဋ္ဌကြီး က ဘာတားတာလဲဆိုတဲ့အခါကျတော့ ဒီအကြောင်း ဒီအကြောင်းပါတဲ့။ ပါတီစကားလုံး အသုံးကို ဒါလေးကို ကျွန်တော် ပန်ကြားချင်တာပ ါ။ ကျွန်တော် မှားပါတယ်။ ဒီလို မှားတာကို ဥက္ကဋ္ဌကြီး ကျွန်တော်တို့ကို သွန်သင်ဆုံးမတဲ့အတွက် ကျွန်တော်တို့ မှာ အများကြီး အကျိုးရှိပါတယ်။ မနေ့ကလိုပဲ ကျွန်တော်တို့အတွက်မှာ အများကြီး အကျိုးရှိတဲ့စကားတွေ ဒါလေးကို အဆိုရှင် လည်းပဲ ကျွန်တော့် အပေါ် ကြည်ကြည်လင်လင်ဖြစ်အောင် တချို့သတိမထား၊ မကြားမိလိုက်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လည်း နောင်မှာ သတိထားမိအောင် ဆိုတဲ့ဟာလေးကို တင်ပြရင်းနဲ့ ဥက္ကဋ္ဌကြီး က ကျွန်တော့် မှားယွင်းမှုကို နှုတ်ခံနဲ့ပဲ ရှင်းလင်းတင်ပြ ဝန်ခံလိုပါတယ် ခင်ဗျား။ အခု ကျွန်တော် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးမျိုးမြင့် တင်သွင်းတဲ့

အဆိုနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ဟာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဆိုတဲ့နေရာမှာ တချို့က သိမှာ မဟုတ်ပါဘူး။ ဘယ်မြို့နယ်လဲဆိုတာ။ မြို့သစ်နဲ့ နတ်မောက်မြို့နယ်မဲဆန္ဒရှင်ပဲ ဖြစ်ပါတယ်။ မြို့သစ်နဲ့ နတ်မောက်မြို့နယ်ရဲ့ ကိုယ်စားလှယ် ဖြစ်သည်နှင့်အညီ မြို့သစ်နဲ့နတ်မောက်မြို့မှာ ဆည်မြောင်းရှိတယ်။ ဆည်ရေပေးမှုစနစ်အပေါ်မှာ တကယ်လက်တွေ့ ကနေ့ဖြစ်ပေါ်တဲ့အပေါ်မှာ လေ့လာသုံးသပ်တင်ပြရင်းနဲ့ ကျွန်တော် ဝန်ထမ်း ဘဝက ဖြတ်သန်းလာခဲ့တဲ့ ဆည်ရေသောက်နယ်မြေများမှာ (၂၈)နှစ်လုံးလုံး တာဝန်ထမ်းဆောင် ခဲ့တဲ့အခါမှာ တွေ့ကြုံခဲ့ရတဲ့ အဖြစ်ကလေးတွေရဲ့အပေါ်မှာ အခြေအနေမှ န်ကို တိုတိုနဲ့လိုရင်းပဲ တင်ပြပြီးတော့ ကျွန်တော် ထောက်ခံဆွေးနွေး အကြံပြုသွားမှာပါ။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို မင်္ဂလာရှိသောနေ့ တစ်နေ့ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းသွားတဲ့ အဆိုကို ထောက်ခံဆွေးနွေး အကြံပြုသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ဟာ နတ်မောက်မြို့၊ မြို့သစ်မြို့နယ်ကို ကိုယ်စားပြုတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦး ဖြစ်ပါတယ်။ နတ်မောက်နဲ့ မြို့သစ်မြို့ တို့ရဲ့ ပထဝီအနေအထားကို တင်ပြရရင် ၎င်းမြို့(၂)မြို့ဟာ အပူပိုင်းဇုံမှာ တည်ရှိပြီး မိုးခေါင် ရေရှားဒေသ ဖြစ်ပါတယ်။ လွယ်လွယ်ကူကူ ပြောရရင် အခြောက်တောဒေသလို့ ခေါ်ပါတယ်။ ဒီ အခြောက်တောဒေသကို အကြောင်းပြုပြီးတော့ ကျွန်တော်နဲ့ ရင်းနှီးတဲ့ပုဂ္ဂိုလ်များဟာဆိုလို့ရှိရင် ဘယ်လို ကျွန်တော်ကို နောက်ပြောင်ကျီစယ်ကြသလဲဆိုရင် နတ်မောက်သွား မြက်ခြောက်စား ပါလို့ ဒီလိုတောင်ပြောတယ်။ ဒါထက် ဆိုးဆိုးဝါးဝါးတွေတောင် ကျွန်တော့်ကို ကျီစယ်ခံခဲ့ရတယ်။ သို့သော် ကျွန်တော် အဲဒီ စကားလုံးလေးကို ကျွန်တော် မသုံးပါရစေနဲ့ သုံးရင် ကျွန်တော် နတ်မောက်ပြန်ရင် နတ်မောက်က ဝိုင်းရိုက်တော့မှာပဲ။ အဲဒီလိုရှိပါတယ်။ အခြောက်တော ဒေသလို့။ သီးနှံစိုက်ပျိုးရာမှာ မိုးရေကိုသာ အားကိုးနေရတဲ့ဒေသဖြစ်ပါတယ်။ အထူးသဖြင့် စပါးစိုက်ပျိုးရာမှာ မိုးရေကိုအားကိုးပြီး စိုက်ပျိုးရတဲ့ မိုးကောင်းလယ်တွေ ဖြစ်ပါတယ်။ နတ်မောက်မြို့ရဲ့ အရှေ့ဘက်မှာလည်းကောင်း၊ မြို့သစ်မြို့ရဲ့ အနောက်ဘက်မှာလည်းကောင်း ယင်းချောင်းဆိုတာရှိပါတယ်။ ဒီ ယင်းချောင်းရဲ့ မြစ်ဖျားခံရာဒေသဟာ နတ်မောက်နဲ့ မိုင်(၃၀) ဝေးပြီးတော့ မြို့သစ်နဲ့ (၄၂)မိုင်ခန့်ဝေးတဲ့ သမုန်းတုံးကြီးရွာအနီးက အဖျားခံပါတယ်။ ဒီနေရာမှာ

ကျွန်တော်တို့ ဒေသဆန်ဖူလုံရေးကိစ္စနဲ့ပတ်သက်ပြီး တင်ပြပါရန် အကြောင်းပေါ်ပေါက်လာပါတယ်။ ကျွန်တော် ကျောင်းဆရာဘဝ (၇)နှစ်လုပ်ပြီးတဲ့အခါကျတော့ မြို့နယ်ကုန်သွယ်ရေးကို ကူးခဲ့ပါတယ်။ မြို့နယ်ကုန်သွယ်ရေး(၁)ကို ရောက်ခဲ့ပါတယ်။ အဲဒီတော့ ကုန်သွယ်ရေး(၁) ရောက်တဲ့အခါမှာ ကျွန်တော် ဒီ အတွေ့အကြုံလေးတွေရတာ။ ဒေသဆန်ဖူလုံရေးဆိုတာ ဘာတွေလဲဆိုတော့ ကျွန်တော်တို့နိုင်ငံဟာ လွန်ခဲ့သော နှစ်ပေါင်းများစွာက ဆန်ကို နိုင်ငံခြား တင်ပို့ခဲ့တာ သူများနိုင်ငံတွေထက် အောက်မကျခဲ့ပါဘူး။ အဆင့်မြင့်ဆန်တွေကို ကြိတ်ခွဲခဲ့တယ်။ အဆင့်မြင့် ဆန်တွေ ကြိတ်ခွဲပြီးတဲ့အခါကျတော့ နိုင်ငံခြားကို တင်ပို့ခဲ့တယ်။ ဒီနေရာမှာ နိုင်ငံခြားကိုသာ တင်ပို့ခဲ့တယ် ကျွန်တော်တို့ဘက်က စိုက်ပျိုးထုတ်လုပ်မှုအင်အား တိုးတက်သလားဆိုတော့ မတိုးတက်ပါဘူး။ စားသုံးတဲ့ ပါးစပ်ပေါက်တွေသာ များလာတယ်။ ဒါကြောင့် ဝမ်းစာဖူလုံရေး စီမံချက်ဆိုတာ၊ ဆန်စပါးစီမံချက်ဆိုတာ ပါတီကောင်စီလက်ထက်ကတည်းက ပေါ်ပေါက်လာခဲ့တာဖြစ်ပါတယ်။စပါးစိုက်ပျိုးရေးအတွက် ရေပေးဝေနိုင်ရန် စဉ်းစားကြတဲ့အခါမှာ ဒီ စပါးစိုက်ပျိုးပိုမိုထွက်ရှိရေးအတွက် ဆည်မြောင်းတွေ ပိုမိုပြီးတော့ ပေါ်လာကြဖို့လည်း လိုအပ်ချက် တစ်ခုပေါ်ပေါက်လာပါတယ်။ ဒါကြောင့် ဒီလို လိုအပ်လာတဲ့အတွက်ကြောင့် နတ်မောက်မြို့နယ် အခြောက်တောဒေသကို ဆန်စပါးဖူလုံရေးအတွက် ဆည်မြောင်းတူးမယ်ဆိုတဲ့အနေနဲ့ ကျွန်တော်တို့ အောင်ဆန်းဆည်တည်ဆောက်ဖို့ စဉ်းစားခဲ့ကြပါတယ်။ အဲဒီ အချိန်ကတော့ ယခင် လယ်ဆည်ဝန်ကြီး ဗိုလ်ချုပ်မြင့်အောင် လက်ထက်ကပဲ စတင်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီယင်းဆည်ကို အကောင်အထည်ဖော်နိုင်ခဲ့တာကတော့ ၁၉၉၅ ခုနှစ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်ကျမှ အကောင်အထည်ဖော်နိုင်ခဲ့တာ ဖြစ်ပါတယ်။ နတ်မောက်မြို့နဲ့ မိုင်(၃၀)ဝေးတဲ့ သမုန်းတုံးကြီးရွာအနီးမှာ ဆည်တည်ဆောက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ချောင်းပိတ် မြောင်းပိတ်လို့ခေါ်တဲ့ ကျွန်တော့် အသုံးအနှုန်းများမှားရင် ခွင့်လွှတ်ပါ။ Weirs ခေါ်တဲ့ ရေတံခါးများကို နတ်မောက်မြို့ရဲ့ အရှေ့ဘက်မှာရှိတဲ့ ယင်းချောင်းထဲမှာ ပြုလုပ်ထားပါတယ်။ ဆည်ရေပေးဝေတဲ့ စနစ်ကိုတော့ လက်ဝဲမြောင်း၊ လက်ယာမြောင်း တူးဖော်ပြီးတော့ရေပေးဝေခဲ့ပါတယ်။လက်ဝဲမြောင်းကနတ်မောက်နဲ့(၁၂)မိုင်ဝေးတဲ့မြို့သစ်မြို့နယ် တစ်နယ်လုံးကို ရေပေးဝေပါတယ်။ လယ်ဧက (၃)သောင်းကျော်ကို ရေအလျှံအပယ် ပေးဝေနိုင်ကြောင်း လေ့လာသိရှိရပါတယ်။ လက်ဝဲမြောင်းကိုတော့ စနစ်တကျ တူးဖော်နိုင်ခြင်း မရှိသေးလို့ဘဲလားတော့ မသိဘူး။ နတ်မောက်မြို့နယ်ထဲက ရွာများကို ဆည်ရေပေးဝေနိုင်ခြင်းမရှိခဲ့ပါဘူး။

နတ်မောက်နယ်သူနယ်သားများအနေနဲ့ အချဉ်သီးပင်အောက်နေပြီးတော့ အချဉ်သီး မစားရတဲ့ ဘဝမျိုးကို အမျိုးမျိုး ဝေဖန်ပြောဆိုမှုများ ရှိခဲ့ပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့မို့လို့ ကျွန်တော်တို့ ဒီပြောဆိုမှုမျိုးကို ချေပရန်အတွက် ကျွန်တော်တို့ ကုန်သွယ်ရေး ဒုတိယဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့တဲ့သူလည်းကောင်း၊ နောက်တစ်ခါ စက်မှု(၁)ဝန်ကြီးတာဝန် ထမ်းဆောင်ခဲ့သူ တစ်ယောက်အနေနဲ့လည်းကောင်း၊ တောင်သာမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သောင်း နဲ့ ပတ်သက်ပြီးတော့ အနည်းအကျဉ်း ဆက်စပ်တင်ပြဖို့ ပေါ်ပေါက်လာပါတယ်။ ဒီလိုဖြစ်ပျက်နေတဲ့အခါမှာဦးအောင်သောင်း ဟာ မြို့သစ်မှာ ကျောင်းဆရာ လုပ်တယ်။ နတ်မောက်မှာလည်း တပည့်သားမြေးတွေရှိသလို မြို့သစ်မှာလည်း တပည့်သား မြေးတွေရှိတဲ့အတွက်ကြောင့် သူ့ပညာရည်ဆုပေးပွဲကို နှစ်စဉ်နှစ်တိုင်းလာတယ်။ (၁၀)ကြိမ် လောက်ရှိပါပြီ။ ဒီအချိန်မှာ ကျွန်တော်တို့က နတ်မောက် နယ်သူနယ်သားများရဲ့ခံစားချက်ကို တင်ပြပြီးတော့ တောင်သူလယ်သမားများကို နှစ်သိမ့်လိုတာကြောင့် ဝန်ကြီး ဦးအောင်သောင်း ကို သမုန်းတုံးကြီးရွာ အရောက် ခေါ်သွားပါတယ်။သမုန်းတုံးကြီးရွာရောက်ခါမှသူဟာဒီသမုန်းတုံးကြီး ရွာပတ်ဝန်းကျင်က ဆည်တော့ တည်ဆောက်ထားပြီးတော့တခြားမြို့နယ်တွေရေပေးဝေနိုင်ပြီးတော့ ဒီပတ်ဝန်းကျင်ရေ ခံစားခွင့်မရှိဘူး။ နတ်မောက် နယ်သူနယ်သားတွေ ရေခံစားခွင့် မရှိဘူးဆိုတဲ့ အကျိုးအကြောင်း ဖော်ပြရှင်းလင်းဆွေးနွေးပြီးတော့ ဒီအဖြစ်သနစ် မှန်တွေ သိတဲ့အခါမှာ ဦးအောင်သောင်း ဟာ ခုန ရေတွင်းတွေ တူးပေးခဲ့ရတယ်။ ဆည်ရေ၊ ဆည်မြောင်း၊ ဆည်ထဲကနေပြီးတော့ ရေကို ရေစုပ်စက်နဲ့ တင်ပြီးတော့ ဖြန့်ဝေပေးနိုင်ခွင့် ဒီလို ကူညီလုပ်ပေးခဲ့ရတာကို ကြုံခဲ့ရပါတယ်။ နတ်မောက်မြို့နယ်အနေနဲ့ကတော့ ကောင်းမှုများ လုပ်ပေးခဲ့ရပါတယ်။ ၁၉၉၅ ခုနှစ်မှ ယခုအချိန်ထိ မြို့တစ်မြို့နယ်အတွင်း ဧက (၃၀၀၀၀) ကျော် လောက် ရေပေးဝေနိုင်ပြီး တစ်နယ်လုံး စိမ်းလန်းစိုပြေကာ စပါးစိုက်လို့မရတဲ့ ဘဝကနေပြီး စပါးပိုလျှံတဲ့ မြို့နယ်အဆင့်အထိ ရောက်ရှိနေပြီ ဖြစ်ပါတယ် ခင်ဗျား။ နတ်မောက်မြို့နယ်အနေနဲ့က တော့ ယင်းဆည်က ပေးဝေတဲ့ရေကို မရသဖြင့် မိုးကောင်းလယ်များအသွင်နဲ့ စိုက်ပျိုးနေကြရတဲ့အတွက် ဝမ်းစာအလိုပြတဲ့မြို့နယ်လည်း ဖြစ်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ အလျဉ်းသင့်လို့ တင်ပြလိုပါတယ်။ ၁၃-၂-၂၀၁၂ ခုနှစ် အတွင်း ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးကျော်သူဦး က ၂၀၁၁-၂၀၁၂ ခုနှစ် ဆည်မြောင်းဝန်ကြီးဌာနစီမံကိန်းရည်မှန်းချက်များအကောင်အထည်ဖော်ရေးနှင့်ပတ်သက်ပြီးတော့

ပြည်ထောင်စု ၏ စာရင်းစစ်ချုပ်မှ စစ်ဆေးတွေ့ရှိချက် အပေါ် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးရန် ထောက်ခံ ဆွေးနွေးခဲ့ပါတယ်။ ဒီလို ထောက်ခံဆွေးနွေးခဲ့တဲ့အပြီးမှာ ဆည်မြောင်း ဒုတိယဝန်ကြီးနဲ့ ကျွန်တော်နဲ့တွေ့ပါတယ်။ တွေ့တဲ့ အခါကျတော့ ကျွန်တော်ကလည်း ကျောင်းဆရာ လုပ်ခဲ့တယ်။ ဒုတိယဝန်ကြီး ကလည်း ဆရာဦးလှသိန်း ခင်ဗျား ဗျာ၊ မြို့သစ်မြို့နယ် မှာ ဒီလောက် ရေအလျှံပယ်ရနေပြီးတော့ ခင်ဗျား ဒါကို ထောက်ခံမဆွေးနွေးဘူးလားလို့ ကျွန်တော့်ကို မေးပါတယ်။ ကျွန်တော့်ကို တရင်းတနှီးပဲ မေးပါတယ်။ ကျွန်တော်ကလည်း တရင်းတနှီးပဲ ပြန်ဖြေပါတယ်။ မှန်ပါတယ်။ ကျွန်တော်လည်း မြို့သစ်မှာလည်းနေခဲ့ဖူးတဲ့အတွက် မြို့သစ်မှာလည်း ရေရတာ ကျွန်တော်ဝမ်းသာပါတယ်။ နောက် ကျွန်တော့် ချက်မြှုပ်ရာ ဒေသ ဖြစ်တဲ့ နတ်မောက်မှာ ရေမရတဲ့အတွက် ကျွန်တော် ဒါကိုများ ထောက်ခံဆွေးနွေးမိရင်တော့ ကျွန်တော်ကို နတ်မောက်က ဝိုင်းပြီး အပြစ်ပြောကြမှာဲလို့ ဒီလိုပွင့်ပွင့်လင်းလင်းပဲ တင်ပြ ဆွေးနွေးခဲ့ပါတယ် ခင်ဗျား။ မြို့သစ်ရဲ့ စပါးစိုက်ပျိုး ဖြစ်ထွန်းခဲ့မှု အခြေအနေကို လေ့လာမယ်ဆိုရင် ဆည်ရေ အပြည့်အဝရရှိခြင်း၊ ရရှိသော ဆည်ရေကို စည်းကမ်း စနစ်တကျနဲ့ ဆည်မြောင်းဌာနက ညွှန်ကြားတဲ့အတိုင်း လိုက်နာ ဆောင်ရွက်ခြင်းတို့ကြောင့် ဖြစ်ကြောင်း တွေ့ရှိခဲ့ရပါတယ်။ တစ်ခါ ဒီနေရာမှာ ဆည်ရေပေးဝေမှုနဲ့ ပတ်သက်ပြီးတော့ ဆည်တွေရှိတဲ့ စလင်း၊ ပွင့်ဖြူ မင်းဘူးမှာ ကျွန်တော် တော်တော်ကြာကြာနေခဲ့ပါတယ်။ဒီနေခဲ့တဲ့ ဘဝအတွေ့အကြုံအရဒီမှာ အနည်းအကျဉ်း တင်ပြ ဆွေးနွေးလိုပါတယ်။ ကျွန်တော် ၁၉၆၇ ခုနှစ် က စလင်းကို ရောက်ခဲ့ပါတယ်။ ရောက်ခဲ့တဲ့ အခါမှာ ဆည်မြောင်းဌာနဟာ အလွန်စနစ်ကျနပြီးတော့ ရေပေးဝေမှုစနစ်ကို စီမံခန့်ခွဲမှုစနစ်၊ ရေပေးဝေခြင်းကို အုပ်ချုပ်ကြီးကြပ်တဲ့စနစ် အလွန်ကောင်းတယ်ဆိုတာ ကျွန်တော် တွေ့မြင် ရပါတယ်။ ဆည်မြောင်းကို သွားတဲ့လမ်းဟာ ဘယ်သူမှ မဖြတ်ရပါဘူး။ ဆည်မြောင်းလမ်းသည် တော်ရုံတန်ရုံ ကတ္တရာလမ်းထက် အလွန်ချောမွေ့ပါတယ်။ရေပေးဝေရေးစနစ်ကလည်း မှန်ကန်တဲ့ အတွက် ရေတွေ အလျှံအပယ်၊ ပြည့်ပြည့်ဝဝရခဲ့တယ်ဆိုတာ ကျွန်တော် သိရှိမြင်တွေ့ခဲ့ရပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ တဖြည်းဖြည်းတော့ ရေပေးဝေရေးစနစ်ကို ကြီးကြပ်မှုအပိုင်းက လိုလို့လား။ ဒါမှမဟုတ် Water Supply Management လို့ ခေါ်တဲ့ ရေပေးချိန်စီမံခန့်ခွဲမှုကိုဘဲ လျော့နည်းလို့လားမသိဘူး။ နောက်ပိုင်းမှာ ရေပေးဝေမှုဟာ လျော့နည်းသွားတယ်ဆိုတာ တွေ့ရှိခဲ့ရပါတယ်။ သို့သော်လည်းပဲ ကျွန်တော်မြို့သစ်ကိုပြန်ပြီးတော့ လေ့လာကြည့်တဲ့ အခါကျတော့ စနစ်ကလည်း ကောင်းတယ်။ တောင်သူလယ်သမားများကလည်းပဲ ဆည်မြောင်း

ဌာနရဲ့ အစီအမံအတိုင်း စီမံဆောင်ရွက်တဲ့အတွက် ရေအလျှံပယ်ရတယ်။ စပါးတွေ Deposite Area ကနေ Suppeless Area ဖြစ်သွားတယ်။ တော်တော်ကို (၄)(၅)နှစ်အတွင်းမှာ တော်တော် အံ့သြဖို့ ကောင်းတယ်ဆိုတဲ့ ကိစ္စရပ်ပါ။ ဒါသည် မြို့သစ်မှာကျတော့ ဆည်မြောင်းဌာနက စီစဉ် ကြီးကြပ်မှုနဲ့ တောင်သူလယ်သမားများ လိုက်နာဆောင်ရွက်တဲ့အတွက် တစ်ဖက်ကလည်း ရေဟာ အပြည့်အဝ ရတဲ့အတွက် ဒါအောင်မြင်သွားပါတယ်။ အောင်မြင်သွားပါတယ်။ သို့သော် တချို့ စလင်းတို့၊ ပွင့်ဖြူတို့၊ မင်းဘူးတို့မှာကျတဲ့အခါကျတော့ တောင်သူလယ်သမားက ရေလိုချင်တာပဲ သိတယ်။ ဆည်ထိပ်မှာ ရေရှိလား၊ ဆည်ရေတိုး နေသလား၊ ဆည်မြောင်းက ဘယ်လောက် စီးဆင်းနေတာလည်းဆိုတာ ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းမှာပြင်ထား ခုနက ဦးစိုးမြင့် လည်း တင်ပြ သွားပါတယ်။ လမ်းမှာ မြောင်းလျောက်တွေ ရှိတယ်။ ပျဉ်သားတွေရှိတယ်။ အဖုံးတပ်ဆင် ပေးထားတယ် ဒီပေါ်မှာဆည်ရေ လွှတ်လိုက်တယ်ပေ့၊ ဘယ်နှစ်လက်မ လွှတ်လိုက်ပြီ၊ ကဲ ဘယ်နေရာမှာတော့ ဆည်ကျိုးနေပြီကွ၊ မင်းတို့ ဒီဆည်အတွက် ကာကွယ်ရမယ်။ အဆင့်အဆင့် ဆက်သွယ်မှုလမ်းကြောင်းတွေက ဒီလောက်ထိ စနစ်ကျခဲ့ပါတယ်။ ဒီနောက်ပိုင်းမှာတော့ ကျွန်တော် ခုနတင်ပြတဲ့အတိုင်းပဲ ချို့ယွင်းအားနည်းချက်တွေ ဖြစ်လာတဲ့အတွက်ကြောင့် ဟိုးတောင်သူများက အဖျားမှာရှိတဲ့ တောင်သူကလည်း ဆည်ထိပ်မှာ ရေရှိတာလည်း မသိ၊ ကြားထဲက ဘယ်သူက ဖြတ်လပ်ပြီးတော့ ကိုယ့်လယ် ရရှိရေးအတွက်သာ ရေမြောင်း ဖောက်ပြီး တော့ ယူတယ်ဆိုတာလည်း မသိပဲနဲ့ သူတို့မရတာလေးဘဲသိတယ်။ အဲဒီတော့ ဆိုလိုတာကတော့ တောင်သူများအနေနဲ့ကတော့ အဓိကလိုအပ်ချက်ကတော့ ရေပဲလိုချင်တာပါ။ စပါးဖြစ်ထွန်း အောင်မြင်ဖို့အတွက်ကတော့ ရေရှိမှာဖြစ်မှာ ခုနက ဒေါက်တာဦးမြင့်ကြည် ဆွေးနွေးသွားတဲ့ အတိုင်းပဲ ရေမရှိဘဲ ဘယ်လိုမှ စိုက်ပျိုးလို့ မဖြစ်ပါဘူး။ ဒါကြောင့် ရေကိုတော့ အပြည့်အဝနဲ့ စနစ်တကျပေးဖို့ လိုတယ်လို့ ကျွန်တော် တိုတိုနဲ့လိုရင်းပဲ တင်ပြလိုပါတယ်။ ဒါကြောင့် ဆည်မြောင်း ဌာနမှ သီးနှံများဖွံ့ဖြိုးတိုးတက်စေရေးအတွက်ဦးမျိုးမြင့် တင်သွင်းတဲ့ အဆိုအတိုင်း ဆည်ရေများ ထိရောက်စွာ ထုတ်လွှတ်ပေးဝေရေးကို ထောက်ခံဆွေးနွေးလျက် တစ်ဖက်မှာလည်း ရေသုံးစွဲသူ တောင်သူလယ်သမားများအနေနဲ့ ညွှန်ကြားချက်နဲ့ အညီ ဆည်ရေများကို သုံးစွဲကြရန် လိုအပ်ပါ ကြောင်းတင်ပြရင်း နတ်မောက်မြို့နယ်က လက်ယာမြောင်းလေးများ အကယ်၍ ရေပေးဝေနိုင်တဲ့ အဆင့်ရှိလျှင် ဆောင်ရွက်ပေးပါလို့ စီစဉ်တင်ပြရင်း နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၀၂။**

**ဦးတင့်ဦး။** ။ ဆည်ကိစ္စဆိုတော့ ကျွန်တော်လည်း တော်တော်လေး စိတ်ဝင်စားပါတယ်။ အတွေ့အကြုံလည်း ရှိခဲ့ဖူးပါတယ်။ ဒီလက်တံတွေ ထိန်းဖို့၊ ရေပေးတဲ့ လက်တံတွေ ထိန်းဖို့ အုပ်ချုပ်မှုအာဏာပိုင် အဖွဲ့အစည်းက စိတ်ဝင်စားဖို့ အများကြီး လိုပါတယ်။ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့အစည်းက စိတ်မဝင်စားဘဲ ဝိုင်းဝန်းမထိန်းသိမ်းပေးဘူးဆိုရင် ဘာ ဆည်ခေါင်းမှ မြောင်းခေါင်းမှ ထိန်းလို့မရတဲ့ အနေအထားရှိပါတယ်။ ကျွန်တော်တို့က ဘာကြောင့်စိတ်ဝင်စားသလဲဆိုရင် ငယ်ငယ်တုန်းက ကောင်းကင်ဓာတ်ပုံကြည့်တဲ့အခါမှာ ဟန်လင်းဆိုတဲ့ ပျူမြို့ဟောင်းနေရာမှာ ချောင်းဟာဆို ဒီလို ဇစ်ဇက် အချိုးညီတွေတဲ့အခါ ကျတော့ ဒါဘာလဲဆိုပြီး Water Management လုပ်ခဲ့တာ ပျူလူမျိုး တွေက ဒီလိုဆည်ရေ စနစ်ကို စသုံးခဲ့တယ်ဆိုတာ အဲဒီမှာ စိတ်ဝင်စားပြီးတော့ ဆည်မြောင်းဥ ပဒေနည်းနည်းပါးပါးဖတ် ပါ တယ်။ သိပ် လည်း နားမလည်ပါဘူး။ ၈၈ ခုနှစ် တပ်မတော်က အာဏာသိမ်းတဲ့အခါမှာ ကျွန်တော်က ဘယ်လိုမှ စိတ်မပါလက်မပါနဲ့ မြို့နယ်ဥက္ကဋ္ဌ ဆွဲခန့်သွားဖြစ်တယ်။ ပထမဦးဆုံး ကျွန်တော် စိတ်ဝင်စားတဲ့ ဆည်မြောင်းကိုစစ်တဲ့အခါမှာ မြောင်းဘောင်ပေါ်မှာ ကားဂိတ်တွေရော၊ ဆိုင်ခန်းတွေရော အဲဒီတော့ ဒီဆည်မြောင်းက ဥပဒေရှိ တဲ့ကိစ္စ ဒီဥပဒေကို အုပ်ချုပ်တဲ့ အဖွဲ့အစည်းတွေ မသိခဲ့တဲ့အတွက် ခွင့်ပြုခဲ့တယ်၊ ချပေးခဲ့တယ်။ အဲဒါတွေကို အကုန်ဖျက်သိမ်း ရတယ်။ ဖျက်သိမ်းပြီးတော့မှ ရေပေးတဲ့ မြော င်းတံကြီးတစ်ခုကို မြောင်းထဲလမ်းလျှောက်ပြီး တော့ AE က သူငယ်ချင်းပါ၊ စစ်တယ်။ Level တိုင်းတယ်။ Level တွေကလည်း ပြောင်းပြန်တွေ ဖြစ်နေတယ်။ plumb ထောက်ပြီးတိုင်းတာပါ။ တောက်လျှောက် တိုင်းတာမဟုတ်ဘူး။ မျိုးစုံ တောင်သူလယ်သမားစည်းကမ်းဖောက်တာ တွေလည်းရှိပါတယ်။ မိမိရဲ့ ကိုယ်ကျိုးအတွက် ပေါ့နော်။ ဒီမြောင်းသွားတို့ဘာတို့ဆိုတာကလည်း မြောင်းကို သံဘောင် နဲ့ တံခါးပိတ်ထားတယ်။ သော့ခ တ်ထားတယ်။ ကားတစ်စီးကလာတယ် ဟော့ကောင် မြန်မြန်ဖွင့်တာမဟုတ်ဘူး။ ဘာညာနဲ့ ငါလာတာ မတွေ့ဘူးလား ဆိုပြီး၊ အဲဒီငါဆိုတာလည်း ဘယ်သူ မှန်းလည်းမသိဘူး၊ ဟိုလူကလည်း ကမန်းကတမ်း ဖွင့်ပေးလိုက်တယ်။ အဲ ဒီကားက မောင်းသွား။ နောက်တစ်ခုက ရွာသားက သူ့လယ်နဲ့ ရွာနဲ့ကြားမှာ မြောင်းရှိနေတဲ့အခါမှာ လှည်းကူးဖို့ တံတားမရှိဘူး။ တံတား မရှိတဲ့အခါမှာ မြောင်းဖြတ်ပြီးတော့ကူး ဒီလိုလည်းအများကြီး တွေ့ ရပါတယ်။ ကျွန်တော် ဆိုလိုချင်တာကတော့ ဆည်မြောင်း ဥပဒေ Review ပြန်လုပ်ဖို့ လိုတယ်။ အုပ်ချုပ်မှုအာဏာပိုင် အဖွဲ့အစည်းတွေက မပံ့ပိုးသရွေ့ကတော့

ဒီဥစ္စာတွေကို ထိန်းလို့ ရမှာမဟုတ်ဘူး။ ထိန်းရင်း ပျက်ရင်း၊ ထိန်းရင်း၊ ပျက်ရင်းဖြစ်မယ့် သဘောမှာ ရှိပါတယ်။ဆည်မြောင်းဝန်ကြီးဌာနကလည်း ဆည်မြောင်း ဥပဒေကို ပြန်ပြီးတော့ သုံးသပ်ပြင်ဆင် ရေးဆွဲတဲ့အခါမှာ ပညာပေးဖို့ လိုပါတယ်။ ဆိုင်း ဘုတ်တွေ ထောင်ထားဖို့၊ ပညာပေးဖို့၊ လက်ကမ်းစာဆောင်တွေ ဖြန့်ဖို့ သက်ဆိုင်ရာ အုပ်ချုပ်မှုမြို့နယ်၊ ခရိုင်အုပ်ချုပ်မှုတာဝန်ခံ တွေသိအောင် သူတို့ရဲ့ ပံ့ပိုးကူညီမှုရအောင် သို့မဟုတ် ဥပဒေထဲမှာပဲ ခုနလိုပေါ့နော်။ ကျွန်တော်တို့က ဘာလုပ်ပေးရမယ်၊ ညာလုပ်ပေးရမယ်ဆိုတဲ့ကိစ္စတွေ ပါအောင် ထည့်သင့်လျှင်ထည့်မှ ထိန်းနိုင်မယ့် သဘောရှိပါတယ်။ ဆည်မြော င်းဝန်ထမ်းဆိုတာက အုပ်ချုပ်မှု အာဏာမရှိတဲ့ ဝန်ထမ်းဖြစ်တဲ့ အတွက် သူပြောလို့ မရ ဆိုလို့မရတဲ့ကိစ္စတွေ ရှေ့လျှောက်မှာ ပိုပြီးတော့ ဆိုးရင်လည်း ဆိုးလာနိုင်တဲ့အနေအထား တစ်ချို့ဒေသတွေမှာ ပိုဆိုးလာနိုင်တဲ့အနေအထားရှိတာပေါ့နော်။ ဒီ ရေရှိရေးဆိုတာ အများအားဖြင့် ဖြစ်တ တ်တဲ့အနေအထားရှိတယ်။ ဒါလေးလည်း ကျွန်တော်တွေ့ကြုံဖူးပါတယ်။ ဒီအဆိုနဲ့ပတ်သက်ပြီးတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည်ဖြေရှင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၅း၀၅။**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ရင်းနဲ့ ဂါဝရပြုအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ရဲ့ လယ်ယာစိုက်ပျိုးသီးနှံ ဖွံ့ဖြိုး တိုးတက်မှု ရရှိရန် ဆည်ရေများ ထိရောက်စွာ ထုတ်လွှတ် ပေးဝေရယူရေးအတွက် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း ဆိုတဲ့အဆိုနှင့်ပတ်သက်ပြီးတော့ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး ဦးခင်ဇော် မှ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်ခင်ဗျား။

ပထမဦးစွာ တောင်သူလယ်သမားများ၏ အကျိုးအတွက် ကို အဆိုတင်သွင်းပေးတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် အား ယခုကဲ့သို့ ဖြေကြားခွင့် ရရှိခဲ့သည့်အတွက်ကြောင့် အထူးကျေးဇူးတင်ကြောင်းပြောကြားလိုပါတယ်။ အဆိုတင်သွင်းသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးသည် ဆည်မြောင်းဦးစီးဌာနတွင် ဦးစီးအရာရှိအဆင့်မှ

ညွှန်ကြားရေးမှူးချုပ်ရာထူးအဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ရာထူးအဆင့်တိုင်းတွင် ဆည်မြောင်းစီမံကိန်း တည်ဆောက်ရေးတာဝန် ကို ထူး ခြားပြောင်မြောက်စွာ ထမ်းဆောင်ခဲ့သူ ဖြစ်သလို ယခုတစ်ဖန် ဆည်မြောင်းထိန်းသိမ်းရေးကို အလေးထားအာရုံပြုပေးသဖြင့် ဆည်မြောင်း ဌာနအတွက် အထူးလေးစား အသိအမှတ်ပြုပါကြောင်း ပြောကြားအပ်ပါတယ်။ ထို့ အပြင် ဆည်မြောင်းဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများ နှင့် လုပ်ငန်းသဘောသဘာဝများ ကို နှံ့နှံ့စပ်စပ် ကောင်းစွာ သိရှိနားလည်ပြီး လုပ်ငန်းအတွေ့အကြုံရင့်ကျက်သူ၊ ဆည်မြောင်းပညာရပ်ကျွမ်းကျင်သူ အတတ်ပညာရှင်တစ်ဦးလည်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးမှ အဆို ပြု တင်ပြသော ဒေသအလိုက် သင့်တော်သည့် သီးနှံပုံစံ (Cropping Pattern) သတ်မှတ်ပြီး သီးနှံ ရေလိုအပ်ချက် (Crop Water Requirement )နှင့် ရေဆုံးရှုံးမှု (Losses) များကို တွက်ချက်၍ ဆည်ရေပေးဝေနိုင်မည့် ဧရိယာ(Irrigable Area) ဆည်ရေသောက် သီးနှံစိုက်ဧရိယာ (Irrigable Crop Area )၊ စီးပွားရေးအရ တွက်ချေကိုက်မှု ရှိ /မရှိ၊ အရင်းကျေ ကာလ စသည်တို့ပါဝင်တဲ့ စီမံကိန်းဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာကို အခြေခံ၍ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရတယ်လို့ နားလည်ထား ပါတယ်ဆိုတဲ့အချက်ဟာ အကြွင်းမဲ့ မှန်ကန်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပြုချက်ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုလက်ခံပါတယ်။ ယနေ့ အထိ ဆည်မြောင်း ဦးစီးဌာနမှ အလေးထား လိုက်နာကျင့်သုံးလျက်ရှိသော လုပ်ထုံးလုပ်နည်းတစ်ခုလည်းဖြစ်ပါတယ်။ ဆည်မြောင်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော စီမံကိန်းအားလုံး လိုလိုသည် လွှတ်တော်ကိုယ်စားလှယ်ကြီး နားလည် လက်ခံထားတဲ့အတိုင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ သို့ရာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်အရ၊ စီးပွားရေးအရ တွက်ခြေမကိုက်သော်လည်းလူမှုဘဝဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးတို့ကို ရှေး ရှု၍ နိုင်ငံ တော်အကြီးအကဲများ၏ လမ်းညွှန်ချက် အရ အကောင်အထည်ဖော် ဆော င်ရွက်ရသော စီမံကိန်းအချို့လည်း ရှိပါ တယ်။ ဒါကတော့ နိုင်ငံတော်မှ အကျိုးအမြတ်ကို ဂရုမ ထားပဲ စေတနာအရင်းခံနဲ့ ဆောင်ရွက် ပေးခဲ့ခြင်း ဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံရေး အတွက် တိုးတက်များပြားလာတဲ့ လူဦးရေနဲ့ စားနပ်ရိက္ခာဖူလုံ ပိုလျှံပြီး အဓိကစားသုံးသီးနှံဖြစ်တဲ့ စပါးသီးနှံကိုရနိုင်သရွေ့ ကြိုးစားပြီး၊ ဦးစားပေး စိုက်ပျိုးခဲ့ရခြင်းဖြစ်၍ အချို့သော ဒေသများတွင် မူလသတ်မှတ်ထားတဲ့ သီးနှံပုံစံတွဲ (Cropping Pattern) အတိုင်း စိုက်ပျိုးနိုင်မှု မရှိခြင်း ဖြစ်ပါတယ်။ ယခု

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ဈေး ကွက်စီးပွားရေးစနစ်ကို အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တောင်သူလယ်သမားများ စီးပွားရေး တွက်ခြေကိုက်သည့်ဒေသနှင့် သင့်တော်သော စိတ်ကြိုက်သီးနှံကို စိုက်ပျိုးခွင့်၊ လွတ်လပ်စွာ ရောင်းဝယ် ခွင့်ပြုထားပြီးဖြစ်ပါတယ်။ သို့ရာတွင် အထက်တွင်ဆိုခဲ့သည့်အတိုင်းနိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံရေးအတွက် အဓိကကျသော စပါးသီးနှံကို အခြေအနေပေးသော နေရာတိုင်းတွင် ဦးစားပေး စိုက်ပျိုးရန်လိုအပ်မှာဖြစ်ပါတယ်။ သို့ဖြစ်ရာ သီးနှံပုံစံတွဲပေါ်မူတည်၍ ရေ လိုသီးနှံနှင့် ရေမလိုသောကုန်းသီးနှံ (Upland Crop ) စိုက်ပျိုးခြင်းကို ဒေသအာဏာပိုင်များ၊ ဒေသခံတောင်သူများနှင့် ညှိနှိုင်း၍ ရေသောက်စနစ်အလိုက် တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးရေပေးဝေနိုင်ရန် စီမံဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဆည်မြောင်းဦးစီးဌာနမှ နှစ်စဥ်သီးနှံရာသီအလိုက်ထုတ်ပြန်ရမည့် ဆည်ရေပေးဝေသည့် ရေလှည့်အချိန်ဇယားကို စနစ်တကျပြုစုထုတ်ပြန်မှု မရှိ၍ မည်သည့်နေ့ရက်၊ မည်သည့် အချိန်ခန့်တို့တွင် မိမိတို့၏ လယ်မြေများသို့ ရေရောက်ရှိမည်ကို တောင်သူလယ်သမားများ မသိရှိကြခြင်းနှင့် သိရှိရန်လည်း မကြိုးစားခြင်း၊ လိုအပ်ပါက ညဥ့်အိပ်စောင့်၍ ဆည်ရေရယူလျက် မိမိ၏ရေအလှည့် မနစ်နာစေရေး တောင်သူများ လိုက်နာရန် ပညာပေးမှုကို လိုအပ်ခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြလိုပါတယ်။ဥပမာအားဖြင့် နှစ်ပေါင်းတစ်ရာကျော်သက်တမ်းရှိပြီဖြစ်သည့် ကာဘိုးဆည်ရေပေးဝေသ ည့် ရေလှည့်စနစ်များကို တင်ပြမှာဖြစ်ပါတယ်။ ကာဘိုး ဆည်သည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရို င်အတွင်း တည်ရှိပြီး ရေလွှဲဆည်အမျိုးအစားဖြစ်ရာ လက်ယာဘက်တွင် ရေဦးတူးမြောင်းရေသောက်စန စ်(၁၁,၀,၀၀)ဧက၊ ဝဲဘက်တွင် ရွှေဘို တူးမြောင်း ရေသောက်စနစ် (၂၂,၀၀၀)ဧက ကျော်ခန့်တို့ ရှိပါတယ်။ ရေလွှဲဆည်ဖြစ်သည့်အတွက် မူးမြစ်ရေစီးဝင်မှု အပေါ်မူတည်ပြီး ဆည်ရေပေးဝေမှုကို ဆောင်ရွက်ရာ ရွှေဘိုနှင့် ရေဦးတူးမြောင်း ရေလှည့်ဇယားကို သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။ ထို့အပြင် ရေဦးတူးမြောင်းနှင့် ရွှေဘိုတူးမြောင်း စနစ်တစ်ခုချင်းတွင် ပါဝင်သော မြော င်းခွဲ၊ လက်တံ၊ လက်တံခွဲများအတွက် ဆည်ရေပေး ဝေရန် အတွင်းရေလှည့် ဇယားကိုလည်း သတ်မှတ်ပြဋ္ဌာန်းပေးထားပါတယ်။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် သတ်မှတ် ပြဋ္ဌာန်းထားသည့် ရေလှည့်ဇယားများအတိုင်း စနစ်တကျ ဆည်ရေပေးဝေခြင်းကြောင့်လည်းကောင်း၊ အာဏာပိုင်အဆင့်ဆင့်၏ ကွပ်ကဲမှုနှင့် သက်ဆိုင်ရာ ရေအသုံးပြုသူ တောင်သူများမှ ရေလှည့်အတိုင်း စည်းကမ်းတကျ ရေရယူကြခြင်းကြောင့်လည်းကောင်း၊ ယနေ့ အထိ အဆင်ပြေစွာ စိုက်ပျိုးလုပ်ကိုင်နိုင်ကြခြင်း

ဖြစ်ပါတယ်။ ၂၀၀၁-၂၀၀၂ ခုနှစ် သဖန်းဆိပ်ရေလှောင်တမံ တည်ဆောက်ပြီးစီးသည့် နောက်ပိုင်းတွင် ရေဦးတူးမြောင်းနှင့် ရွှေဘိုတူးမြောင်း (၂)ခုလုံးကို အချိန်ပြည့် ရေပေးဝေနိုင်ပြီ ဖြစ်သည့်အတွက် လိုအပ်သည့်အခါမှသာ အတွင်းရေ လှည့်ကို အသုံးပြုရပါတယ်။ ယေဘု ယျအားဖြင့် ဆည်ရေသောက်စနစ်များတွင် ဒေသ၏ မိုးလေဝသ အခြေအနေကိုလိုက်၍ မိုးစပါး (၁)ဧကလျှင် ပျမ်းမျှရေ(၄)ဧကပေမှ(၅)ဧကပေ အထိလည်းကောင်း၊ နွေစပါး(၁)ဧကလျှင် ပျမ်းမျှရေ (၆)ဧကပေမှ (၇)ဧကပေအထိလည်းကောင်း ပေးဝေရပါတယ်။ ယခုအခါ ကာဘိုးဆည်ရေသောက် စနစ်တွင် ဆည်မြောင်း ဦးစီးဌာနမှ စနစ်တကျ ရေပေးဝေနိုင်မှုကြောင့်လည်းကောင်း၊ ဒေသအာဏာပိုင်အဆင့်ဆင့်၏ ကြပ်မတ်ကွပ်ကဲမှုကြောင့်လည်းကောင်း၊ ရေအသုံးပြုသူ တောင်သူများ၏ ရေရယူမှုအတွေ့အကြုံနှင့် စည်းကမ်းရှိမှုကြောင့်လည်းကောင်း၊ မိုးစပါး(၁)ဧကလျှင် ပျမ်းမျှ ရေ (၃)ဧကပေမှ(၃.၅)ဧကပေနှင့် နွေစပါး(၁)ဧကလျှင် ပျမ်းမျှ ရေ(၄)ဧကပေမှ (၄.၅)ဧကပေကိုသာ အသုံးပြုရန်လိုအပ်သည့်အတွက် ရေသွင်းစိုက်ပျိုးရေး အကျိုးသက်ရောက်မှုနှုန်း (Irrigation Efficiency ) ကောင်းမွန်ကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဤဥပမာကို ထောက်ရှု ခြင်းအားဖြင့် ဆည်ရေပေးဝေမှုစနစ် ထိရောက်အကျိုးရှိစေရန်နှင့် ရေလေလွင့်ဆုံးရှုံး မှု ထိန်းသိမ်းရန်အတွက် ရေအသုံးပြုသူတောင်သူများ၏ ဆည်ရေပေးသွင်း၊ ရယူမှုအတွေ့အကြုံနှင့် စည်းကမ်းလိုက်နာမှုတို့အပေါ်တွင် အတိုင်းအတာတစ်ခုအထိ မူတည်နေပါကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ရေလှောင်ကန်တစ်ခုသည် နှစ်စဉ်စီးဝင်ရေ ပိုလျှံနေပါက ဝေးကွာမှုမရှိသော ရေဝင်နည်းသည့် ဆက်စပ်ရေလှောင်ကန်သို့ လွှဲ ပြောင်းဖြည့်တင်းပေးခြင်း သို့မဟုတ် ရေပို ရေသောက်စနစ်မှ ရေလို သော ရေသောက်စနစ်တစ်ခုသို့ သယ်ယူပို့ဆောင်ရေး စနစ် တစ်ရပ်ရပ်ဖြင့် ကူးပြောင်းရေပေးဝေခြင်းအဆိုနှင့် စပ်လျဉ်း၍ တည်ဆောက် ပြီးဖြစ်သည့် မုန်းချောင်း ရေလှောင်တမံစီမံကိန်းမှ ပိုလျှံရေများကို ဆက်စပ် ရေလှောင်ကန်သို့ ချပေးနိုင်ရေး အတွက် ကြီးအုံကြီး၀ ရေလှောင်တမံ ကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။ ထိုနည်းတူ တည်ဆောက်ဆဲဖြစ်သည့် ကျိုင်းခမ်းရေလှောင်တမံနှင့် မြို့ကြီးရေလှောင်တမံတို့မှ ပိုလျှံသောရေများကို ကင်းတားလက်ယာမြောင်းသို့ ရေပိုမို ဖြည့်ပေးရန်နှင့် ကင်း တားလက်ယာမြောင်းမှ ပိုလျှံလာသောရေများကို ရေစုပ် စက်များ အသုံးပြု၍ ရေတင်စနစ်ဖြင့် စိုက်ပျိုးရေပေးဝေရန် ဆောင်ရွက်မှုစသည်တို့မှာ ရေလှောင် ကန်တစ်ခုတွင် နှစ်စဉ်စီးဝင်ရေ ပိုလျှံနေပါက ဝေးကွာ မှုမရှိသော ရေဝင်နည်းသည့် ဆက်စပ်ရေ လှောင်ကန်သို့

လွှဲပြောင်းဖြည့်တင်းပေး၍ ဆည်ရေသောက်စနစ်သို့ ရေကူပေးဝေခြင်း လုပ်ငန်းများဖြစ်ပါကြောင်း ဖော်ပြအပ်ပါတယ်။ ထိုနည်း တူ နှစ်စဉ် ရေဝင်ရောက်မှုနည်း၍ သော်လည်းကောင်း၊ ဆည်ရေ ပေးဝေရာတွင် ပိုမိုလုံလောက်မှုရှိစေရန် အတွက်လည်းကောင်း ရေကူရေလှောင်တမံ များကို လည်း တ ည်ဆောက်ပေးလျက် ရှိပါတယ်။ ဥပမာ မြောက်ယမား ရေကူရေလှောင်တမံ၊ ကျောက်တစ်လုံးရေကူရေလှောင်တမံ၊ ကြက်မောက်တောင် ဆည်ရေကူရေလှောင်တမံ အဖြစ် တောင်ရေရေလှောင်တမံနှင့် ကျောက်တံခါးရေလှောင်တမံ၊ စည်သာရေကူရေလှောင်တမံ၊ ငမိုးရိပ်ရေကူအဖြစ် မဟူရာ ရေကူရေလှောင်တမံနှင့် ပေါင်းလင်းရေလှောင်တမံ စသည်တို့ကို တည်ဆောက်ပေးခြင်းတို့ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် တော်ကြီး တင်ပြသည့် ရေပိုလျှံမှုရှိသော ဝဲလောင်ရေလှောင်တမံမှ ဆင်တဲဝ (သမက္ကူ)ရေသောက်စနစ်သို့ ရေကူပေး ရမည့် လုပ်ငန်းမှာ အတတ်ပညာပိုင်းဆိုင်ရာအရ ဆောင်ရွက်ရန် ဖြစ်မြောက်နိုင်စွမ်းရှိသော် လည်း ကုန်ကျစရိတ်များပြားမည် ဖြစ်ပါသောကြောင့် လောလောဆယ်ဆောင်ရွက်ရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖော်ပြအပ်ပါတယ်။

သတ်မှတ်လယ်မြေများ အပိုင်းလိုက် ဆည်ရေ ပေးဝေရာတွင် သတ်မှတ်ကာလ အတွင်း ရေပေးဝေခြင်း၊ လက်ခံရယူခြင်းတို့ကို တိကျစွာ လိုက်နာမှုမရှိသည့်အတွက် မလိုအပ်ဘဲ ရေပေးဝေချိန်ကို ဆန့်ထုတ်လိုက်လျှောရခြင်းကြောင့် ရေလေလွင့် ဆုံးရှုံးမှု များဖြစ်ပေါ်ခြင်းကို တောင်သူများမှ သဘောပေါ က်နားလည်စေရေးအတွက် ဒေသအုပ်ချုပ် ရေးဆိုင်ရာ တာဝန်ရှိသူ များ၏ ဦးဆောင်မှုဖြင့် ဟောပြောပညာပေးရေးတို့ကို ဆောင်ရွက်ပေး လျက်ရှိပါတယ်။ ဆည်ရေ ပေးဝေသည့် ကာလတစ်လျှောက် ဌာနမှတာဝန်ရှိဝန်ထ မ်းများမှ ရေပေးဝေမှု အဟန့်အတား များကို ကျော်လွှားနိုင်ရန် တောင်သူလယ်သမားများအား စည်းရုံးဟောပြောခြင်း၊ ပူးပေါင်း ဆောင်ရွက်ခြင်းများကို ပြုလုပ်လျက်ရှိပါတယ်။ ကျွမ်းကျင်လုပ်သားအင်အားနည်းပါးပြီး လုပ်ငန်း နယ်ကျယ်ဝန်းသဖြင့် လစ်ဟင်းမှုအချို့ ဖြစ်ပေါ်တတ် ပါတယ်။ ဥက္ကဋ္ဌ ကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မကြာမီကာလတွင် ဧက (၅၀၀၀)နှင့်အောက် ဆည်မြောင်း လုပ်ငန်းများကို သက်ဆိုင်ရာ ပြည်နယ် /တိုင်းဒေသကြီး အစိုးရများ၏ အုပ်ချုပ်မှုသို့ လွှဲပြောင်း ထိန်းသိမ်းစေမည်ဖြစ်ရာ၊ ပိုမိုထိရောက်သော ရေပေးဝေမှုဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ ထိန်းသိမ်း ထားသော ဆည်ရေ ပေးမြောင်းများမှာ မြေသားမြောင်း များဖြစ်ပြီး သက်တမ်းအရ ယိုယွင်းစပြု နေသော တူးမြောင်းများကို ခေတ်မီ အောင်ပြန်လည် ပြုပြင်ခြင်းများ ဆောင်ရွက်ရန် လိုအပ်နေ

ခြင်းကြောင့် သက်တမ်းကြာမြင့်ပြီဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကာဘိုးရေလွှဲဆည် (ရွှေဘို) ဆည်ရေသောက်စနစ်၊ ကာဘိုးရေလွှဲဆည် (ရေဦး) ဆည်ရေသောက်စနစ်၊ ကင်းတားရေလွှဲဆည်(လက်ဝဲ၊ လက်ယာ ) ဆည်ရေသောက်စနစ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဇော်ဂျီဆည်ရေသောက်စနစ်၊ သစ်တက်ကုန်း ဆ ည်ရေသောက်စနစ်၊ ကင်းတားလက်ဝဲ၊ လက်ယာ ဆည်ရေသောက်စနစ်၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်နဝင်း နှင့် မြောက်နဝင်းဆည် ရေသောက်စနစ် စသည့် ရေသောက်စနစ်(၁၆)ခုကို ခေတ်မီအောင် ပြန်လည်ပြုပြင် ဆောင်ရွက်ရန် ရန်ပုံငွေခွင့်ပြုချက်ရရှိရေး တင်ပြထားပါတယ်။ မူလက ကုန်ကျစရိတ်သက်သာစေရန် ဆည်ရေသောက်ဧရိယာ၏ မြေ အမျိုးအစားအမျိုးမျိုးပေါ်တွင်မူတည်၍ မြေသားတူးမြောင်းများ (Earthen Canals) ဒီဇိုင်းပုံစံကို ထုတ်လုပ်တည်ဆောက် ခဲ့ကြသဖြင့် ရေစိမ့်ဝင်မှုများပြားသည့် သဲဆန်သော မြေများတွင် တည်ဆောက်ထားသည့် ဆည်ရေသောက်စနစ်များရှိ ရေ ပေး တူးမြောင်းများကို ရေလေလွင့်ဆုံးရှုံးမှု သက်သာစေရန် အုတ်ပန်းရံ၊ ကျောက်ပန်းရံ၊ ကွန်ကရစ် တူးမြောင်းများ စသည်တို့ကို လိုအပ်ချက်နှင့်အညီ ဆောင်ရွက်ပေး လျက် ရှိပါတယ်။ ဥပမာ - တောင်နဝင်း၊ ငလိုက်၊ ဆင်သေ၊ ရေဆင်း၊ သဲဖြူ ရေလှောင်တမံများ၏ တူးမြောင်းများ ) သို့ရာတွင် ဆည် /ရေလှောင်တမံအားလုံး၏ ရေပေးမြောင်းများကို အုတ် ပန်းရံ၊ ကျောက်ပန်းရံ၊ ကွန်ကရစ်တူးမြောင်းများ ဆောင်ရွက်ပေးရန်မှာ ကုန်ကျစရိတ် လွန်စွာများပြားမှုကြောင့် လိုအပ်ချက်အားလုံးကို ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါ။ အထူးဦးစား ပေး ဆောင်ရွက် ရန် လိုအပ်မည့် ရေသောက်စနစ်များရှိ တူးမြောင်းများကို ဆောင်ရွက်ပေးရန် လိုအပ်ချက်အပေါ် မူတည်၍ နိုင်ငံတော်သို့ ရန်ပုံငွေခွင့်ပြုချက် ရရှိရေးတင်ပြပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဆည်ရေထိရောက်စွာ အသုံးပြုနိုင်ရေးဆိုတာ လုပ်ငန်းများ စ-လယ်-ဆုံး (Total Solution) ထိတိုင် ပြီးစီးဖို့ လိုအပ်ပါတယ် ။ လုပ်ငန်းများ စ-လယ်-ဆုံး ပြီး ဖို့ ဆိုတာဟာလည်း ခေတ်ကာလ အခြေအနေအရ ထိုက်သင့်တဲ့ ရန်ပုံငွေကို အချိန်မီရရှိဆောင်ရွက်နိုင်ဖို့ လိုအပ်ကြောင်းကို လွှတ်တော်ကိုယ်စားလှယ်တော်ကြီး အသိဆုံးဖြစ်ပါတယ်။ ဆည်ရေပေးဝေရေးဆိုင်ရာ၊ ဌာနဆိုင်ရာ ညွှန်ကြားချက်များနှင့် တူးမြောင်းဥပဒေ ပါ ပြဋ္ဌာန်းချက်များအတိုင်း မြောင်းအဖျားပိုင်းကို ဦးစားပေးခြင်း၊ မြောင်းအလိုက်ရေလှည့်စနစ်ကျင့်သုံးခြင်း၊ မြောင်းခေါင်းများခန့်ထား တာဝန် ပေးခြင်းနှင့် ပတ်သက်၍ ဆည်၊ ရေလှောင်တမံများ၏ မြောင်းများအလိုက် တာဝန်ခန့် ထားပေးရန် ဖြစ်သော်လည်း တိုးတက်များပြားလာသည့် ရေ သောက်ဧရိယာများကို ပိုင်ပိုင်နိုင်နိုင် ထိန်းသိမ်း

ဆောင်ရွက်လုပ်ကိုင်နိုင်ရန် ဆည်အခွန်ဝန်ထမ်း များနှင့် တူးမြောင်းလုပ်သား အင်အားများကို လက်ရှိခွင့်ပြုပြီး ဖွဲ့စည်းပုံအတိုင်း အပြည့်အဝခန့်ထားရန် လိုအပ်လျက် ရှိနေပါတယ်။ ယခုအခါ ဆည်အခွန်ဝန်ထမ်းခွင့်ပြု အင်အား (၅၃၁)ဦးရှိသည့်အနက် ခန့်ထား အင်အားမှာ (၄၂၀)ဦးသာ ရှိသည့်အတွက် လစ်လပ်ဝန်ထမ်းအင်အား (၁၁၁)ဦး ဖြစ် ပါတယ်။ အလားတူ တူးမြောင်း လုပ်သား ခွင့်ပြု (၃၁၈၇)ဦးရှိသည့်အနက် (၁၈၅၈)ဦးကိုသာ ခန့်ထားနိုင်သဖြင့် လစ်လပ်အင်အား (၁၃၂၉)ဦး ရှိပါတယ်။ သို့ဖြစ်၍ ဆည်ရေပေးဝေရေးလုပ်ငန်းကို ပီပြင်အောင် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဒေသဆိုင်ရာအုပ် ချုပ်ရေးအဖွဲ့များမှ ဦးဆောင်၍ သက်ဆိုင်ရာ တောင်သူများပါဝင်သည့် ရေအသုံးပြုသူများအဖွဲ့ (Water User Groups)ဖြင့် ဆည်ရေ ပေးဝေခြင်းနှင့် တူးမြောင်းထိန်းသိမ်း ခြင်းလုပ်ငန်းများကို ပူးပေါင်း တာဝန်ယူသည့်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် တူးမြောင်းဥပဒေကို ချိုးဖောက်ကျူးလွန်သည့် လုပ်ရပ် များဖြစ်သော တူးမြောင်းများ၊ ရေနုတ်မြောင်းများအား ဖျက်ဆီးခြင်း၊ ပိတ်ဆို့ခြင်း၊ ရေထုတ်ပွန် များ ချဲ့ထွင်ခြင်း၊ အရွယ်အစားပြောင်း လဲတပ်ဆင်ခြင်း၊ အရေအတွက်တိုးချဲ့ ခြင်း၊ သတ် မှတ် ဒီဇိုင်းရေပြေးနိမ့်မြင့်မှတ် ပြင်ဆင်ပြောင်းရွှေ့တပ်ဆင်ခြင်း၊ လယ်ကြားမြောင်း ရေပေးပွန်စာရင်း (B 113 Register) ပါ အရေအတွက်နှင့် ကွာခြားခြင်းတို့ကို စစ်ဆေးတွေ့ရှိ ပါက ဥပဒေနှင့်အညီ တိတိကျကျအရေးယူ ဆောင်ရွက်မှုများ ပြုလုပ်ရန် ညွှ န်ကြားပြီး ဖြစ်ပါတယ်။ ဆည်ရေရယူ အသုံးပြုမှု စနစ်တကျဖြစ်စေရန်လည်းကောင်း၊ ဆည်ရေ သောက်စနစ် တူးမြောင်းများ ရေရှည် တည်တံ့အောင် ထိန်းသိမ်းအသုံးပြုနိုင်စေရန် လည်းကောင်း၊ မြန်မာနိုင်ငံ တူးမြောင်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာဆည်ရေသောက် တောင်သူများမှ လေးလေးစားစား လိုက်နာဆောင်ရွက်ကြဖို့ အထူး လိုအပ်လှပါတယ်။ သို့ဖြစ်ရာ နိုင်ငံတော်အစိုးရသစ် လက်ထက် တွင် တိုင်းဒေသကြီး ၊ ပြည်နယ်အစိုးရအဖွဲ့ အသီးသီး၏ အားကိုယူ၍ ထိရောက်စွာ ဆောင်ရွက် သွားကြရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကြက်မောက်တောင်ရေလှောင်တမံ ၏ ရေဝင်ရောက်မှု စိုက်ပျိုးမှု အခြေအနေနှင့်ပတ်သက်ပြီးတော့ တင်ပြပါမယ်။ ကြက်မောက်တောင်တမံ၏ ကန်ရေပြည့် သိုလှောင်နိုင်မှုပမာဏမှာ(၇၃၁၀၀)ဧကပေရှိပြီး အသုံးပြုနိုင်သည့်ရေပမာဏမှာ (၇၀၀၀၀)ဧကပေ ရှိပါတယ်။ မူလဆည်ရေသောက်ဧရိယာမှာ(၂၉၇၈၆)ဧကဖြစ်ပြီး စီစစ်ပြီးဆည်ရေသောက် ဧရိယာ မှာ(၂၉၂၂၇)ဧကရှိရာ လက်ဝဲဘက်တူးမြောင်းတွင်(၈၆၀၀)ဧကနှင့် လက်ယာဘက်တူးမြောင်းတွင်

(၂၀၆၂၇)ဧကရှိပါတယ်။ သီးနှံ  စိုက်ပျိုးရေပေးဝေရန်အတွက် မူလသီးနှံပုံစံတွဲမှာ အောက်ပါ အတိုင်းဖြစ်ပါတယ်။ (၁) မိုးစပါး၊ နွေစပါး (၆၄၁၉) ဧက ဖြစ်ပါတယ်။ (၂) ချည်မျှင်ရှည်ဝါ (၁၅၈၈၇) ဧက၊ (၃)ပဲမျိုးစုံ (၁၁၂၅၅) ဧက၊ နှမ်း (၇၆၉၇) ဧက စုစုပေါင်း (၄၁၂၅၈)ဧက ဖြစ်ပါတယ်။ စုစုပေါင်း သီးနှံဧက (၄၁၂၅၈) ရှိသည့်အတွက် သီးနှံစိုက်စွမ်းအား (၁၄၁) ရာခိုင်နှုန်း ရှိပါတယ်။ ၂၀၀၁ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ(၁၀)နှစ် ပျမ်းမျှ ရေဝင်ရောက်မှုမှာ (၃၉၀၀၀)ဧက ပေခန့်ရှိပြီး အမှန်တကယ် ရေပေးဝေနိုင်မှုမှာ (၃၂၀၀၀)ဧကပေ ခန့်ရှိခဲ့ပါ တယ်။ ဖော်ပြပါ ရေပေးဝေနိုင်မှုအရ မိုးစပါးပျမ်းမျှ(၆၄၆၈)ဧက၊ နွေစပါး(၁၈၀၆)ဧက၊ ချည်မျှင်ရှည်ဝါ(၅၃၉)ဧက၊ မိုးကြိုနှမ်း(၇၄၂)ဧက စုစုပေါင်း (၉၅၅၅)ဧက စိုက်ပျိုးနို င်ခဲ့၍ ရေသုံးစွဲမှုမှာ ပျမ်းမျှ တစ်ဧက (၃)ပေကျော်သာ သုံးစွဲခြင်းဖြစ်ပါ၍ ရေအလေအလွင့် နည်းပါးကြောင်း တင်ပြအပ်ပါတယ်။

ကြက်မောက်တောင်ဆည်၏ ရေဝင်ရောက်မှု၊ ရေသုံးစွဲမှုများနှင့် စိုက်ပျိုးနိုင်မှုများကို နှိုင်းယှဉ် စစ်ဆေးကြည့်ပါက ရေဝင်ရောက်မှု နည်းပါးသောနှစ်တွင် စိုက်ပျိုးဧကများနှင့် ရေသုံးစွဲမှုများမှာ သင့်တင့်လျော့ကျပတ်သော်လည်း ဆည်၏မူလစီမံကိန်းဧက (၂၉၇၈၆)ဧကကို မပြည့်မီရခြင်းမှာ ယခင်သတ်မှတ်ထားသည့် သီးနှံပုံစံတွဲအရ ရေယူနည်း သော ဝါသီးနှံကို အဓိက စိုက်ပျိုးရန် ဖြစ်သော်လည်း ယခုအခါ စပါးသီးနှံကို ဦးစားပေးစို က်ပျိုးရခြင်းကြောင့် ဖြစ်ပါတယ်။

ကြက်မောက်တောင်ဆည်၏ လက်ဝဲတူးမြောင်း ရေသောက်စနစ် အဖျားပိုင်း ရေမရရှိ မှုနှင့် လက်ယာတူးမြောင်းလက်တံ(၃)၏ ရေသောက်စနစ်မှာ စီမံကိန်း ပြီးစီးသည့်မှ ယနေ့အထိ ရေမရရှိသည်တို့နှင့် ပတ်သက်၍ ၂၀၁၀ ခုနှစ်တွင် လက်ယာမြောင်းမကြီး ကျောက်တိုင် ၄၁၅၀၀ မှ ကျောက်တိုင် ၄၅၀၀၀ ထိတူးမြောင်း ပုံစံကျပြုပြင် ဆောင်ရွက်ပေးခဲ့သဖြင့် ယခုအခါ လက်တံ(၂)၊ လက်တံ (၂.က)နှင့် လက်တံ (၃) အထက်ပိုင်းများမှာ ရေရရှိလျက် ရှိပါကြောင်းနှင့် သဲဆန်သောမြေများဖြစ်၍ မိုးကြိုနှမ်းစိုက်ပျိုးရန် လျာထားပါကြောင်း တင်ပြအပ်ပါသည်။

တူးမြောင်းများ၏လက်ရှိအခြေအနေမှာ လက်ဝဲမြောင်း မူလဒီဇိုင်း (၁၈၂)ကျူးဆက်ဖြစ်သော်လည်း ယခုအခါ(၈၀) ကျူးဆက်နှင့် လက်ယာမြော င်း၏ မူလ ဒီဇိုင်း(၃၅၄)ကျူးဆက် ဖြစ်သော်လည်း ယခု(၁၂၀)ကျူးဆက်ခန့်သာ ရေပေးဝေနိုင်သောကြောင့် တူးမြောင်းများကို မူလဒီဇိုင်းပုံစံကျ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးရန်စီမံဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ကြက်မောက်တောင် ဆည်တွင် နှစ်စဉ်သိုလှောင်ရေများကို လေလွင့် ဆုံးရှုံးမှုအနည်းပါးဆုံးဖြစ်စေရန်နှင့် ရေပေးဝေမှု ထိရောက်မှုရှိစေရန် ရေလိုအပ်ချက်နည်း သော သင့်တော်သည့် သီးနှံပုံစံတွဲကို ပြောင်းလဲ

သတ်မှတ်ဆောင်ရွက်ရန် ဒေသအုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်၏ ကြပ်မတ်ကွပ်ကဲမှု ဖြင့် ခရိုင်မြို့နယ် စိုက်ညှိအဖွဲ့များမှ ဒေသခံတောင်သူများကို ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ တူးမြောင်းစနစ် အောက်ပိုင်း ဆည်ရေရောက်ရှိ နိုင်သမျှ ရောက်ရှိရန်၊ ပြုပြင်ရန် လိုအပ်သော တူးမြောင်းများ၊ တူးမြောင်းအဆောက်အအုံများကို ခွဲဝေရရှိသည့် ရန်ပုံငွေ အပေါ်တွင်မူတည်၍ ဆောင်ရွက်လျက်ရှိနေပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရသစ်သက်တမ်းကာလမှာ တစ်နှစ်သာကြာမြင့်ပါသေးတယ်။ ကျွန်တော်တို့ အစိုးရသစ်အနေနဲ့ ယခင်အစိုးရလက်ထက်က အမွေတွေကို ဆက်ခံပြီး၊ အကောင်းဆုံးဖြစ်အောင် ဆက်လက် ဆောင်ရွက်ဖို့ သန္နိဋ္ဌာန်ချမှတ်ထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးအပါအဝင် ယခင်သက်တ မ်းကာလတစ်လျှောက်ဖြစ်ပျက်မှုများအပေါ် ယခုကဲ့သို့ အပြုသဘောတင်ပြ ခြင်း၊ တစ်နည်းအားဖြင့်ကိုယ်တိုင်မလုပ်နိုင်ခဲ့သည့် အခြေအနေတွေကို ယခုလိုအကြံပြုပေးတဲ့အတွက် ရှေ့ဆက်ဆောင်ရွက်မယ့် လုပ်ငန်းလမ်းညွှန်အဖြစ် မှတ်ယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆည် /ကန်များနှင့် ရေပေးမြောင်းများ ထိန်းသိမ်းစောင့်ရှောက်ရာတွင် ဖြစ်ပေါ်လျက်ရှိတဲ့ အားနည်းချက်နှင့် လိုက်နာဆောင်ရွက်သင့်သော လုပ်ဆောင်ချက်များအပေါ် အချက် (၁၉)ချက်ဖြင့် အကြံပြုပေးခြင်း၊ ထိရောက်သော ရေပေးဝေမှုစနစ်ကို စီမံ ဆောင်ရွက်၍ မှန်ကန်သော သီးနှံပုံစံ တွဲကိုရွေးချယ်စိုက်ပျိုးစေခြင်းဖြင့် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးရန် အကြံပြုပေးခြင်းလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လက်ရှိဦးတည်ဆောင်ရွက်လျက်ရှိသည့် ခေတ်မီစံပြ လယ်ယာစနစ်၏ အခြေခံလိုအပ်ချက် ဖြစ်သော လယ်ယာမြေများကို စနစ်တကျ ပြုပြင်၍ လုပ်ကွက်ဖော်ခြင်း၊ လယ်ယာကုန်ထု တ်လမ်းများ ထည့်သွင်းတည်ဆောက်ခြင်း၊ ရေသွင်း ရေထုတ်စနစ် ပီပြင်စွာ တည်ဆောက်ပေးခြင်းတို့ကို ဆောက်ရွက်ရန် လိုအပ်ပြီဖြစ်ကြောင်းထောက်ခံအကြံပြုပေးခြင်းတို့ကြောင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး၏ တင်သွင်းသောအဆိုကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ လေးလေးနက်နက် ကြိုဆိုပါကြောင်း တင်ပြ ရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅:၃၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲ ဆန္ဒနယ်အမှတ်(၆) မှ ဦးမျိုးမြင့် တင်သွင်းတဲ့ လယ်ယာစိုက်ပျိုးသီးနှံ ဖွံ့ဖြိုးတိုး

တက်မှုရရှိရန် ဆည်ရေများ ထိရောက်စွာ ထုတ်လွှတ်ပေးဝေ ရယူရေးအတွက် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို အတည်ပြုရန် သဘောတူ /မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။ ဒီလို ဆောင်ရွက်ရမှာ ဆန္ဒမဲပေးခြင်းကို အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၃) အရ မတ်တပ်ရပ်၍ဆန္ဒပြုတဲ့ နည်းလမ်းနဲ့ လွှတ်တော်ရဲ့ဆန္ဒကိုရယူပါမယ်။ သဘောတူတဲ့ပုဂ္ဂိုလ်များ မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။

ထိုင်နိုင်ပါပြီ။ မတ်တတ် ရပ်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ် ဦး ရေဟာ ၄၀ ဦးနှင့် အထက်ရှိတဲ့အတွက် ဦးမျိုးမြင့် ရဲ့အဆိုကိုအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) ၏ အစိုးရဌာနများနှင့် နိုင်ငံ့ဝန်ထမ်းများကို ပြည်သူက ပိုမိုယုံကြည်အားကိုးမှု ရှိလာစေရန် ပြည်ပနိုင်ငံ အချို့၏ ကောင်းသောစနစ်များကို အတုယူဆောင်ရွက်ပြီး သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောစနစ်အတွက် အထောက်အကူ ဖြစ်စေရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့် /မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၅း၃၈။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း က အစိုးရဌာနများနှင့် နိုင်ငံ့ဝန်ထမ်းများကို ပြည်သူက ပိုမိုယုံကြည်အားကိုးမှု ရှိလာစေရန် ပြ ည်ပနိုင်ငံအချို့၏ ကောင်းသောစနစ်များကို အတုယူ ဆောင်ရွက်ပြီး သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောစနစ်အတွက် အထောက်အကူဖြစ်စေရေး နဲ့ စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးမြင့်ထွန်း အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၃၈။**

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး နဲ့ ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က ဦးမြင့်ထွန်း ဖြစ်ပါတယ်။ ကျွန်တော် တင်ပြမယ့်အဆိုက ပြည်သူလူထု ခံစားချက်ကာစ်ဆင့် ပေါက်ဖွားလာတာ ဖြစ်ပြီး

ကျွန်တော်တို့ ကိုယ်စားလှယ်တွေရဲ့ အတွေ့အကြုံနဲ့လည်း ပေါင်းစပ်ထားတာ ဖြစ်ပါတယ်။ ဒီနေ့ ဒီမိုကရေစီခေတ်မှာ နိုင်ငံတော်အစိုးရအဖွဲ့ဟာ မိဘပြည်သူတွေရဲ့ဆန္ဒကို ဦးထိပ်ပန်ဆင်ပြီးတော့ လူနေမှုအဆင့်အတန်း တိုးတက်အောင် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အားသွန်ခွန်စိုက်ကြိုးပမ်းနေတဲ့ အချိန်ကာလလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ နိုင်ငံ့ ဝန်ထမ်းတွေအပိုင်းကို ကြည့်ရင် အရည်အသွေးတိုးတက်မှု နှောင့်နှေးနေသေးတာကို တွေ့ရပါတယ်။ ဒါကို ဆရာဦးဇော်မြင့်ဖေ ကလည်း ဝန်ထမ်းတွေကို ဦးနှောက်ဖွံ့ဖြိုးအောင် မလုပ်နိုင်သေးဘူး။ တာဝန်ခံ မှု လျော့နည်းနေသေးတယ်။ Poppycost တွေ ဖြစ်နေသးတယ် ဆိုပြီးတော့ ပြည်ထောင်စု လွှတ်တော်မှာ တင်ပြခဲ့ဘူးတာလည်း ရှိပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား၊ မနေ့ကလည်း လွှတ်တော်မှာ ဥက္ကဋ္ဌကြီးကိုယ်တိုင် လယ်ယာနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးကို တို က်ရိုက် ပြောပြီးတော့မှ အကြံပြု လိုက်တာဟာ ကျွန်တော်အတွက် အင်မတန်ပဲ အားရှိပြီးတော့ ပီတိလည်း ဖြစ်ရပါတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေပြောရင် အဆင်ပြေအောင်ပဲ ဒါ ဖြေကြားသွားတဲ့ သဘောလေး တွေလည်း ရှိပါတ ယ်။ ပြည်နယ်ဘက်က စိုက်ပျိုးရေးဘဏ်တွေ က နိုင်ငံ့ဝန်ထမ်းတချို့ဟာ အတော်လေးဆိုးတဲ့ အနေအထားလေးတွေ ရှိပါတယ်။ ခဏ၊ခဏလည်း အရေးယူခံကြပါတယ်။ လယ်သမားတွေကို ဟိန်းဟောက် ခြိမ်းခြောက်တာတွေလည်း ရှိပါတယ်။ တချို့ဆိုလို့ရှိရင် ဒါဖြတ်ငွေဆိုပြီးတော့ အာဏာပြတာတွေတောင် ရှိပါတယ်။ ကျွန်တော့်နယ်မြေက စိုက်ဘဏ်ဝန်ထမ်းတစ်ဦးဆိုရင် ကျေးရွာကလူကြီးနဲ့ပေါင်းပြီးတော့ မိသားစုနာမည်နဲ့ လယ်စာရင်း အတုတွေ လုပ်ပြီး ငွေတွေလိမ်ထုတ်ခဲ့လို့ အရေးယူခံရပါတယ်။ ဒီတိုင်စာကိုရလို့ ဒါကို ကျွန်တော်တို့ တိုင်စာ ကော်မတီဥက္ကဋ္ဌ ကိုယ်စားလှယ်တော်ကြီး ဦးအောင်ငြိမ်း ကို ကျွန်တော် ကိုယ်တိုင်ပဲ ပေးခဲ့လိုက်ရပါတယ်။ ဖြစ်ပါတယ်။ ဒါ မတိုင်ရဲတာတွေလည်း သူတို့မှာ ရှိပါသေးတယ်။ နောင်နှစ်တွေမှာ ချေးငွေတွေမရမှာလည်း သူတို့အတွက်မှာ တော်တော်လေး စိုးရိမ်နေ ကြပါတယ်။ ဒီ စိုက်ပျိုးရေးဘဏ် ဝန်ထမ်းတွေရဲ့ ဆက်ဆံရေးအားနည်းမှုတွေ၊ ငွေညစ်တာတွေ၊ လိမ်ထုတ်တာတွေ သူတို့ဆီက ညွှန် ကြားရေးမှူးတွေ၊ ဦးဆောင်ညွှန်မှူးတွေတောင် သိကြရဲ့လားလို့ ကျွန်တော်တို့ စိုးရိမ်ရပါတယ်။ တိုင်လို့မှ အမှုဖြစ်မှ သိကြရတာလည်း ရှိပါတယ်။ ဒါကြောင့် မနေ့က ဒုတိယဝန်ကြီးကလည်း ငွေလိုရင် ထုတ်ပေးပါတယ်ဆိုပြီးတော့ အဆင်ပြေသလို ပြောသွားခဲ့တာ ဖြစ်ပါတယ်။ အမှန်ကတော့ ဥပမာပေးရမယ်ဆိုရင် နှမ်းအိတ် (၁)သိန်းလောက် စုပုံထားတဲ့ နှမ်းဂိုဒေါင်ကြီးထဲက နှမ်းစေ့ (၁၅)စေ့ လောက်ထုတ်ပေးလိုက်တဲ့ သဘောပါ။ စုငွေထုတ်ချင်တယ်

ဆိုရင် ဟိုဟာ၊ ဒီဟာ အထောက်အထား မပြည့်စုံလို့ဆိုပြီးတော့ အမြတ်တမ်းအော်ငေါက်တာတွေ လည်း ရှိပါတယ်။ ဒါပေမဲ့ ဒီလို အော်ငေါက်တဲ့ လူကိုပဲ ကျွန်တော်တို့က ကျေးဇူးတင်ရမလို ဖြစ်နေပြီ။ တချို့က ငွေပြန်ထုတ်ချင်ရင် ရအောင် လုပ်ပေးမယ်။ ငါကိုလည်း ဘယ်လောက်ပေး ဆိုတာတွေလည်း ရှိပါတယ်။ ရန်ကုန်စိုက်ပျိုးရေး ဘ ဏ်မှာရှိတဲ့ လယ်သမားတွေရဲ့စုငွေက ကျွန်တော်တို့ (76) Billion နီးပါး လောက်တောင် ဆိုတော့ ဒါတွေကို ခန့်မှန်းကြည့်ခြင်းအားဖြင့် သိနိုင်ပါတယ်။ ဥပဒေပုဒ်မ ၅(ဂ)မှာ ပိုလျှံငွေကို ရှိမှသာလျှင် (၅) ရာခိုင်နှုန်းမှ (၁၀) ရာခိုင်နှုန်းထိ ချေးငွေကနေ စည်းရုံးစုဆောင်းပေးဖို့ ဒီလိုဆိုထားပါတယ်။ အောက်ခြေမှာ ဖြစ်နေတာက ကြွေးကြော်နေတာကို သိလျက်နဲ့ခြိမ်းခြောက် ဖြတ်တောက်ပြီး စုဆောင်းနေတယ် ဆိုတော့ ဥပဒေကို ပြောင်းပြန်လုပ်နေသလို ဖြစ်နေပါတယ်။ ဒါ မနေ့က ဥက္ကဋ္ဌကြီး ကိုယ်တိုင် ခုလို ပြောလိုက်တော့ သူတို့ပိုပြီးတော့ ဂရုစိုက်မယ်ဆိုတာ သေချာပါတယ်။ ဥက္ကဋ္ဌကြီး တိုက်တွန်းလို့ ပြည်ထောင်စုလွှတ်တော်မှာ ဒီအဆိုကို ကျွန်တော် တင်သွင်းတုန်း ကလည်း ကျွန်တော့်အဆိုကို ထောက်ခံဆွေးနွေးဖို့ စာရင်းပေးကြတာ ကျွန်တော် စုံစမ်းကြည့်ရသလောက် (၁၅)ယောက် လောက်ရှိတယ်လို့ သိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ။ နေ့စဉ် ကြုံတွေ့နေရတဲ့ ကိစ္စအဝဝမှာ ကျွန်တော်တို့ မိဘပြည်သူတွေဟာ အစိုးရဌာနအသီး သီးနဲ့ ချိတ်ဆက်ပြီး အစိုးရရဲ့ခွင့်ပြုချက် ရမှပဲ လုပ်ကိုင်လိုကြတဲ့ သဘောရှိတယ်ဆိုတာ အားလုံးသိပြီး ဖြစ်ပါတယ်။ မိဘပြည်သူက အစိုးရဌာနတွေမှာ တင်ပြခွင့်ပြုချက်တောင်းရာပေမယ့် ခေတ်အဆက်ဆက်ကအတိုင်း ထူးမလာတာ တွေ့ရပါတယ်။ သက်ဆိုင်တဲ့ဌာနတွေမှာ စာတွေဟာ စုပုံကြန့်ကြာနေတာတွေ တာဝန်မယူလိုဘဲနဲ့ အထက်ကိုပဲ လမ်းလွှဲပေးနေတာ၊ သိလျက်နဲ့ မသိဟန်ဆောင်နေတာ၊ အချိန်ဆွဲနေတာ၊ ဆက်ဆံမှု တင်းမာတာ၊ တံစိုးလက်ဆောင် မျှော်ကိုးတာ၊ အရာထမ်းတချို့ အခွင့်အာဏာအလိုက် လာဘ်ပေးလာဘ်ယူ လုပ်နေတာဟာ ဒါတွေဟာ ကျွန်တော်တို့ ပြည်သူ့ တင်ပြချက်တွေကို ငြင်းပယ်နေတာတွေရှိတဲ့အတွက်ကြောင့် သူတို့ဝန်ထမ်း တွေအနေနဲ့ အားနည်းချက်တွေ ရှိနေပါ သေးတယ်။ မိဘပြည်သူတွေကလည်း သည်းခံမြဲသည်းခံလျက် ရှိနေကြပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီနေ့ ဒီမိုကရေစီနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ နိုင်ငံ့ ဝန်ထမ်းတွေဟာ ခေတ်နဲ့အညီ အရည်အသွေးမြင့်မားပြီး နိုင်ငံတော်အပေါ် သစ္စာရှိကြရမယ့်အပြင် ပြည်သူ့ဆန္ဒကို စိတ်ပါလက်ပါ ပံ့ပိုးကူညီဖို့ လို အပ်နေပါတယ်။ လစာမလောက် ပေမယ့်လည်းပဲ ဝန်ထမ်းဂုဏ်သိက္ခာ Government Servicing တွေ ဒီနေ့ထိ ထိန်းသိမ်းကြရမယ်လို့ ယူဆကြရပါမယ်။

တံစိုးလက်ဆောင်ငွေကြေး မမျှော်ကိုး ပဲနဲ့ ပြည်သူ့မျက်နှာ မညိုးနွမ်းအောင် ဆက်ဆံရေးကို
အထူးဂရုစိုက်ပြီး လုပ်ငန်းတွေ မှန်သမျှမှာ ပြည်သူ့ဝန်ကို အဆင်ပြေစွာနဲ့ အနစ်နာခံ ထမ်းရွက်
ပေးကြဖို့ လိုအပ်လာပါပြီ။ နောင်မှာ ထောက်ပံ့စရိတ်တွေပဲရရ၊ လစာတွေပဲ တိုးတိုး အကျင့်ပါပြီး
တော့ လာဘ်လာဘကို မက်မောနေကြမယ်ဆိုရင် နိုင်ငံတော်အစိုးရ အဖွဲ့ရဲ့သိက္ခာကိုလာပြီးတော့
ထိခိုက်မယ်ဆိုတာကို သိကြရမှာ ဖြစ်ပါတယ်။ မိဘပြည်သူက တင်ပြတဲ့စာတွေ၊ လျှောက်လွှာတွေ၊
တိုင်ကြားစာတွေ၊ အသနားခံစာတွေ၊ တောင်းခံစာတွေကို လက်ခံရရှိတဲ့ အချိန်ကစပြီးတော့
မှတ်တမ်းတင်ထား ရှိရပါမယ်။ တင်ပြတဲ့ပြည်သူက စုံစမ်းမေးမြန်းခြင်းပြုသည်ဖြစ်စေ၊ မပြုသည်
ဖြစ်စေ ပြည်သူကိုအခါအားလျော်စွာ အချိန်မီအကြောင်းပြန်ကြားပေးရပါမယ်။ အချိန်အခါအလိုက်
အကြောင်းပေါ်မူတည်ပြီး အကျိုးအကြောင်း လျော်ညီစွာနဲ့ ပြည်သူကျေနပ်အောင် ရှင်းပြရ
ပါမယ်။ မိဘပြည်သူတင်ပြချက်ကို ရှင်းလင်း ပြန်ကြားပြောကြားပေးဖို့ ဌာနတိုင်းမှာ သီးခြားတာဝန်
ယူမယ့် ဌာနစိတ်ကလေး တစ်ခုလောက်ရှိရင် ပိုကောင်းမယ်လို့လည်း ယူဆမိပါတယ်။ အဲဒီ
ဌာနစိတ်ဟာ စာတင်ထားတဲ့ ပြည်သူတစ်ဦးချင်းကို အချိန်အခါ အားလျော်စွာ ဖုန်းနဲ့ပဲဖြစ်ဖြစ် ၊
တိုက်ရိုက်ထိတွေ့ဆက်ဆံ၍ပဲဖြစ်ဖြစ် မှန်ကန်မှု ရှိ/မရှိ ခွင့်ပြုပေးနိုင်ဖို့ ရှိ/မရှိ ရှင်းလင်းပေးရမှာ
ဖြစ်ပါတယ်။ တာဝန်မခံလိုမှု၊ တာဝန်မဲ့မှု၊ ခေါင်းရှောင်မှု၊ သဘောထားတင်းမာမှု၊ လောဘဒေါသ
မာန်မာနထားရှိမှုတဲ့ ဆက်ဆံရေး ညံ့ဖျင်းတာတွေ မဖြစ်စေဘဲနဲ့ ပြည်သူတွေက အထင်မလွဲအောင်၊
ပြည်သူတွေ မငြိုငြင်အောင် အထူးအလေးထား ရပါမယ်။ ဒါမှ ပဲ နိုင်ငံတော်အစိုးရအပေါ်
ပြည်သူတွေက ပိုပြီးတော့ ကြည်ညိုလေးစားလာမှာ ဖြ စ်ပါတယ်။ ဒီလိုမှမလုပ်ရင် တင်ပြ
တောင်းဆိုစာတွေဟာ ဌာနတွေမှာ အချိန်ကြာတာနဲ့အမျှ စုပုံပြီး အမှိုက်ပုံကြီးလို ဖြစ်လာတတ်
ပါတယ်။ ပြီးတော့ မိဘပြည်သူတွေရဲ့ မကျေနပ်ချက်တွေဟာလည်း များသထက်များလာမှာ
သေချာပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား အရာထမ်းတချို့ရဲ့ လုပ်ဆောင်မှုတွေကို သံသယရှိတယ်ဆိုရင်
မိဘပြည်သူတွေက သက်ဆိုင်တဲ့ တာဝန်ခံအရာရှိကြီးတွေကို တွေ့ဆုံမေးမြန်းနိုင်ခွင့်ရှိရမှာ
ဖြစ်ပါတယ်။ ဒါမှလည်း လူ့အခွင့်အရေးစာစ်ရပ်ဖော်ဆောင်တဲ့သဘောကိုပြီးတည်ရာရောက်မယ်လို့
ယူဆမိပါတယ်။ ဆက်ဆံမှု အားနည်းတဲ့ အရာထမ်း၊ အမှုထမ်း၊ လာဘ်လာဘမျှော်ကိုးတဲ့
အရာထမ်း၊ အမှုထမ်းတွေကိုသင့်သလို အရေးယူဆောင်ရွက်တာတို့ တာဝန်မှအနားပေးတာတို့
ပြုလုပ်ရမှာပါ။ ဒီနေရာမှာ လာဘ်ယူမိလို့ အရေးယူခံရတဲ့ စင်ကာပူနိုင်ငံက ဝန်ထမ်းတစ်ဦး
အကြောင်း ဥပမာလေးတစ်ခု ပြောလိုပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလက ကျွန်တော် ဆေးကု

သွားတုန်းက သတင်းစာမှာ လာဘ်ယူ  မှုနဲ့ အရေးယူခံရတဲ့ အရာရှိတစ်ဦး  ပုံ ပါလာပါတယ်။ အဲဒီအစိုးရအရာရှိဟာ  လာဘ်ယူမှုအတွက် သိ ပ်မများလှတဲ့ ငွေ ပမာဏနဲ့ပဲ အရေးယူခံရတာ ဖြစ်ပါတယ်။ ပေးသူကိုရောယူသူကိုပါ ထောင်ဒဏ်နှစ်(၂၀) ချမှတ်တာ တွေ့ရပြီးတော့ အမှုဖြစ်ပွားပုံ အသေးစိတ်ကို သတင်းစာမှာ(၃)ရက်ကြာ ဖော်ပြတဲ့အပြင် TV နဲ့ မဂ္ဂဇင်း စာစောင်တွေမှာလည်း ဖော်ပြခံရတာ တွေ့ရပါတယ်။ အဲဒီဖြစ်စဉ်တွေကိုကြည့်ရင်   သူတို့ဆီမှာ လာဘ်မစားရဲအောင် အမြဲတမ်းကြပ်မတ်နေတယ်ဆိုတာ  တွေ့ရပါတယ်။ ကျွန်တော်တို့နဲ့ကွာတာ က ဌာနဆိုင်ရာတွေမှာ အမှုဖြစ်ရင်  အမှုအဖြစ်အပျက်ကို မကြေညာတာတွေ၊ ပြည်သူတွေ  ကို အသိမပေးတာတွေဟာ အပြစ်ရှိသူ လာဘ်ငွေပေးသူ၊ ယူသူအတွက် ကြောက်စရာ မလိုသလို ဖြစ်နေတယ်ဆိုတာကိုလည်း တင်ပြလိုခြင်း ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရဝန်ထမ်းတွေဟာ အစိုးရရဲ့ လစာစားပြီး  အစိုးရရဲ့ဝန်ကို  ထမ်းဆောင်တာဖြစ်ပေမယ့် ကနေ့အစိုးရဟာ  မိဘပြည်သူတွေနဲ့ ပြည်သူကိုယ်စားလှယ်တွေက ပြည်ထောင်စု လွှတ်တော်မှာ ရွေးချယ်တာဝန်ပေးလိုက်တဲ့ အစိုးရ ဖြစ်တဲ့အတွက် အစိုးရရဲ့ဝန်ထမ်း တစ်နည်းအားဖြင့် နိုင်ငံ့ဝန်ထမ်းတွေဟာ ပြည်သူ့တာဝန်ကိုပါ ထမ်းရတဲ့ ပြည်သူ့ဝန်ထမ်း တွေအဖြစ်နဲ့ ကျယ်ကျယ်ပြန့်ပြန့်ခံယူကြရမှာ ဖြစ်ပါ တယ်။ ပြည်သူ့ဝန် ကို ထမ်းဆောင်တဲ့အခါမှာ ပြည်သူကို သစ္စာခံယူရမှာဖြစ်ပါတယ်။ မိဘပြည်သူက ကြည်ဖြူအောင် ပြုမူဆက်ဆံကြရမှာဖြစ်ပါတယ်။ အထက်အရာရှိနဲ့ အထက်ဌာနကိုပဲ တာဝန်ခံပြီး အထက်ကို သစ္စာရှိရုံသက်သက်နဲ့ မလုံလောက်  တော့ပါဘူး။  မိဘပြည်သူရဲ့  အကျိုးဖြစ်ထွန်းရေးဆိုတဲ့ သစ္စာတရားကို ဦးထိပ်ထားပန်ဆင်ဖို့ အထူး  အရေးကြီးလာပါပြီ။ ရုံးချိန်ကို မလေးစားတဲ့အပြင် အလုပ် လုပ်ချိန်မှာ ရုံးလုပ်ငန်းထက် ကိုယ်ရေးကိုယ်တာတွေကို ဦးစားပေးတဲ့ အလေ့အကျင့်ဆိုးတွေ ဟာ နိုင်ငံတော်နဲ့မိဘ  ပြည်သူတွေရဲ့ တန်ဖိုး ကြီးမားတဲ့အချိန်ကို ခိုးယူနေတာပဲလို့ ဒါ  ပြောနိုင် ပါတယ်။ ဒီလိုပဲ အစိုးရဘဏ္ဍာနဲ့   အများပိုင်ငွေကို သွယ်ဝိုက်လှည့်ပတ်ပြီး ကိုယ်ကျိုးအတွက် မှတ်ယူအလွဲသုံးစားပြုမယ်ဆိုရင် ဒါတွေဟာ ပို  မိုကြီးမားတဲ့ ပြစ်မှုကြီး ဖြစ်  တယ်ဆိုတာလည်း ပညာပေးကြဖို့ လိုမယ်လို့ ခံယူမိပါတယ်။   ဝန်ထမ်းတွေဟာ မိမိတို့ကို ယ်ကို  Self Respect တန်ဖိုးထားကြရပါမယ်။ ဒီလိုထားပြီး ပြည်သူကို နားလည်စာနာလိုက်လို့ရှိရင် ဝန်ထမ်းနဲ့ ပတ်ဝန်းကျင်ဟာ သဟဇာတ  ဖြစ်သွားမယ်လို့ တင်ပြလို ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။  ဒီနေရာမှာ စင်ကာပူနိုင်ငံက  အတွေ့အကြုံ ဗဟုသုတကို ထပ်မံတင်ပြလိုပါတယ်။ ဒါကတော့ ကားတစ်စီး ခုံတိုင်ကို  ဝင်တိုက်မိတဲ့ကိစ္စပါ။ ယာဉ်တိုက်မှုဖြစ်ဖြစ်ခြင်း အရပ်ဝတ်နဲ့ရဲတွေ ရောက်လာ

ပါတယ်။ သက်ဆိုင်ရာ တာဝန်ရှိသူကို ခေါ်ပြီး ပြစ်ဒဏ်နဲ့လျော်ကြေးဖြစ်တဲ့ ဒဏ်ငွေကို တွက်ချက်ပြီး ဒဏ်ဆောင်ခိုင်းတဲ့အခါမှာ ဒဏ်ငွေကို လမ်းဘေးက ငွေထည့်ပေါက်ကတ စ်ဆင့် ပေးဆောင်ရလို့ အစိုးရဘဏ်ကို တိုက်ရိုက်ဝင်သွားပါတယ်။ ရဲစခန်း၊ တရားရုံး ကို သွားစရာ မလိုပါဘူး။ ဒီစနစ်ဟာလည်း လာဘ်ပေးလာဘ်ယူမဖြစ်စေတဲ့ အတုယူစရာစနစ်တစ်ခု ဖြစ်ပါတယ်။ နောက်တစ်ခုက ကားဝယ်ယူတွေအတွက် အခွန်အကောက်စနစ်ကို ကြုံကြိုက်တုန်း ဗဟုသုတ အနေနဲ့ တင်ပြလိုပါတယ်။ကားတန်ဘိုးကို အပြည့်ပေးချေခွင့်မပြုဘဲ(၅၀)ရာခိုင်နှုန်းသာပေးချေခွင့် ပြုပါတယ်။ ကျန်တဲ့ငွေကို အတိုးနဲ့ပေါင်းပြီး အစိုးရထံ လစဉ် တိုက်ရိုက်ဆောင် ရပါတယ်။ ကားရောင်းသူက အရင်းပြန်ရပြီးတော့ အစိုးရက အတိုးရပါတယ်။ ဒါမျိုးလည်း ကျွန်တော်တို့ဆီမှာ ကုမ္ပဏီတချို့က အတုယူနေတာ တွေ့ရပါတယ်။ ဒါပေမဲ့ အစိုးရအတွက်တော့ မပါပါဘူး။ ဒါအပြင် နောက် ဥပမာ တစ်ခုက ကုန်တိုက်တွေမှာ ဈေးဝယ်ရင်လည်း လေယာဥ်နဲ့ ပြန်မယ့်သူတွေက လေဆိပ်မှာဝယ်ခဲ့တဲ့ ပြေစာတွေကိုပြရင် Promotion အနေနဲ့ ဆုတွေ ထုတ်ပေးတာကို တွေ့ရပါတယ်။ ဒါလည်း ဗဟုသုတပါ။ နောက်တစ်ခုက မြေအောက်ဘူတာရုံတွေမှာ ကျွန်တော်တို့ ကိုယ်စားလှယ်တွေ နေ့စဥ်ဆန္ဒမဲပေးစက်ခုံ အပေါက်ထဲမှာ ထည့်တဲ့ကတ်ပြားအရွယ် ကတ်ပြား အနီလေး ဒါ ကိုယ်စီ ရှိကြပါတယ်။ ဒါကို ဘူတာအပေါက်ဝ လူဝင်ဂိတ်မှာ ကတ်ပြားအရွယ် ကတ်ပြတဲ့နေရာမှာ တစ်ချက်ကလေး ကတ်ပြလိုက်ရုံနဲ့ လူဝင်တံခါး ပွင့်သွားပြီးတော့ တစ်ဦးချင်း အထဲဝင်လို့ ရပါတယ်။ ရထားကလည်း ၁၀ မိနစ် တစ်ခါဆိုတော့ စောတာ၊ နောက်ကျတာမရှိပါဘူး။ ရထားခကို Computer ကပဲ ဒီကတ်ပြားက ဖြတ်လိုက်တာ ဖြစ်တဲ့အတွက်ကြောင့် ရထားလက်မှတ် မှောင်ခိုဆိုတာလည်း မရှိတော့ပါဘူး။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျားမိဘပြည်သူက ဌာနဆိုင်ရာကို လှူဒါန်းလိုတဲ့ ငွေကြေးရှိရင်လည်း တရားဝင်လက်ခံပြီး နိုင်ငံတော်ကို အပ်သင့်ပါတယ်။ ဒါမှ မဟုတ်ရင်လည်း အောက်ခြေဝန်ထမ်း တွေကို ဝေသင့်တယ်ဆိုရင်လည်း ချက်ချင်း ဝေငှပံ့ပိုးပေးနိုင်လိမ့်မယ်လို့ ယူဆမိပါတယ်။ ဌာနအလိုက်အားနည်းချက်တွေ တစ်ကြိမ်၊ နှစ်ကြိမ် မက ပေါ်ပေါက်လာရင်လည်း ဌာနရဲ့တာဝန်အရှိဆုံးပုဂ္ဂိုလ်ကိုပါ သံယောဇဥ်မထားဘဲ ထိရောက်တဲ့ ပြစ်ဒဏ်နဲ့ အမြန်ဆုံးအရေး ယူသင့်တယ်လို့ မြင်မိပါတယ်။ နိဂုံးချုပ်တင်ပြလို တာကတော့ အစိုးရဌာနတွေနဲ့ နိုင်ငံ့ ဝန်ထမ်းတွေဟာ နိုင်ငံနှင့် မိဘပြည်သူအပေါ် သစ္စာရှိမှု၊ ဆက်ဆံရေး ကောင်းမှု၊ လာဘ်လာဘကင်းရှင်းမှု၊ တာဝန်ကျေပွန်မှု တို့အတွက် စင်ကာပူနိုင်ငံလို နိုင်ငံတချို့ရဲ့ ကောင်းတဲ့စနစ်တွေကို အတုယူပြီးတော့ အရည်အသွေးမြှင့်တင်ပေးဖို့ တင်ပြလိုပါတယ်။ နောက်ပိုင်း

မှာလည်း ကျွန်တော်တို့ကိုယ်စားလှယ်တွေထဲက ကမ္ဘာပေါ်တွင်နေထိုင်ရန် အသင့်တော်ဆုံးသော နိုင်ငံတော်ဆုရဘူးတဲ့ ကနေဒါနိုင်ငံတို့လို နိုင်ငံတွေ၊ ဝန်ထမ်းစနစ်ကောင်းတဲ့ တောင်ကိုရီးယား တို့လို၊ ဂျပန်တို့လို နိုင်ငံကြီးတွေဆီက အတုယူဖွယ်ကောင်းတဲ့ အုပ်ချုပ်မှုစနစ်တွေကို အမည်စာရင်း ပေးပြီး ဆွေးနွေးကြဖို့ အစီအစဥ်ရှိပါတယ်။ အဲဒီနိုင်ငံတွေက ကောင်းတဲ့စနစ် တွေကို အတုယူ ပြီးလုပ်ကြမယ်ဆိုရင် ကနေ့အစိုးရအဖွဲ့အပေါ် ပြည်သူလူထုက ဒီထက်ပိုပြီး အားကိုး ယုံကြည် လာမယ်ဆိုတာ ပြောလိုပါတယ်။ ဒါမှလည်း Good Governance နဲ့ Clean Government အတွက် အထောက်အကူဖြစ်မယ်လို့ နိုင်ငံတော် အစိုးရအဖွဲ့ကို အကြံပြုတိုက်တွန်းပါကြောင်း အဆိုတင်သွင်းရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၅၀။**

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်း ရဲ့ အစိုးရဌာနများနှင့် နိုင်ငံ့ဝန်ထမ်းများကို ပြည်သူက ပိုမိုယုံကြည်အားကိုးမှုရှိလာစေရန် ပြည်ပနိုင်ငံအချို့၏ကောင်းသောစနစ်များကို အတုယူ ဆောင်ရွက်ပြီး သန့်ရှင်းသောအစိုးရနှင့်ကောင်းမွန်သောစနစ်အတွက် အထောက်အကူဖြစ်စေရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဒီအဆိုဟာဆိုလို့ရှိရင် ကျွန်တော်တို့ နိုင်ငံတော်သမ္မတကြီးက မိန့်ကြားသွားတဲ့ Good Governance, Clean Government ဆိုတဲ့ မိန့်ကြားချက်များကို များစွာအထောက်အကူဖြစ်မှာ ဖြစ်ပါတယ်။ သန့်ရှင်းသောအစိုးရ ကောင်းမွန်သောအုပ်ချုပ်မှု ဒီလို အထောက်အကူဖြစ်မယ့် အဆိုဖြစ်တဲ့ အတွက်ကြောင့် လက်ခံ ဆွေးနွေးရန်အတွက် ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုး သား လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်တင် မှ ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၅း၅၂။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဦးမြင့်ထွန်း တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ

အစိုးရဌာနများနှင့် နိုင်ငံ့ဝန်ထမ်းများကို ပြည်သူက ပိုမိုယုံကြည်အားကိုးမှု ရှိလာစေရန် ပြည်နိုင်ငံ အချို့၏ကောင်းသောစနစ်များကိုအတုယူဆောင်ရွက်ပြီး သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော စနစ်အတွက် အထောက်အကူဖြစ်စေရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကို ယ်စားလှယ်များ ရှိပါ သလား ခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးမြင့်ထွန်း ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၅၃။**

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်ထွန်း တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ

အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကအမျိုးသားလွှတ်တော်(၁၂) ရက်မြောက်နေ့အစည်းအဝေး ရုပ်သိမ်းကြောင်းနှင့် (၁၃) ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၅း၅၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား ။ ယခု အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ရုပ်သိမ်းပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို မတ်လ ၁၂ ရက်နေ့ (တနင်္လာနေ့)မှာ ကျင်းပမှာဖြစ်ကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစည်းအဝေးကို ၁၅း၅၅ နာရီအချိန်တွင် ရုပ်သိမ်းပါသည်။]